
ပဲခူးစာစဉ်(၃)

# အရှင်ဇဝန(ပဲခူး)

# နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်အကျဉ်း



မောင်ချစ်ညို(ပဲခူး)
စီစဉ်ပူဇော်သည်

ကိုယ်နှုတ်စိတ်မှု ပြောင့်စွာပြုကာ

ယခုလည်းကောင်း၊ နောင်လည်းကောင်းပါစေ။

ကောင်းထွန်း တာပေ

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၂၁၇/၂၀၀၁ (၃)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၇၄၅/၂၀၀၃ (၁၂)

**မျက်နှာဖုံးပန်းချီ**

နေဝင်းအောင်

**အကြိမ်**

၂၀၀၄ ၊ ဖေဖါ်ဝါရီလ (ပထမအကြိမ်)

**အုပ်ရေ**

၁၀၀၀

**တန်ဖိုး**

၂၅၀

**စာအုပ်ချုပ်**

ကြူကြူမွှေး

**အတွင်းဖလင်**

အောင်နေလင်း (မြောက်ဥက္ကလာ)

**ထုတ်ဝေသူ**

ဦးချစ်ညွန့် ၊ ဇင်ရတနာစော စာပေ၊

၂၀၅၊ က/၄-လမ်း၊ မြို့သစ် (က+ခ)ရပ်ကွက်၊ အင်းစိန်။

**ပုံနှိပ်သူ**

ဦးကျော်စိန် (ကျောက်စိမ်း ပုံနှိပ်တိုက်) ၊

၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**ဖြန့်ချိရေး**

ကောင်းထွဋ်စာပေ၊ အမှတ်(၆၄၀)၊

အောင်သစ္စာ (၂)လမ်း၊ ၄-တောင်ရပ်ကွက်၊ သာကေတ။

(တစ်ဆင့်) ဖုန်း - ၅၅၉၀၄၈



အရှင်ဇဝန(ပဲခူး)

မန္တလေး မလွန်ဆန်လှူ ဓမ္မကထိက

ပဲခူး ဈေးကြီးဆန်လှူ ဓမ္မကထိက

ကိုစိုးကြည်+မအေးအေးချို   သား-မောင်ကျော်ဆန်းလင်း ၊ သမီး-မအေးနှမ္မာချို မြတ်ဒါန

# အရှင်ဇေဝန (ပဲခူး)

# ဋ္ဌိကျိုဗိရှိဗိဆူ

# ပုဒ္ဓဝင်အကျဉ်း


ပဲခူးတာဝဉ်(၃)

ဖြန့်ချိရေး
ကောင်းထွန်း စာပေ
အမှတ်-၆၄၀၊ အောင်သစ္စာ ၂-လမ်း။ ၄-တောင်ရပ်ကွက်၊
သာကေတ။ C/o ☎ ၅၅၉၀၉၈

* ရှင် တော်ဗုဒ္ဓ ၊ ဟောကြားဒေသနာ၊
ဇ ဝေဝေဝါမဖြစ်၊ သိစေခြင်းငှာ။
ဝ သန့်ကာလ၊ ဝါသုံးလမှာ၊
န ဘေမထပ်၊ ရှင်းရှင်းဟောပြတာ။
* သာ ရေးနာရေး ပွဲတိုင်းမှာပါ။
သ တိပဋ္ဌာန်တရား ဟောကြားရှိသာ။
နာ ယူမှတ်သား၊ ပွားများစေတာ၊
မြို့ လျက် သာသနာ၊ စိတ်ဓါတ်ဖြူစင်စွာ။
* ဖေ့ ရတနာ၊ တရားပလ္လင်မှာ၊
က လောင်သွေးလျက်၊ ရေးချက်ကယ်သာ။
ကိ မိဟောကြား ရေးသားတာဖြာ၊
က ရောမိ၊ မြူဘိဘောဆန့်ကွာ။

ခင်သန်းဝင်း(ဗျာရေး) ပဲနှာလ်တုန်းမြို့
ရေးသားပူဇော်သည်၊

၁၈—၉—၉၉



# နိဒါန်းအမှာ မိတ်ဆက်စာ

❊ ❊ ❊ ❊ ❊ ❊ ❊ ❊ ❊

၁၉၉၉ ခုနှစ် ဩဂုတ်လ၏ ရက်တစ်ရက်ဖြစ်၏။ သဲကော ဆရာတော် အရှင်ဇဝန(ပဲခူး) သို့မဟုတ် မောင်ချစ်ညို(ပဲခူး) အိမ်သို့ ကြွလာ၏။ တပေစကားအနည်းငယ် ဆွေးနွေးကြ၏။ ဆရာတော်က မိမိရေးသားနေသည့် "နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်အကျဉ်း"တွင် နိဒါန်းရေးပေးရန် တာဝန်ပေး၏။

"မှန်ပါဘုရား"ဟု တာဝန်ခံယူလိုက်ရ၏။

မည်သည်က စရေးရမည်၊ မည်သို့ရေးရမည်ဟု မသိခဲ့။

၁၉၉၆ ခုနှစ်၊ နှစ်ဦးပိုင်းဖြစ်၏ ပဲခူးတိုင်းမြို့ မဟာဗောဓိရိပ်သာတိုက်တွင် ကျောက်တံခါးမြို့နယ်၊ ရင်းတိုက်ကုန်း ဂိုဏ်းလုံးဆိုင်ရာ ဝိနယာဓိကရဏအဆုံးအဖြတ်ပေးပွဲကျင်းပ၏။ စာမေးပွဲ တာဝန်ယူကျင်းပသော လူပုဂ္ဂိုလ်တို့တွင် ကျွန်တော်ပါဝင်၏။ သံဃာတော်ပိုင်းတွင် ဆရာတော် အရှင်ဇဝန(ပဲခူး)လည်း ပါဝင်၏။ မိတ်ဆွေတစ်ဦး၏ ဆက်သွယ်ပေးမှုကြောင့် ဆရာတော်အား စာရေးဆရာအရှင်ဇဝန(ပဲခူး)ဟု သိရ၏။


ဆရာတော်က မိမိရေးသားထုတ်ဝေခဲ့သော မရှိထိုက်တဲ့ တပည့်မိုက်၊ ဟောရေးပြောရေး တရားတော်၊ ဒါနလေ့ကား နှတ်ပြည်သွား တရားတော် စာအုပ်များ ခိုးမြှင့်၏။ ဆရာတော် ရေးသားသည့် ဆောင်းပါး ကဗျာများ ဘာသာရေးစာစောင်များတွင် ဖတ်ရှု၏။ ဆရာတော်၏ အရေးအသားသည် ပညာရေးဌာနအသုံးနှင့်ဆိုလျှင် "လိုရင်း တိုရှင်း"ဖြစ်၏။ ဖတ်ရသည်မှာ ရှင်း၏။ ပြတ်သား၏။ တိကျ၏။ မှတ်မိလွယ်၏။ ဆရာတော်၏ **"အနတ္တကို တွေ့ရခြင်း"** ကဗျာကို ကျွန်တော်အကြိုက်ဆုံး ဖြစ်၏။

ဆရာတော်သည် တရားဟော ဓမ္မကထိက တစ်ပါးလည်းဖြစ်၏။ တရားဟောရာတွင် တိုတိုတုတ်တုတ်နှင့် ထိထိမိမိ ဟောသဖြင့် နာကြားရသည်မှာ မှတ်မိလွယ်၏။

ဆရာတော်ပင် ကျွန်တော်အား စာရေးရန် အားပေးတိုက်တွန်းသဖြင့် မတောက်တခေါက် ရေးမိ၏။ ဘာသာရေးမဂ္ဂဇင်းတွင် တစ်ပုဒ် တစ်လေ ပါခဲ့ဘူး၏။

ယခုဆရာတော် တာဝန်ပေး၍ ဆရာတော်ရေးသည့် "နှစ်ကိုးပ်ရှစ်ဆူ ဗုဒ္ဓဝင်အကျဉ်း" စာအုပ်တွင် အမှာစာရေးရ၏။ တရားဟောကောင်း၍ စာရေးကောင်းသော ဆရာတော်ဖြစ်သဖြင့် ယခု ဆရာတော် ပြုစုရေးသား သည့် "နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်အကျဉ်း"သည် လိုရင်း တိုရှင်းဖြင့် ဖတ်ရှု၍ ကောင်းမည်သေချာ၏။ လေ့လာမှတ်သား ဖတ်ရှုရန် တိုက်တွန်းအပ်ပါသည်။

မြတ်သောင်း၊(ပဲနွယ်ကုန်း၊)
၂၉-၉-၉၉



# နှစ်ကိုယ်ရှစ်ဆူ ဗုဒ္ဓဝင်အကျဉ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ကျမ်းဦးပဏာမဂါထာ

ဒယာလယံ သဗ္ဗဒိ ဒုက္ကရံ ကရံ၊
ဘဝဏ္ဏဝါ တိက္ကမ မဂ္ဂတံ ဂတံ။
တိလောကနာထံ သုသမာဟိတံ ဟိတံ၊
သမန္တစက္ခုံ ပဏမာမိတံ မိတံ။

ဒယာလယံ – ရင်သွေးတော်အလား သတ္တဝါအများ၌ သနားကြင်နာကြီးမြတ်သော မဟာကရုဏာ၏ တည်ရာဖြစ်တော်မူ ပေထသော၊ သဗ္ဗဒိ–ဖြစ်ရပုံပုံ အလုံးစုံသောဘဝ၌၊ ဒုက္ကရံ–လူသူတကာ ပြုနိုင်ခဲမွယ် သုံးဆယ်ပါရမီ သုံးလီစရိယ စွန့်ခြင်းကြီး ငါးဝကို၊ ကရံ–ဘုရားဖြစ်ရန် စိတ်ရည်သန်၍ ပြုကျင့်တော်မူ ပေထသော၊ ဘဝဏ္ဏဝါတိက္ကမံ–ကာမ ရူပ အရူပဟု ဘဝသုံးသွယ်

သမုဒ်ပင်လယ်ကို ဖြာဖြာမဂ္ဂင် ဖောင်တော်ယာဉ်ဖြင့် အလျင်ကူးခတ် လွန်မြောက်တော်မူပေတတ်ထသော၊ အဂ္ဂတံ–လူနတ်တို့ထက် အထွတ်ဥက္ကဋ္ဌ မွန်မြတ်သောဘုရားအဖြစ်သို့၊ ဂတံ–ရောက်တော်မူပေထသော၊ တိလောကနာထံ–သုံးပါးလောက ရှိသမျှ၏ မှီခိုကိုးစား အားထားရာဖြစ်တော်မူပေထသော၊ သုသမာဟိတံ–တောင်မြင့်မိုရ်အလား ကောင်းစွာ တည်ကြည်သော သမာဓိတရား ရှိတော်မူပေထသော၊ ဟိတံ–ဗြဟ္မာ နတ်လူ အများသူတို့၏ စီးပွားချမ်းသာ အဖြာဖြာကို ဒေသနာသုံးပါး မြတ်တရားဖြင့် မခြားနေ့ည ဆောင်တော်မူပေထသော၊ သမန္တစက္ခုံ–အကုန်အစင် ထက်ဝန်းကျင်ကို သိမြင်နှံ့ဘိ သဗ္ဗညုတဉာဏ်မျက်စိ မျက်လုံး ရှိတော်မူပေထသော၊ တံသုဂတံ–တဏှင်္ကရာမြတ်စွာဘုရားအစ ဂေါတမမြတ်စွာဘုရားအဆုံး သိမ်းကျုံးတွက်ယူ နှစ်ကျိပ်ရှစ်ဆူသော ထိုရှင်တော်မြတ်ဘုရားကို၊ အဟံ–ဘုရားတပည့်တော်သည်၊ ပဏာမာမိ–ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

(နမက္ကာရပါဠ် နိဿယသစ်မှ ကူးယူတင်ပြသည်။)

## ပဏာမနှင့် ပဋိညာဉ်

နာနာဂန္ထံ နိဿာယေဝ၊ဝန္ဒိတွာ ရတနတ္တယံ။
သင်္ခေပေန လိခိဿာမိ၊ သက္ကစ္စံ ဗုဒ္ဓဝံသိကံ။

အဟံ - ဘုရားတပည့်တော်သည်၊

ရတနတ္တယံ–ဘုရားတရား မြတ်ဖျားသံဃာ ရတနာတို့၏ သုံးပါးတို့၏ အပေါင်းကို၊

ဝန္ဒာမိ - ရှိခိုးဦးတင်ပါ၏၊

ဝန္ဒိတွာ - ရှိသေမြတ်နိုး မာန်ညွှန့်ချိုးလျက် ရှိခိုးဦးတင်ပြီး၍၊

နာနာဂန္ထံ - ဗုဒ္ဓဝင်ဆိုင်ရာ အထူးထူးသော စာပေကျမ်းဂန် အဖြာဖြာကို၊

နိဿာယေဝ- အားကိုးသမှု အမှီပြု၍သာလျှင်၊

ဗုဒ္ဓဝံသိကံ - နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့၏ ဖြစ်ရာအစဉ် ဗုဒ္ဓဝင်ကို၊

သက္ကစ္စံ - ရိုသေစွာ၊

သင်္ခေပေန - အကျဉ်းအားဖြင့်၊

လိခိဿာမိ – ဉာဏ်စွမ်းရှိသမျှ ရေးပြပေးအံ့သတည်း။

ဝါ – ဉာဏ်ရည်စွမ်းအား လုံ့လထားလျက် ရေးသားပေးအံ့သတည်း။

## ကမ္ဘာနှင့်ဘုရား

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းဟူသော စကားကို ဗုဒ္ဓဘာသာဝင်တိုင်း ကြားဖူးကြပေသည်။ အကျွန်ုပ်သည် သုညာ သုညကမ္ဘာလို့ ဘဂဝါမပွင့် ခေတ်ဆိုးအခါခါ ကြုံခဲ့ရပေသည်။ ဤနေရာ၌ လေးသင်္ချေ ကမ္ဘာတစ်သိန်း, သုညကမ္ဘာတို့၏ ဇာစ်မြစ်ကို သိထားရန် လိုအပ်ပေသည်။ ကမ္ဘာပေါင်း မည်ရွေ့မည်မျှရှိသည်ဟု ဂဏန်းချ ရေတွက်၍မရသော အချိန်ကာလကို အသင်္ချေဟု ခေါ်ပါသည်။ ဘုရားမပွင့်သောကမ္ဘာကို သုညကမ္ဘာဟု ခေါ်ပါသည်။

ဂေါတမဘုရားအလောင်းတော်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်းဝယ် ဒီပင်္ကရာ အစရှိသော ဘုရားနှစ်ဆယ့်လေးဆူတို့၏ ထံတော်မှောက်၌ ခိုင်မြဲသော နိယတဗျာဒိတ်ပန်းကို ဆင်မြန်းခဲ့ရပေသည်။

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်း၌ ကမ္ဘာပေါင်း ၁၂ ကမ္ဘာတို့၌ ဘုရားပေါင်း နှစ်ကျိပ်ရှစ်ဆူ ပွင့်တော်မူခဲ့ပေသည်။ ကျွန်ုပ်တို့၏ ကျေးဇူးတော်ရှင် ဂေါတမဘုရားရှင်သည် တစ်ခုသော

သာရမဏ္ဍကမ္ဘာ၌ ပွင့်တော်မူသော တဏှင်္ကရာဘုရား၊ မေဓင်္ကရာဘုရား၊ သရဏင်္ကရာဘုရားသုံးဆူတို့၏ ထံတော်မှောက်၌ ခိုင်မြဲသော နိယတဗျာဒိတ်ပန်းကို မဆင်မြန်း၊ မပန်ဆင်နိုင်ခဲ့ပေ။ ဗျာဒိတ်ရကြောင်း ဘုရားအလောင်း အင်္ဂါရှစ်ပါးနှင့် မပြည့်စုံသေး၍ ဖြစ်ပေသည်။

(သေချာခိုင်မြဲသော နိယတဗျာဒိတ်ပန်းကို မဆင်မြန်းနိုင်သော်လည်း မသေချာ မခိုင်မြဲသော အနိယတဗျာဒိတ်ဆုကိုမူ ရရှိခဲ့ပေသည်။)

နိယတဗျာဒိတ်ဆု ရရှိရန်ပင် အလွန်ခဲယဉ်းလှပေရာ ဘုရားအဖြစ်မှာမူကား ဆိုဖွယ်ရာမရှိ။ အတိဒုလ္လဘ အလွန်ခဲယဉ်းလှပေ၏။

ပါဠိတော်များ၌ နိယတဗျာဒိတ်ဆုမရသော ဘုရားရှင်သုံးဆူတို့၏ အမည်တော်မျှပင် မပါရှိခဲ့ ပေ။ ထို့ကြောင့် သုမင်္ဂလဝိလာသိနီ၊ မဟာဗုဒ္ဓဝင် ကျမ်းကြီးများ၌ အဆိုပါ ဘုရားသုံးဆူ၏ အဖြစ်တော်စဉ်မပါရှိပါ။ အဖွင့်အဋ္ဌကထာ၌ အကြောင်းအရာ အတ္ထုပ္ပတ္တိ အပြည့်အစုံ မပါရှိသော်လည်း အမည်တော်မျှမူ ပါရှိခဲ့ပေသည်။ ထိုသို့ဖြစ်ပါမူ နှစ်ကျိပ်ရှစ်ဆူဘုရားရှင်တို့၏ အဖြစ်တော်စဉ် အစုံ အလင်ကို အဘယ်သို့ သိနိုင်မည်နည်း။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ ဟူသော ဘုရားရှိခိုးဂါထာကို ရရှိသူ များလှပေသည်။ ထိုဂါထာများကို ရေးရေးသော သီဟိုဠ်ကျမ်းပြု ဆရာတော်ကြီးများ

ရေးခဲ့သည်ဟု ဆိုပေသည်။ နှစ်ကျိပ်ရှစ်ဆူ ပြည့်ဝစုံလင်အောင် ရှာဖွေတင်ဆက်ရပေမည်။

သင်္ဂါယနာခြောက်တန်တင် ပါဠိတော်များ၌ မတွေ့နိုင်သော်လည်း သောတတ္ထကီကျမ်း၌မူ အပြည့်အစုံ ဖွင့်ဆိုထားပေသည်။ ထိုကျမ်း၌ ဖွင့်ပြသည့်အတိုင်း အစဆုံးသုံးဆူ၏ အဖြစ်တော်စဉ်ကို တင်ပြမည်ဖြစ်ကြောင်း စာနိဒါန်း၌ သိခန်းဖွင့်ခဲ့ပါရစေ။

**လေးသင်္ချေရေတွက်ပုံ**

လေးသင်္ချေဟူသည် အဘယ်နည်း။ ရေတွက်ပြရသော်...

၁။ ဒီပင်္ကရာမြတ်စွာဘုရားနှင့် ကောဏ္ဍညမြတ်စွာဘုရားတို့၏ အကြား၌ ဘုရားမပွင့်သောကမ္ဘာများ မရေမတွက်နိုင်အောင် များလှပေသည်။ ထိုဘုရားနှစ်ဆူတို့၏ အကြား ရှည်လျားသော အချိန်ကာလကို **သေလအသင်္ချေ**ဟု ခေါ်ပေသည်။

၂။ ကောဏ္ဍညဘုရားနှင့် မင်္ဂလဘုရားတို့အကြား၌ ဘုရားမပွင့်သော သုညကမ္ဘာများ မရေမတွက်နိုင်အောင် များလှပေသည်။ ထိုဘုရားနှစ်ဆူတို့၏ အကြား ရှည်လျားသော အချိန်ကာလကို **ဘာသအသင်္ချေ**ဟု သတ်မှတ်ပေသည်။

၃။ သောဘိတဘုရားနှင့် အနောမဒဿီဘုရား နှစ်ဆူတို့အကြား ဘုရားမပွင့်သော သုညကမ္ဘာများ မရေမတွက်နိုင်လောက်အောင် များလှပေသည်။ ထိုဘုရားနှစ်ဆူတို့၏ အကြား

ရှည်လျားသော အချိန်ကာလကို **ဇယအသင်္ချေ**ဟု သတ်မှတ်ပါသည်။

၄။ နာရဒဘုရားရှင်နှင့် ပဒုမုတ္တရာဘုရားရှင် နှစ်ဆူ တို့၏အကြား ဘုရားမပွင့်ထွန်းသော သုည ကမ္ဘာများ မရေမတွက်နိုင်အောင် များလှပေရာ ထိုဘုရားနှစ်ဆူတို့၏အကြား ရှည်လျားသော အချိန်ကာလကို **ရစိယအသင်္ချေ**ဟု ခေါ်ပေသည်။

ဤသည်ကား အများခေါ်ဝေါ်နေကြသော လေးသင်္ချေ၏ ကာလအပိုင်းအခြားပေတည်း။

ကပ္ပ–ကမ္ဘာ

အလွန်ရှည်လျားသော အချိန်ကာလကို ကမ္ဘာဟုခေါ်ပါသည်။ ကပ်နှင့်ကမ္ဘာမှာ အတူတူပင်ဖြစ်ပါသည်။ ကပ်အမျိုးမျိုးကို ဤ၌ မရေးလိုပါ။ လယ်တီဆရာတော်ဘုရားကြီးက ကပ် ကမ္ဘာ အနန္တ ပရမ္မရဘုံတွေဟု ဆေးထပ်စီကုံးပါသည်။ တစ်ကမ္ဘာ၏ အချိန်ကာလကို မှန်းမျှော်တွေးတတ်ရုံ အကြမ်းဖျဉ်း ရေတွက်ပြရသော် အလျားအနံ တစ်ယူဇနာစီရှိသော လေးထောင့်အုတ်ကန်ကြီးတစ်လုံး၌ မုန်ညင်းစေ့များ ရာမွှေ၍ အပြည့်ထည့်ထားရမည်။ လူတို့ အနှစ်တစ်ရာပြည့်တိုင်း ပြည့်တိုင်း ယင်းအုတ်ကန်ကြီးမှ မုန်ညင်းစေ့တစ်စေ့ကျ ထုတ်ပစ်ရမည်။ အုတ်ကန်ကြီးအတွင်း၌ မုန်ညင်းစေ့များ ကုန်သွားသော်လည်း တစ်ကမ္ဘာသက်တမ်းကား

မကုန်သေးပေ။ တစ်ကမ္ဘာ၏ လေးပုံတစ်ပုံ ၄/၁ မျှသာဖြစ်သည် ဟု အဘိဓမ္မတ္ထ ဝိဘာဝနီ ဋီကာကျော် (သုံမ္မဝတီမူ ၁၄၆)၌ ဖွင့်ပြထားပေသည်။ အကျွန်ုပ်၏ ဂေါတမဘုရားရှင်သည် သင်္ချေ လေးရပ်အပြင် ယင်းသို့သော ကမ္ဘာပေါင်း တစ်သိန်းကျော် ပါရမီတော်များ ဖြည့်ကျင့်ဆည်းပူးခဲ့ရပေသည်။

**မေး။ ။ ကမ္ဘာတစ်သိန်းမှာ ဘယ်လောက်ကျော်သလဲ။**

**ဖြေ။** ။ ခြောက်ကမ္ဘာကျော်ပါသည်။

**ခြောက်ကမ္ဘာကျော်ပါလျက် ကမ္ဘာတစ်သိန်းဟုသာ ခေါ်ဆိုရ ပုံကို ရှင်းလင်းပြပေအုံ။**

**သင်္ချာသုံးမျိုး**

သင်္ချာသည် အပိုအမိုကိုဆိုသော အဓိကသင်္ချာ၊ လျှော့၍ ရေတွက်ရသော ဥနသင်္ချာ ဆိုသည့်အတိုင်း အတိအကျယူရသော သမာနသင်္ချာဟု သုံးမျိုးရှိပါသည်။ ဇာတ်တော်ပေါင်း ငါးရာလေး ဆယ့်ခုနစ်ဇာတ်(၅၄၇)မျှသာ ရှိသော်လည်း အဓိကသင်္ချာနည်း အားဖြင့် ငါးရာငါးဆယ်(၅၅၀)ဟုပင် ဆိုပါသည်။ ကမ္ဘာတစ်သိန်း ဝယ် ခြောက်ကမ္ဘာ ပိုလွန်သော်လည်း အခေါ်အဝေါ် လွယ်ကူစေ ခြင်းငှာ ဥနသင်္ချာ သဒ္ဒါနည်းအရ လျှော့၍ ရေတွက်ရခြင်း ဖြစ်ပါသည်။

## ကမ္ဘာနှစ်မျိုး

ကမ္ဘာတစ်သိန်းကျော်ကို ရေတွက်၍မပြမီ ကမ္ဘာ အမျိုးအစား ခွဲခြားပုံကို ပြပေအံ့။ ကမ္ဘာသည် အကျဉ်းအားဖြင့်...

၁။ ဘုရားမပွင့်သော သုညကမ္ဘာ၊

၂။ ဘုရားပွင့်တော်မူသော အသုညကမ္ဘာ

ဟု နှစ်မျိုးနှစ်စား ရှိပါသည်။

## အသုညကမ္ဘာ ငါးမျိုး

၁။ ဘုရားတစ်ဆူသာပွင့်သော သာရကမ္ဘာ၊

၂။ ဘုရားနှစ်ဆူပွင့်သော မဏ္ဍကမ္ဘာ၊

၃။ ဘုရားသုံးဆူပွင့်သော ဝရကမ္ဘာ၊

၄။ ဘုရားလေးဆူပွင့်သော သာရမဏ္ဍကမ္ဘာ၊

၅။ ဘုရားငါးဆူပွင့်သော ဃဓဘဒ္ဒကမ္ဘာ-

ဟူ၍ ကမ္ဘာပေါင်း ငါးမျိုးရှိပါသည်။

## ကမ္ဘာခြောက်မျိုး သံပေါက်ကဗျာ

တစ်ဆူ-သာရ၊ နှစ်-မဏ္ဍ၊ ဝရ-သုံးဆူသာ။
သာရမဏ္ဍ၊ လေးဆူမျှ၊ ဘဒ္ဒ-ငါးဆူသာ။
တစ်ဆူသော်မျှ၊ မပွင့်က၊ သုညကပ်ကမ္ဘာ။

နိယတဗျာဒိတ် ခံယူရရှိသော ကမ္ဘာပေါင်း ၁၂ ကမ္ဘာနှင့်

နှစ်ကျိပ်ရှစ်ဆူသော ဘုရားကိုယ် တော်မြတ်များကို ယှဉ်တွဲဖော်ပြပါမည်။

## (က) သာရကမ္ဘာ ၄ ကြိမ်၌

၁။ ပဒုမုတ္တရဘုရား၊

၂။ သိဒ္ဓတ္ထဘုရား၊

၃။ ဝိပဿီဘုရား၊

၄။ ကောဏ္ဍညဘုရားအားဖြင့် ဘုရားလေးဆူ ပွင့်တော်မူပါသည်။

၅။ ဘုရားငါးဆူပွင့်သော ယခုဘဒ္ဒကမ္ဘာ-

ဟူ၍ ကမ္ဘာပေါင်း ငါးမျိုးရှိပါသည်။

## (ခ) မဏ္ဍကမ္ဘာ ၃ ကြိမ်တွေ့ကြုံ၍ ဘုရားခြောက်ဆူ ပွင့်တော်မူခဲ့ပါသည်။

ဘုရားခြောက်ဆူတို့ကား-

၁။ သုမေဓဘုရား၊

၂။ သုဇာတဘုရား၊

၃။ တိဿဘုရား၊

၄။ ဖုဿဘုရား၊

၅။ သိခီဘုရား၊

၆။ ဝေဿဘူဘုရားရှင်တို့ ဖြစ်ပါသည်။

(ဂ) ဝရကမ္ဘာ ၂ ကြိမ်၌ ဘုရားခြောက်ဆူ ပွင့်တော်မူရာ

၁။ ပိယဒဿီဘုရား၊

၂။ အတ္ထဒဿီဘုရား၊

၃။ ဓမ္မဒဿီဘုရား၊

၄။ အနောမဒဿီဘုရား၊

၅။ ပဒုမဘုရားနှင့်

၆။ နာရဒဘုရားရှင်တို့ ဖြစ်ပါသည်။

(ဃ) သာရမဏ္ဍကမ္ဘာ ၂ ကြိမ်၌-

၁။ တဏှင်္ကရာဘုရား၊

၂။ မေဓင်္ကရာဘုရား၊

၃။ သရဏင်္ကရာဘုရား၊

၄။ ဒီပင်္ကရာဘုရား၊

၅။ မင်္ဂလဘုရား၊

၆။ သုမနဘုရား၊

၇။ ရေဝတဘုရား၊

၈။ သောဘိတဘုရားရှင်အားဖြင့် ရှစ်ဆူ ပွင့်တော်မူပါသည်။

(င) ဘဒ္ဒကမ္ဘာတွင် ၁ ကြိမ်၌ ဘုရားငါးဆူ ပွင့်မည်ဖြစ်ရာ ယခုအခါ၌ လေးဆူပွင့်ခဲ့ပေပြီ။ အရိမေတ္တယျ ဘုရား တစ်ဆူသာ ပွင့်ရန် ကျန်ပေတော့သည်။ ယင်းဘုရား ငါးဆူကား-

၁။ ကကုသန်ဘုရား၊

၂။ ကောဏာဂုံဘုရား၊

၃။ ကဿပဘုရား၊

၄။ ဂေါတမဘုရား

၅။ အရိမေတ္တေယျဘုရားရှင်တို့ ဖြစ်ပါသည်။

**ကမ္ဘာတစ်သိန်းရေတွက်ပုံ**

ကမ္ဘာတစ်သိန်းဆိုသည်မှာ-

၁။ ပဒုမုတ္တရဘုရားရှင် ပွင့်တော်မူပြီးနောက် ကမ္ဘာပေါင်း ၇၀၀၀၀

၂။ သုဇာတဘုရားနှင့် ပိယဒဿီဘုရားအကြား ကမ္ဘာပေါင်း ၂၈၂၀၀

၃။ ဓမ္မဒဿီဘုရားနှင့် သိဒ္ဓတ္ထဘုရားအကြား သုညကမ္ဘာပေါင်း ၁၇၀၅

၄။ သိဒ္ဓတ္ထဘုရားနှင့် တိဿဘုရားအကြား ကမ္ဘာ ၁

၅။ ဝိပဿီဘုရားနှင့် သိခီဘုရားအကြား
ကမ္ဘာပေါင်း ၃၉
၆။ ဝေဿဘူဘုရားနှင့် ကကုသန်ဘုရားအကြား
ကမ္ဘာပေါင်း ၂၉
၇။ ဘုရားရှင်များ ပွင့်တော်မူသော
အသုည ကမ္ဘာပေါင်း ၁၂
စုစုပေါင်း ကမ္ဘာတစ်သိန်းနှင့်
၆ ကမ္ဘာဖြစ်ပါသည်။ ၁၀၀၀၀၆

ကမ္ဘာတစ်သိန်း ရေတွက်ပုံသည် တစ်ကျမ်းနှင့် တစ်ကျမ်း အဆိုမတူ ကွဲပြားသောအချက်များလည်း ရှိပေသည်။ ဘာဏက ဆောင်ကွဲပြားလျှင် ကျန်းပြုပုဂ္ဂိုလ်တစ်ပါးတည်းဖြစ်လျက် အဆို မတူ ကွဲပြားတတ်သည်ဟု ကျမ်းစာများက ဖွင့်ပြချက်ရှိပေသည်။ အဆိုမတူ ကွဲပြားချက်များ ပိဋကတ်ကျမ်းများ၌ အများအပြား ရှိပေသည်။

## ကမ္ဘာတစ်သိန်း ရေတွက်ပုံ တစ်နည်း

၁။ သုတ်မဟာဝါ အဋ္ဌကထာနှင့်
ဋီကာအရ ပဒုမုတ္တရ မြတ်စွာဘုရား
နှင့် သုမေဓမြတ်စွာဘုရားအကြား
သုညကမ္ဘာပေါင်း ၆၉၉၉၉

၂။ အဋ္ဌသာလိနီ-၌၊ ဇာတ်-၌၊ စရိယာ
ပိဋက-၌၊ အပဒါန်၌၊ အရ သုဇာတ
ဘုရားနှင့် ပိယဒဿီဘုရားအကြား
ကမ္ဘာပေါင်း ၂၉၈၈၂

၃။ သုတ်မဟာဝါ-၌ အရ ဓမ္မဒဿီ
ဘုရားနှင့် သိဒ္ဓတ္ထဘုရားအကြား
ဘုရားမပွင့်သော သုညကမ္ဘာပေါင်း ၂၄

၄။ သိဒ္ဓတ္ထဘုရားနှင့် တိဿဘုရား
အကြားသုညကမ္ဘာ ၁

၅။ ဝိပဿီဘုရားနှင့် သိခီဘုရားအကြား
သုညကမ္ဘာပေါင်း ၅၉

၆။ ဝေဿဘူဘုရားနှင့် ကကုသန်ဘုရား
အကြား သုညကမ္ဘာပေါင်း ၂၉

၇။ ဘုရားရှင်များ ပွင့်တော်မူသော
အသုည ကမ္ဘာပေါင်း ၁၂
စုစုပေါင်း ကမ္ဘာတစ်သိန်းနှင့်
၆ ကမ္ဘာဖြစ်ပါသည်။ ၁၀၀၀၀၆

## ဂန္ထန္တရကွဲပြားချက်

၁။ အပဒါန်-၌၊ စရိယာပိဋက-၌ အလို

ပဒုမုတ္တရဘုရားနှင့် သုမေဓဘုရားအကြား
သုညကမ္ဘာပေါင်း ၃၀၀၀၀

၂။ ဗုဒ္ဓဝံသ၊ ဓိနာလင်္ကာရဋီကာအလို
သုဇာတဘုရားနှင့် ပိယဒဿီဘုရားအကြား
ကမ္ဘာပေါင်း ၂၈၁၉၉

၃။ ဗုဒ္ဓဝံသ၊ ဓိနာလင်္ကာရဋီကာအလို
ဓမ္မဒဿီဘုရားနှင့် သိဒ္ဓတ္ထဘုရားအကြား
သုညကမ္ဘာပေါင်း ၁၇၀၆

ဤသို့ တစ်မျိုးတစ်ဖုံ အဆိုကွဲပြားချက်ရှိသည်ကိုလည်း ရှာဖွေ၍ တင်ပြလိုက်ရပါသည်။ ဗဟုသုတ ကုံလုံပြည့်စုံကြွယ်ဝကြပါစေသတည်း။

**မှတ်ချက်။** ။ သာသနာ့ရောင်ခြည် အတွဲ ၂၊ အမှတ် ၁ မှ ဓမ္မာစရိယ ဦးတင့်အောင်၏ "သဗ္ဗညုမြတ်စွာဘုရားနှင့် ပါရမီဖြည့်ရသည့်ကမ္ဘာများ" ဆောင်းပါးကို မှီငြမ်းပြု၍ တင်ပြအပ်ပါသည်။

စာရေးသူ ရှာဖွေတွေ့ရှိချက်များကိုလည်း ဆက်လက် ဖော်ပြလိုပေသေးသည်။ ကမ္ဘာတစ်သိန်းဟူသည် ပဒုမုတ္တရဘုရားပွင့်သောကမ္ဘာနှင့် ဤကမ္ဘာကိုချန်၍ ကြား၌ ကမ္ဘာတစ်သိန်းဟုဆိုလိုပါသည်။

တစ်သိန်းခြောက်ကမ္ဘာ အရေအတွက်ရသော ဇယားကွက်

၇ နံပါတ်ပါ ဘုရားရှင်များပွင့်သော အသုညကမ္ဘာ ၁၂ ခုတွင် သေယျ, ဘာသ, ဓေယျ, ရုစိအသင်္ချေ ၄ ခုက ၄ ကမ္ဘာ ပါနေသည့်အပြင် ပဒုမုတ္တရပွင့်သောကမ္ဘာနှင့် ဤဘဒ္ဒကမ္ဘာတို့ ပါဝင်နေ၍ ၆ ခု ပိုနေခြင်းဖြစ်သည်။ ထိုခြောက်ခုကို နုတ်လိုက်ပါက တစ်သိန်းအတိအကျ ဖြစ်တော့သည်။

ဤကား ဒီ၊ ဠ-၂၊ ၄-နှင့် ဒီ၊ ဋ္ဌ-၂၊ ၆ တို့နှင့်အညီ ရေးသားတင်ပြခြင်း ဖြစ်ပါသည်။

## ဤအလို ကမ္ဘာတစ်သိန်းရေတွက်ပုံ

| | | |
|---|---|---|
| ၁။ | ပဒုမုတ္တရနှင့် သုမေဓအကြား (ဇဋ္ဋနသတ္တတိကပ္ပသတသဟဿာနိ) | ၆၉၉၉၉ |
| ၂။ | သုမေဓ, သုဇာတပွင့်သောကမ္ဘာ | ၁ |
| ၃။ | ၎င်းနောက် ကြားသုညကမ္ဘာပေါင်း (ဇကေန္နနာနိဒ္ဓါဒသကပ္ပသဟဿာနိ) | ၁၁၉၉၉ |
| ၄။ | ပိယဒဿီစသော ဘုရား ၄ ဆူ ပွင့်သောကမ္ဘာ | ၁ |
| ၅။ | ၎င်းနောက် ကြားကမ္ဘာပေါင်း (ဆာမိကနဝသတုတ္တာနိသတ္တရသ ကပ္ပသဟဿာနိ) | ၁၇၉၀၆ |
| ၆။ | သိဒ္ဓတ္ထဘုရားပွင့်သော ကမ္ဘာ | ၁ |

| | | |
|---|---|---|
| ၇။ | ကြားသုညကမ္ဘာ | ၁ |
| ၈။ | တိဿ, ဖုဿပွင့် ၁ ကမ္ဘာနှင့် ဝိပဿီပွင့် ၁ ကမ္ဘာ | ၂ |
| ၉။ | ကြားသုညကမ္ဘာပေါင်း | ၆၀ |
| ၁၀။ | သိခီဘုရားပွင့်တော်မူသော ကမ္ဘာ | ၁ |
| ၁၁။ | သိခီဘုရားနှင့် ဤကမ္ဘာအကြား ကမ္ဘာပေါင်း | ၂၉ |
| | ကမ္ဘာပေါင်း | ၁၀၀၀၀၀ |

သိခီ မြတ်စွာဘုရားသည် ဤကမ္ဘာနှင့်တကွ ရေသော် ၃၁ ကမ္ဘာထက်၌ ပွင့်တော်မူပါသည်။

ဝိပဿီ မြတ်စွာဘုရားသည် ဤကမ္ဘာကို ချန်၍ရေသော် ၉၁ ကမ္ဘာထက်၌ ပွင့်တော်မူပါသည်။

တိဿဘုရားရှင်နှင့် ဖုဿ ဘုရားရှင်သည် ဤကမ္ဘာချန်၍ ရေသော် ၉၂ ကမ္ဘာထက်၌ ပွင့် တော်မူပါသည်။

သိဒ္ဓတ္ထမြတ်စွာဘုရားသည် ဤကမ္ဘာ ချန်၍ ရေသော် ၉၄ ကမ္ဘာထက်၌ ပွင့်တော်မူပါသည်။

ပိယဒဿီစသော ဘုရား ၅ ဆူသည် ဤကမ္ဘာ ချန်၍ရေသော် ကမ္ဘာပေါင်း **၁၈၀၀၀** ထက်၌ ပွင့်တော်မူပါသည်။

**သုမေဓ, သုဇာတဘုရားနှစ်ဆူ**သည် ဤကမ္ဘာ ချန်၍ရေသော် ကမ္ဘာပေါင်း **၃၀၀၀၀** အထက်၌ ပွင့်တော်မူပါသည်။

ပဒုမုတ္တရ မြတ်စွာဘုရားသည် ဤကမ္ဘာ ချန်၍ရေသော် ကမ္ဘာပေါင်း ၁၀၀၀၀၀ (တစ်သိန်း) အထက်၌ ပွင့်တော်မူပါသည်။

ဤကဲ့သို့ ဣတောဟူသော အပါဒါန်ပုဒ်ကို မရိယာဒအဝဓိ၊ အဘိဝိဓိအဝဓိ သင့်သလိုယူရမည်။ အချို့ကျမ်းတို့၌ ပါဠိပျက်နေပုံရသည်။

**စရိယာပိဋက အဋ္ဌကထာ(နှာ–၁၄၊၁၅)နှင့်အညီ ကမ္ဘာတစ်သိန်း ရေတွက်ပုံ**

| | |
|---|---|
| ၁။ ပဒုမုတ္တရနှင့် သုမေဓအကြား ကမ္ဘာပေါင်း | ၃၀၀၀၀ |
| ၂။ သုဇာတနှင့် ပိယဒဿီအကြား ကမ္ဘာပေါင်း | ၆၉၈၈၂ |
| ၃။ ဓမ္မဒဿီနှင့် သိဒ္ဓတ္ထအကြား ကမ္ဘာပေါင်း | ၂၀ |
| ၄။ သိဒ္ဓတ္ထနှင့် တိဿအကြား ကမ္ဘာ | ၁ |
| ၅။ ဝိပဿီနှင့် သိခီအကြား ကမ္ဘာပေါင်း | ၆၀ |
| ၆။ ဝေဿဘူနှင့် ကကုသန္ဓအကြား ကမ္ဘာပေါင်း | ၃၀ |
| ၇။ ဘဒ္ဒကမ္ဘာ | ၁ |
| ၈။ သုမေဓ ပွင့်သောကမ္ဘာ | ၁ |

| | | |
|---|---|---|
| ၉။ | ပိယဒဿီ ပွင့်သောကမ္ဘာ | ၁ |
| ၁၀။ | သိဒ္ဓတ္ထ ပွင့်သောကမ္ဘာ | ၁ |
| ၁၁။ | တိဿ ပွင့်သောကမ္ဘာ | ၁ |
| ၁၂။ | ဝိပဿီ ပွင့်သောကမ္ဘာ | ၁ |
| ၁၃။ | သိခီ ပွင့်သောကမ္ဘာ | ၁ |
| | ကမ္ဘာပေါင်း(တစ်သိန်း) | ၁၀၀၀၀၀ |

**သမ္ဗုဒ္ဓေဘုရားရှိခိုး**

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာ မဟံ။
အပ္ပကံ ဝါဠုကံ ဂင်္ဂါ၊ အနန္တံ နိဗ္ဗုတံ ဇိနံ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကအန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

အဋ္ဌဝီသံ–သုံးပါးဘဝ သုံးလောကလျှင် ဉာဏ ရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္ဗုဒ္ဓေစ–တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း။

ဒွါဒသဉ္စ သဟဿကေ–နိဗ္ဗာန်ကိန်းအောင်း စက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန် သော။ သမ္ဗုဒ္ဓေစ–လရောင်ပမာ

ဉာဏ်ရောင်ဝါဖြင့် သစ္စာဝင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်း ကောင်း။

ပဋိသတ သဟဿာနိ - သောင်းတိုက်စကြဝဠာ ဂုဏ်ဝါ ကျော်ဟိန်း ငါးသိန်းကုန်သော။ သမ္ဗုဒ္ဓေ - နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း။

အပ္ပကံ ဝါဠုကံ ဂင်္ဂ - ဂင်္ဂါမြစ်ထဲ ငွေသောင်သဲကို နည်းစေထသော။ အနန္တ - သင်္ချာဂဏန်း ရေတွက် မှန်းလည်း ဆုံးခန်းတိုင် မြောက် မရောက်နိုင်ထသော၊ နိဗ္ဗုတံ - ဘုံဇာတ်သိမ်း၍ ငြိမ်းအေး တော်မူပြီးထသော။ ဇိနဥ္စ - နှောင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွယ်ကူ အောင်တော်မူ သော ဘုရားရှင်အပေါင်းကိုလည်းကောင်း။

အဟံ-အကျွန်ုပ်သည်။ သိရသာ-ဦးခေါင်းရတနာ မြတ်အင်္ဂါ ဖြင့်။ နမာမိ-ရှိခိုးပါ၏။

တေသံ-ထို ငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူ ကုန်သော ဘုရားရှင်တို့၏။ ဓမ္မဥ္စ-တရားတော်မြတ်ကိုလည်း ကောင်း။ သံဃဥ္စ-သံဃာတော်မြတ်ကိုလည်းကောင်း။ သိရသာ- ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ-ရှိခိုးပါ၏။

နမက္ကာရာနုဘာဝေန-ဤသို့ ရှိခိုးပူဇော် အာနုဘော်ကြောင့်။ သဗ္ဗေ-ခပ်သိမ်းကုန်သော။ ဥပဒ္ဒဝေ-ဘေးရန်တို့ကို၊ ဟိတွာ- ပယ်ဖျောက်၍။ အနေက အန္တရာယာပိ-တစ်ပါးမက များစွာကုန်

အမှတ် ...... ...... ......
၂၃
ရက်စွဲ ...... ...... ...... ......



သော အန္တရာယ်တို့သည်လည်း။ အသီသဘော–အကြွင်းအကျန် မရှိသောအားဖြင့်။ ဝိနသ္သန္တု–ကင်းစင်လွင့်ပျောက်ကြပါစေကုန် သတည်း။

**နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုး**

ရှေးဆရာတော်ကြီးများ ရှိခိုးပူဇော်ကြသော နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုး ငါးဂါထာတို့၏ ပါဠ် အနက်ကို တိပိဋကဆရာတော် ဦးဝိစိတ္တသာရ စီရင်တော်မူသည်။

(က) တဏှင်္ကရော မေဓင်္ကရော၊ အထောပိ သရဏင်္ကရော။ ဒီပင်္ကရော စ သမ္ဗုဒ္ဓေါ၊ ကောဏ္ဍညော ဒွိပဒုတ္တမော။

(ခ) မင်္ဂလော စ သုမနော စ၊ ရေဝတော သောဘိတော မုနိ။

(ဂ) သုမေဓော စ သုဇာတော စ၊ ပိယဒဿီ မဟာ ယသော။

(ဃ) အတ္ထဒဿီ ဓမ္မဒဿီ စ သမ္ဗုဒ္ဓေါ၊ ဝိပဿီ သိခီ ဝေဿဘူ။

(င) ... အယော သံ သမ္ဗုဒ္ဓေါ၊ ဝိတရာဂါ သမာ ဟိတာ။ အနန္တဂုဏသမ္ပန္နေ၊ ဝန္ဒေ–ဒွိပဒုတ္တမေ။

က။ (၁)တဏှင်္ကရော–ဝေနေယျများစွာ သတ္တဝါတို့၏ တဏှာ ရစ်မှေး ညစ်အကြေးကို လျှော်ဆေးသုတ်သင် ပယ်ဟန့်နှင်၍ တဏှင်္ကရာ မည်တော်မူသော မြတ်စွာဘုရားသည်လည်း ကောင်း၊ (၂) မေဓင်္ကရာ–ဝေနေယျအများ သောင်းတိုက် သားတို့၏ လေးပါးသစ္စာ ဉာဏ်ဝိဇ္ဇာကို လျှံဖြာထိန်လင်း

ပွင့်စေလျှင်း၍ သုံးခင်းဘုံတွင် ကျော်စောထင်သော မေဓင်္ကရာ မည်တော်မူသော မြတ်စွာဘုရားသည်လည်းကောင်း၊ (၃)အထောပိ–ထိုမှတစ်ပါး လည်း၊ သရဏင်္ကရော – ဝေနေယျများ သောင်းတိုက်သားတို့ လေးပါးအပါယ် မကျလွယ်အောင် ကိုးကွယ်ရာမှု စောင့်ရှောက်ပြု၍ အတုမမြင် ကျေးဇူးတင်သား သရဏင်္ကရာ မည်တော်မူသော မြတ်စွာဘုရားသည်လည်းကောင်း၊ (၄) သမ္ဗုဒ္ဓေါ–သစ္စာလေးပါး ဥဇယျငါးကို ပိုင်းခြားကုန်စင် ထိုးထွင်းမြင်ပေသော၊ ဒီပင်္ကရောစ–ဒီပင်္ကရောမည်တော်မူသော မြတ်စွာဘုရားသည်လည်းကောင်း၊ (၅) ဒွိပဒုတ္တမော–အခြေနှစ်ချောင်းရှိသူ နတ်လူ ဗြဟ္မာ သတ္တဝါဟူသမျှတို့ထက် ဆထက်လွန်ကျူး အထူးသဖြင့် မြတ်တော်မူပေထသော၊ ကောဏ္ဍညော–နွယ်တော်ဝံသ ကောဏ္ဍညဟု နာမထင်ရှားရှင်တော်မြတ် ဘုရားသည်လည်းကောင်း။

ခ။ (၆)မင်္ဂလောစ–တစ်သောင်းသချ်ာ စက္ကဝါဠ၌ လျှံဖြာထွန်းကျော် နေဝန်းပေါ်သို့ ကိုယ်တော်ရောင်ပ မင်္ဂလဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်လည်းကောင်း၊ (၇)သုမနောစ–နှုန်းလျော်ရွှေတောင် ကိုယ်တော်ရောင်နှင့် ဉာဏ်ရောင်ထွန်းပ သုမနဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်လည်းကောင်း။ (၈) ရေဝတော–တစ်ယူဇနာ

ရပ်ဒိသာဝယ် မကွာနေ့ညဉ့်ဖူးတိုင်းတင့်သား မိုးနှင့်ရေပြင် မြေတစ်ခွင်၌ ရောင်ရှင်ထွန်းပ ရေဝတဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်လည်းကောင်း၊ (၉)သောဘိတော မုနိ–ရွှေ အင်ကြင်းပင်ကဲ့အသွင်သို့ ဝန်းကျင်ဆယ်ရပ် ရွှေရောင်ဟပ်သား လျောက်ပတ်တင့်တယ် သပ္ပါယ်လျှံပ သောဘိတဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည် လည်းကောင်း၊ (၁၀) အနောမဒဿီ–ရှေ့နောက်ဝဲယာ ဖူးတိုင်းသာလျှင် မင်္ဂလာလျှံပြော ကြည်ဖွယ်ပေါ်သား အနောမဒဿီ ဘွဲ့မည်ထင်ရှား ရှင်တော်မြတ်ဘုရားသည် လည်းကောင်း၊ (၁၁)ပဒုမော–မဟာပဒုံ ကြာဝတ်ငုံသို့ ဘုန်းဂုဏ်ရနံ့ ဘဝဂ်နံ့အောင် သင်းပျံ့လျှံကြူ စံမတူသား သယမ္ဘူဇိန ပဒုမဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည် လည်းကောင်း၊ (၁၂)နာရဒေါ–ယူဇနာတစ် ဝန်းကျင်ခေတ် ဝယ် သစ်သစ်ထွန်းပြောင် နေရောင်ထောင်သို့ ကိုယ်ရောင် ကိန်းပ နာရဒဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည် လည်းကောင်း၊ (၁၃)ပဒုမုတ္တရော–အံ့ဖွယ်ထူးဆန်း ကြာရွှေ ပန်းလျှင် ကွန့်မြန်းစကြာ ကြွတိုင်းပါသား ယူဇနာဆယ့်နှစ် ခရိုင်ခေတ်ဝယ် ဘွန်းသစ်ရောင်ဟုန် လွှမ်းအုပ်ခြုံ၍ ပဒုမုတ္တရဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်လည်း ကောင်း။

ဂ။ (၁၄)သုမေဓောစ–တစ်ယူဇနာ ရပ်မျက်နှာဝယ် ရောင်ဝါလျှံပ သုမေဓဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်လည်းကောင်း၊ (၁၅) သုဇာတောစ–ငါးဆယ်သံတောင်ကိုယ် ရပ်ဆောင်သား ရွှေတောင်နှိုင်းပြ သုဇာတဟု နာမထင်ရှား ရှင်တော်မြတ်ဘုရားသည်လည်းကောင်း၊ (၁၆) မဟာယသော–များမြတ်ခြွေရံ ကျော်စောသံ ရှိတော်မူပေသော၊ ပိယဒဿီ–ပိယဒဿီ ဘွဲ့မည်ထင်ရှား ရှင်တော်မြတ်ဘုရားသည်လည်းကောင်း၊၊ (၁၇)အတ္ထဒဿီ–ဝေနေယျများသောင်းတိုက်သားတို့၏ စီးပွားကိုသာ ရှုမျှော်ကာဖြင့် တစ်ယူဇနာတိုင်လတ် ကိုယ်ရောင်ဟပ်သား အတ္ထဒဿီ ဘွဲ့မည်ထင်ရှား ရှင်တော်မြတ်ဘုရားသည်လည်းကောင်း၊ (၁၈)ဓမ္မဒဿီ–အကျိုးဖြစ်ရန် အကြောင်းမှန်ကို ဖန်ဖန်နိစ္စ ရှုမြင်ထသား ဓမ္မဒဿီ ဘွဲ့မည်ထင်ရှား ရှင်တော်မြတ်ဘုရားသည်လည်းကောင်း၊ (၁၉)လောကနာယကော–လောကသုံးပါး၏ ရှေ့သွားခေါင်းဆောင် ဖြစ်တော်မူပေသော၊ သိဒ္ဓတ္ထော–သောင်းတိုက်ဗိုလ်ခြေ များဝေနေတို့၏ အောင်မြေစိုးရန် အကျိုးမှန်ကို ဖန်ဖန်မလပ် ပြီးစေတတ်သား သိဒ္ဓတ္ထခေါ် မြတ်ဓိနော်သည်လည်းကောင်း။

ဃ။ (၂၀)တိဿော စ သမ္ဗုဒ္ဓေါ–သုံးဘုံရပ်သူ နတ်နှင့်လူကို ခေငှရိပ်သာ ရောက်စိမ့်ငှာဟု မကွာနေ့ည ပို့ဆောင်သသား

တိဿတွင်ခေါ် မြတ်ဗိနော်သည်လည်းကောင်း၊ (၂၁) ဖုဿောာစ သမ္ဗုဒ္ဓေါ–ဝေနေယျကြာ ပဒုမ္မာကို သစ္စာလေး ထွေ လင်းပွင့်စေသဖြင့် နေအာဒိစ္စ နှိုင်းပုံပြသား ဖုဿတွင်ခေါ် မြတ်ဗိနော်သည်လည်းကောင်း၊ (၂၂) ဝိပဿီ–ခုနစ်ယူဇနာ သမန္တာဝယ် ခြောက်ဖြာရောင်ဓာတ် ခြည်လျှံဟပ်သား ဝိပဿီခေါ် မြတ်ဗိနော်သည်လည်း ကောင်း၊ (၂၃)သိခီ–ယူဇနာသုံးရပ် မိုးမြေစပ်အောင် ထိန်လျှပ်ရောင်ခြည် လင်းလင်းစည်သား သိခီတွင်ခေါ် မြတ်ဗိနော်သည်လည်းကောင်း၊ (၂၄)ဝေဿဘူ–ငါးချက် သောမာရ် တွင်းပရန်ကို တွန်းလှန်ထိန့်ဆူ အောင်ပွဲယူ သား ဝေဘူဿခေါ် မြတ်ဗိနော်သည်လည်းကောင်း၊ (၂၅) ကကုသန္ဓော–ဆယ့်နှစ်မှန်စွာ ယူဇနာဝယ် မကွာနိစ္စ ရောင်လျှံပသား ကကုသန်ခေါ် မြတ်ဗိနော်သည်လည်း ကောင်း၊ (၂၆) ကောဏာ ဂမနော–ဘဒ္ဒမည်သာ ဤကမ္ဘာ ဝယ် ဒုတိယာဒိစ္စ ပွင့်ထွန်းပသား ကောဏာဂုံခေါ် မြတ်ဗိနော်သည်လည်းကောင်း၊ (၂၇)ကဿပေါ်တပိ–နွယ် တော်ဝံသ ကဿပဟု နာမထင်ရှား ရှင်တော်မြတ်ဘုရား သည်လည်းကောင်း၊ (၂၈) ဂေါတမော–မဟာသမ္မတ အာဒိစ္စဂိုဏ်းကွန့်ခဲ့လှိုင်း၍ အတိုင်းမသိ ကျေးဇူးရှိသည့် မုနိသကျ ဂေါတမဟု လောကတန်ဆောင် မြတ်ဘုန်း

ခေါင်သည်လည်းကောင်း။

င။ ဝိတရာဂါ-တစ်ထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာ လွတ်ရှင်း ရာဂကင်းတော်မူကြပေကုန်သော၊ သမာ ဟိတော-လောကဓံမလှေ့ မုန်တိုင်းဖေ့လည်း မရွေ့မယိုင် ကျောက်စာတိုင်သို့ ကြံ့ခိုင်သော စိတ်နှလုံး ရှိတော်မူကြပေ ကုန်သော၊ ဓေတသမ္ဗုဒ္ဓါ-သစ္စာလေးဝ ဥဿျေငါးပုံ တရားစုံ ကို အကုန်မကြွင်း လင်းလင်းထင်ထင် သိမြင်တော်မူကြ ပေကုန်သော နှစ်ကျိပ်ရှစ်ဆူ သယမ္ဘူထွတ်ထား ထိုမြတ်စွာ ဘုရားတို့သည်၊ အပဟောသုံ-သချေ်လေးဖြာ သိန်းကမ္ဘာဟု အခါစာရင်း ဤအတွင်းဝယ် ကောင်းတင်းလိုက်ဆူ ပွင့် တော်မူကြလေကုန်ပြီ။

အနန္တဂုဏသမ္ပန္နေ-အရှေ့ဤမှ ဂဏန်းချ၍ မှန်းဆမကုန် အနန္တကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူကြ ပေကုန်သော၊ ဒွိပဒုတ္တမေ- အခြေနှစ်ချောင်းရှိသူ နတ်လူဗြဟ္မာ သတ္တဝါဟူသမျှတို့ထက် ဆထက်လွန်ကျူး အထူးသဖြင့် မြတ်တော်မူကြကုန်သော၊ တေသမ္မာသမ္ဗုဒ္ဓေ-တဏှာကင်းရာ မြတ်စွာဘုရားအစ ဂေါတမ မြတ်စွာဘုရားအဆုံး ပေါင်းရုံးတွက်စိတ် နှစ်ကျိပ်ရှစ်ဆူ သယမ္ဘူ ထွတ်ထား ထိုမြတ်စွာဘုရားတို့ကို၊ ဝန္ဒေဝန္ဒာမိ-မဟာရတ ပလ္လက်ဟု သာသနာ့ရိပ်သာ ဤနေရာသို့ စကြာကွန့်လူ ပင့်ဆောင် ယူလျက် ပူဇော်ဖွယ်မှု အစုစုဖြင့် ရှေးရှုညီညာ ဤအခါဝယ်

ကြည်သာမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန် တော့ပါ၏ မြတ်စွာဘုရား မြတ်စွာဘုရား။

## ၁။ တဏှင်္ကရာဗုဒ္ဓဝင် စကားပြေ

ယခု ဘဒ္ဒကမ္ဘာမှ ပြန်၍ ရေတွက်လျှင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလက သာရမဏ္ဍကမ္ဘာတွင် ဘုရားလေးဆူ ပွင့်တော်မူခဲ့ပေသည်။ အစဆုံး ပွင့်တော်မူသော ဘုရားရှင်ကား တဏှင်္ကရာမြတ်စွာဘုရား ဖြစ်ပေသည်။ ထိုဘုရားသည် တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီဖြည့်ကျင့်ဆည်းပူးတော်မူခဲ့ပေသည်။ ပါရမီပြည့်၍ ဘုရားဖြစ်မည့်ဘဝတွင် ပုပ္ဖဝတီမြို့တော်၌ ခမည်းတော် သုနန္ဒမင်းကြီးနှင့် မယ်တော် သုနန္ဒီသာ မိဖုရားကြီးတို့မှ ဖွားမြင်တော်မူခဲ့ပေသည်။ နှစ်ပေါင်းတစ်သောင်းတိုင်အောင် မင်းစည်းစိမ်ကို ခံစားပြီးလျှင် နိမိတ်ကြီးလေးပါးတို့ကို မြင်တွေ့ရသဖြင့် တောထွက်တော်မူခဲ့သည်။ အလောင်းတော်မြတ်သည် ဒုက္ကရစရိယအကျင့်ကို ခုနစ်ရက်မျှကျင့်သုံးတော်မူပြီးနောက် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူသည်။ ဗောဓိပင်ကား(သတ္တပဏ္ဏိဗောဓိရုက္ခ) စရည်းပင်တည်း။ တဏှင်္ကရာမြတ်စွာဘုရားသည် လူတို့သက်တမ်း အနှစ်တစ်သိန်းတွင် ပွင့်ထွန်းပေါ်ပေါက်တော်မူခဲ့ပါသတည်း။

၁။ တကျော်ကျော်ဗုဒ္ဓဝင် ကဗျာ

တကျော်မေခင်၊ သရကောင်၊ ရှင်ပင်စောမြတ်စွာ။
ပါဠိတော်မှာ၊ မည်သညာ၊ မပါမရှိပါ။
ဘွဲ့အမည်မျှ၊ ဖွင့်ဆိုပြ၊ အဋ္ဌကထာမှာ။
သောတတ္တကိ၊ ကျမ်းကိုမှီ၊ ရေးစီကြကဗျာ။

၁။ တကျော်ကျော်ရာ၊ မြတ်ဗုဒ္ဓ၊ သိကြ မှတ်ကြရာ။
ဆယ့်ခြောက်သချေ၊ ကမ္ဘာတွေ၊ တွက်ရေတစ်သိန်းသာ။
ပါရမီဖြည့်ရ၊ လောင်းဗုဒ္ဓ၊ မြတ်ကြအထူးပါ။
ပုပ္ပဝတီ၊ တိုင်းနေပြည်၊ အမှီရခဲ့ပါ။
သုနန္ဒမင်း၊ တောင်ညာနင်း၊ ခေါ်ရင်းသုနန္ဒာသာ။
မယ်တော်ခမည်းတော်၊ ပြုံးရွှင်ပျော်၊ သိတော်မူဖို့ရာ။
ထီးနန်းစည်းစိမ်၊ တစ်သောင်းကြိမ်၊ မနိမ်လောင်းလျှာ။
လေးဖြာနိမိတ်၊ သံဝေစိတ်၊ တောရိပ်ခိုခဲ့ပါ။
ခုနစ်ရက်မျှ၊ ကျင့်ကြံရ၊ ဒုက္ကရစရိယာ။
ဗောဓိမည်တွင်၊ စရည်းပင်၊ မြတ်ရှင်မှီပြုပါ။
တစ်သိန်းသက်တမ်း၊ ဗုဒ္ဓပန်း၊ ပွင့်လန်း တကျော်ကျော်ရာ။

၂။ မေဓင်္ကရာဗုဒ္ဓဝင် စကားပြေ

မေဓင်္ကရာဘုရားလောင်းသည် ယဃရမြို့၌ သုဒေဝမင်းကြီး
နှင့် ယသောဓရာဒေဝီမိဖုရားကြီးတို့မှ ဖွားမြင်တော်မူခဲ့ပေသည်။

ထိးနန်းစည်းစိမ်ကို အနှစ်ရှစ်ထောင် ခံစား စံစားတော်မူပြီးနောက် တောထွက်တော်မူသည်။ ဒုက္ကရစရိယာအကျင့်မြတ်ကို တစ်ဆယ့်ငါးရက်ကြာမျှ ကျင့်ကြံတော်မူပြီး သဗ္ဗညုတ ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူသည်။ ဘုရားဖြစ်ရာ ဗောဓိပင်ကား (ကိုသုက ဗောဓိ)ပေါက်ပင် ဖြစ်ပါသည်။ မေဓင်္ကရာ မြတ်စွာဘုရားသည် လူတို့သက်တမ်း အနှစ်ကိုးသောင်းတွင် ပွင့်တော်မူပါသတည်း။

## ၂။ မေဓင်္ကရာဗုဒ္ဓဝင် ကဗျာ

၂။ မေဓင်္ကရာ၊ မြတ်ဗုဒ္ဓ၊ ထွန်းပလူတို့ရွာ။
မြို့တော်နဂရ၊ ယဃရ၊ နာမအမည်သာ။
သုဒေဝမင်း၊ တောင်ညာနှင်း၊ ခေါ်ရင်းယသောဓရာ။
အဘအမိ၊ မှတ်ဖွယ်သိ၊ ကျမ်းရှိ အမည်သာ။
နှစ်ရှစ်ထောင်ကြိမ်၊ မင်းစည်းစိမ်၊ စံအိမ်စွန့်ခဲ့ပါ။
ဆယ့်ငါးရက်မျှ၊ ကျင့်ကြံရ၊ ဒုက္ကရစရိယာ။
သဗ္ဗညုရှင်၊ မှီအစဉ်၊ ပေါက်ပင်ဗောဓိသာ။
ကိုးသောင်းသက်တမ်း၊ ဗုဒ္ဓပန်း၊ ပွင့်လန်းမေဓင်္ကရာ။

## ၃။ သရဏင်္ကရာဗုဒ္ဓဝင် စကားပြေ

သရဏင်္ကရာဘုရားလောင်းတော်သည် ဝိပုလမြို့၌ သုမင်္ဂလ ခင်းကြီးနှင့် ယသဝတီ ဒေဝီမိဖုရားကြီးတို့မှာ ဖွားမြင်တော်မူသည်။

မင်းစည်းစိမ်ကို အနှစ်ခုနစ်ထောင် ခံစားပြီးနောက် တောထွက်တော်မူ၏။ ဒုက္ကရစရိယာအကျင့်ကို တစ်လကြာမျှ အားထုတ်တော်မူပြီး ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။ ဗောဓိပင်ကား (ပါဋလိဗောဓိရက္ခ)သခွတ်ပင် ဖြစ်ပါသည်။ သရဏာက်ရာမြတ်စွာဘုရားသည် သက်တမ်း အနှစ်ရှစ်သောင်းတွင် ပွင့်တော်မူပါသည်။ ဤဘုရားသုံးဆူတို့၏ အဖြစ်တော်စဉ်သည် **သောတတ္ထကီကျမ်း**၌ လာရှိသော ဗုဒ္ဓဝင်အကျဉ်း ဖြစ်တော်မူပါသတည်း။

**မှတ်ချက်**။ ။ ဤဘုရားသုံးဆူတို့၏ ဗုဒ္ဓဝင်ကို သာသနာ့ရောင်ခြည် အတွဲ-၁၊ အမှတ်-၁၊ နှာ-၁၀၂ မှ ကိုးကား တင်ပြပါသည်။

## ၃။ သရဏာက်ရာဗုဒ္ဓဝင် ကဗျာ

၃။ သာရမဏ္ဍာ၊ အန္တရ၊ ကပ္ပကြုံသောအခါ။
သရဏာက်ရ၊ မြတ်ဗုဒ္ဓ၊ လောကလူတို့ရွာ။
ဘုံသုံးတိုက်တွင်၊ လင်းရောင်မြင်၊ မြတ်ရှင်ပွင့် ထွန်းပါ။
မိုရာနဂရ၊ ဝိပုလ၊ မြို့မသာသာယာ။
ဘ,မိနှစ်ဝ၊ သုမင်္ဂလ၊ ယသဝတီပါ။
နှစ်ခုနစ်ထောင်ကြိမ်၊ မင်းစည်းစိမ်၊ စံအိမ်စွန့်ပစ်ခွာ။
တစ်လကြာမျှ၊ ကျင့်ကြံရ၊ ဒုက္ကရစရိယာ။
သခွတ်ဗောဓိ၊ အမည်ရှိ၊ မုနိမှီခိုရာ။

ရှစ်သောင်းသက်တမ်း၊ နိဗ္ဗာန်နန်း၊ ပြည့်ဝန်းသရ ကောက်ရာ။
သောတတ္တကီ၊ ကျမ်းဂမ္ဘီ၊ ရေးစီ ဤကဗျာ။
ဘုရားသုံးဆူ၊ ဖြစ်စဉ်ဟူ၊ မှတ်ယူဆောင်ထားပါ။

## ၄။ ဒီပင်္ကရာဗုဒ္ဓဝင် စကားပြေ

ရမ္မာဝတီ နေပြည်တော်ကြီးတွင် သုဒေဝဘုရင်၏ တောင်ညာ သက်ထား သုမေဓာမိဖုရားကြီး၏ ဝမ်းတိုက်၌ သန္ဓေတည်တော်မူသည်။ မိဖုရားပေါင်း တစ်သိန်းတို့တွင် ပဒုမာဒေဝီကို မိဖုရား မြှောက်၍ ဥတုသုံးပါးအားလျော်သော "ဟံသပါသာဒ, မယူရ ပါသာဒ, ကောဉ္စပါသာဒ"ဟုဆိုအပ်သော ပြာသာဒ်သုံးဆောင် တို့၌ အနှစ်တစ်သောင်းကြာမျှ မင်းစည်း စိမ်ကို ခံစားတော်မူသည်။ ပဒုမာဒေဝီမိဖုရားမှ သားတော် ဥသဘက္ခန္ဓကို ဖွားမြင်တော်မူ သည်။ ရှစ်သောင်းလေးထောင်သော ဆင်အပေါင်းနှင့် ဗိုလ်ပါ ပေါင်းများစွာ ခြံရံလျက် ဥယျာဉ်တော်ကို ထွက်ကြွတော်မူသည်။ သိကြားမင်းသည် ဆံတော်ကို ရွှေပန်းတောင်းဖြင့် ခံယူကာ ဘာဝတီသာ နတ်ပြည်၌ ကုဋ္ဌေစေတီကို တည်ထားကိုးကွယ်၏။ အလောင်းတော်မင်းသား၏ ပုဆိုးများကို ဗြဟ္မာကြီး ခံယူကာ ဘစ်ဆယ့်နှစ်ယူဇနာ ရတနာအတိပြီးသော စေတီအတွင်း ဌာပနာ သွင်းလျက် သုဒ္ဓါဝါသဘုံ၌ တည်ထားလေ၏။

အလောင်းတော် ရဟန်းပြုလျှင် ယောကျာ်း ဆယ်သန်းတို့

သည်လည်း ရဟန်းပြုကြကုန်၏။ ဒက္ခိဏရစ်ရိယာအကျင့်မြတ်ကို ဆယ်လတိတိ အားထုတ်ကျင့်သုံးတော်မူရ၏။ မြို့သူမြို့သားများ လှူဒါန်းလိုက်သော နို့ဃနာသည် ရဟန်းတော် ဆယ်သန်းတို့အား ဘုဉ်းပေးလောက်၏။ နေဝင်ခါနီး ညနေချမ်းအခါဝယ် သုနန္ဒမည်သော အာဇီဝက တက္ကတွန်းသည် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို မေတ္တာလက်နက်ဖြင့် အောင်မြင်တော်မူပြီး ပဌမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်၊ မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခု ဉာဏ်၊ ပစ္ဆိမယာမ်၌ အာသဝက္ခယဉာဏ်တော်ကို ရတော်မူကာ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူသည်။ ဗြဟ္မာမင်း၏ တောင်းပန်ချက်အရ သုနန္ဒာရာမ၌ ဓမ္မစကြာတရားကို ဟောကြားတော်မူလျှင် ကုဋေတစ်ရာသော လူနတ်ဗြဟ္မာတို့သည် တရားထူး ရကြကုန်၏။

ဒီပင်္ကရာ မြတ်စွာဘုရား၏ အဂ္ဂသာဝကတို့ကား အရှင်သုမင်္ဂလ၊ အရှင်တိဿတို့ ဖြစ်ကြ၍ အရှင်သာဂရကား အလုပ်အကျွေးရဟန်းတည်း။ နန္ဒာထေရီနှင့် သုနန္ဒာထေရီတို့ကား အဂ္ဂသာဝိကာမတို့ ဖြစ်ကြကုန်၏။ အလုပ်အကျွေး ဥပါသကာကား တပုဿနှင့် ဘလ္လိကတို့ဖြစ်ကြ၍ သိရိမာဒါယိကာမနှင့် သောဏာ ဒါယိကာမတို့ကား အလုပ်အကျွေး ဥပါသိကာမ အစုံဖြစ်ကြကုန်၏။ မြတ်စွာဘုရား၏ အရပ်တော် အမြင့်ကား အတောင်ရှစ်ဆယ်ရှိ၍ အသက်တမ်းကား တစ်သိန်းတမ်းဝယ် ပွင့်တော်မူလေသတည်း။

**မှတ်ချက်။** ။ အဆူဆူသော ဘုရားရှင်တို့သည် သက်တမ်း၏ ၅-ပုံ ၄-ပုံသာ နေမြဲ ဖြစ်၍ ဒီပင်္ကရာဘုရား၏ သက်တော်သည် နှစ်ပေါင်း ရှစ်သောင်းမျှသာတည်း။ အခြားသော ဘုရားရှင်တို့၏ သက်တော်ကိုလည်း ဤနည်းအတိုင်း မှတ်ယူတော်မူပါ။

## ၄။ ဒီပင်္ကရာဗုဒ္ဓဝင် ကဗျာ

၁။ လောကသုံးခွင်၊ လင်းရောင်မြင်၊ ဒီပင်စော မြတ်စွာ။

၂။ ရမ္မာဝတီ၊ တိုင်းနေပြည်၊ အမှီရခဲ့ပါ။

၃။ ဘ,မိနှစ်ဝ၊ သုဒေဝ၊ မှတ်ကြသုမေဓာ။

၄။ ပဒုမာဒေဝီ၊ မဟေသီမှ၊ သားအလှ၊ ဖွားထ ဥသဘက္ခန္ဓာ။

၅။ ဆယ်လကြာမျှ၊ ဒုက္ကရ၊ ကျင့်ထအမှန်သာ။

၆။ သဒ္ဒါကြည်ဖြူ၊ မြို့တော်သူ၊ ပေးလှူနို့ဃနာ။

၇။ မြက်ရှစ်ဆုပ်မျှ၊ သုနန္ဒ၊ ဒါနမင်္ဂလာ။

၈။ ဗြဟ္မာအမှန်၊ လျှောက်တောင်းပန်၍၊ သုနန္ဒာရာမ၊ လျင်မြန်ကြွ၊ ဟောပြဓမ္မစကြာ။

၉။ သုမင်္ဂလ၊ ရှင်တိဿ၊ အဂ္ဂသာဝကာ။

၁၀။ သာဂရထေရ်၊ လုပ်ကျွေးပေ၊ ထူးထွေကုသ

၁၁။ ထေရီနန္ဒာ၊ သုနန္ဒာ၊ အဂ္ဂသဝိကာ။

၁၂။ တပုဿ, ဘလ္လိက၊ လုပ်ကျွေးရ၊

၁၃။ လုပ်ကျွေး မိဂ်းမ၊ သိရိမှာ၊ သောဏာ ဒါယိကာ။
၁၄။ အတောင်ရှစ်ဆယ်၊ အမြင့်ဝ... ဝင့်ထယ်စော မြတ်စွာ။
၁၅။ ဉာဏ်တော်အမြင့်၊ ကျမ်းဂန် မျှော်ချင့် ကြည်ညိုပါ။
၁၆။ တစ်သိန်းသက်တမ်း၊ သစ္စာပန်း၊ ရှင်လန်းကြည်သာ ဝေငှပါ။
၁၇။ ဒီပင်္ကရာ၊ ထွတ်ချာသနင်း၊ ခြေတော်ရင်းဝယ်၊ ဝပ်စင်း ရောက်လာ၊ **သုမေဓာ**၊ ခံလာဗျာ ဒိတ်သာ။

### ၅။ ကောဏ္ဍညဗုဒ္ဓဝင် စကားပြေ

ကောဏ္ဍညဘုရားရှင်သည် ရမ္မာဝတီပြည်ကြီးကို စိုးပိုင်တော်မူသော သုနန္ဒဘုရင်နှင့် သုဇာတာ မိဖုရားကြီးဝ... ဖွားမြင်တော်မူသည်။ အလောင်းတော် ကောဏ္ဍညမင်းသားသည် ရာမသုရာမ သုဘမည်သော ရွှေနန်းသုံးဆောင်တို့၌ ရုစိဒေဝီကို မိဖုရားကြီး အရာထား၍ အပျိုတော်ပေါင်းသုံးသိန်း ခြံရံကာ စံစား၍ နေရာ အနှစ်တစ်သောင်းကြာလျှင် သားတော် ဝိဇိတသေနကို ဖွားမြင်တော်မူသည်။ နိမိတ်လေးပါးတို့ကိုမြင်ရ၍ အာဇာနည်မြင်းရထားဖြင့် တောထွက်တော်မူပြီးလျှင် ဆယ်လကြာမျှ ဒုက္ကရစရိယာ ကျင့်တော်မူရသည်။

ဆယ်ကုဋေမျှသော လူအပေါင်းတို့သည် ဘုရားအလောင်း မင်းသားကို အတုယူ၍ ရဟန်းအဖြစ်ကို ခံယူကြလေကုန်၏။

ကဆုန်လပြည့်နေ့၌ သုနန္ဒရွာ သူ သူဌေးသမီး ယသောဓရာသည် လှူဒါန်းအပ် သောနို့ဃနာကို ဘုဉ်းပေးတော်မူပြီးလျှင် သုနန္ဒက အာဇီဝကသည် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို သာလ ကလျာဏီမည်သော ကြောင်လျှာဗောဓိပင်အောက်၌ ဖြန့်ခင်း၍ ညဉ့်သုံးယံလွန်လျှင် ဘုရားအဖြစ်သို့ ရောက်တော်မူသည်။ ရဟန်းတော်ဆယ် ကုဋေတို့အား အမရဝတီမြို့အနီး နတ်တော်ကြီး၌ မမွစကြာတရား ဟောတော်မူသည်။ ရဟန်းတော် ဆယ်ကုဋေ တို့နှင့်တကွ ကုဋေတစ်သိန်းမျှသော နတ်ဗြဟ္မာတို့သည် တရားထူး ရကြကုန်၏။

ကောဏ္ဍညမြတ်စွာဘုရား၏ အဂ္ဂသာဝက နှစ်ပါးတို့က အရှင်ဘဒ္ဒနှင့် သုဘဒ္ဒတို့တည်း။ အရှင်အနုရုဒ္ဓသည် အလုပ် အကျွေးဖြစ်၍ တိဿာထေရီနှင့် ဥပတိဿာထေရီတို့ကား အဂ္ဂသာ ဝိကာမတို့ ဖြစ်ကြကုန်၏။ အလုပ်အကျွေး ဥပါသကာတို့ကား သောဏနှင့် ဥပသောဏတို့ ဖြစ်ကြ၍ နန္ဒာနှင့် သိရိမာဒါယိကာမ တို့သည် အလုပ်အကျွေး ဥပါသိကာမတို့ပေတည်း။ မြတ်စွာဘုရား ၏ အရပ်တော်မှာ ရှစ်ဆယ့်ရှစ်တောင် အမြင့်ဆောင်၍ သက်တမ်း မှာကား အနှစ်တစ်သိန်းဖြစ်ပေသတည်း။

## ၅။ ကောဏ္ဍညဗုဒ္ဓဝင် ကဗျာ

၁။ ကောဏ္ဍညဘုရားရှင်၊ ဗုဒ္ဓဝင်၊ အစဉ်မှတ်ဖို့ရာ။

၂။ ရမ္မာဝတီ၊ တိုင်းနေပြည်၊ အမိပြုရပါ။
၃။ ဘ,မိနှစ်ဝ၊ သုနန္ဒ၊ မှတ်ကြသုဇာတာ။
၄။ ရုစိဒေဝီ၊ မဟာသိနှင့်၊ မျှစိစံညောင်း၊ နှစ်တစ် သောင်းဝယ်၊
သားကောင်းမွေးထ၊ မှတ်ပါကြ၊ ဝိဇိတသေနပါ။
၅။ ဒုက္ကရစရိ၊ ဆယ်လရှိ၊ ဝီရိယထက်သန်စွာ။
၆။ ဃနာဘောဇဉ်၊ အလှူရှင်၊ ခေါ်တွင်ယသောဓရာ။
၇။ သုနန္ဒက၊ အာဇီဝ၊ လှူထမြက်ဆုပ်သာ။
၈။ အမရမြို့နီး၊ နတ်တောကြီးဝယ်၊ ထွက်ထီး ဗုဒ္ဓ၊ ဟောညွှန်ပြ၊
မှတ်ကြဓမ္မစကြာ။
၉။ ရဟန်းဆယ်ကုဋေ၊ နတ်ဗြဟ္မ၊ တွက်ရေ တစ်သိန်း၊
ကုဋေကိန်း၊ စံငြိမ်း နိဗ္ဗုတာ။
၁၀။ အရှင်ဘဒ္ဒ၊ သုဘဒ္ဒ၊ အဂ္ဂသာဝကာ။
၁။ အနုရုဒ္ဓ၊ လုပ်ကျွေးရ၊ ထူးမွှာ့ကုသလာ။
၂။ ဥပတိဿာ၊ မိတိဿာ၊ အဂ္ဂသာဝိကာ။
၃။ ဥပသောဏာ၊ မောင်သောဏာ၊ မှတ်ကြလုပ် ကျွေးပါ။
၄။ အလုနန္ဒာ၊ သိရိမာ၊ ကောင်းစွာလုပ်ကျွေးပါ။
၅။ ရှစ်ဆယ့်ရှစ်တောင်၊ အမြင့်ဆောင်၊ ထွန်းပြောင် ဘဂဝါ။
၆။ တစ်သိန်းသက်တော်၊ ပွင့်ထွန်းပေါ်၊ ကော်ရော်ရှိခိုးပါ။
၇။ ဘဂဝါဂုဏ်ရှင်၊ ဦးထိပ်တင်၊ နေ့စဉ်မမေ့ရာ။
၈။ အပါယ်လွတ်ကိန်း၊ ကိလေငြိမ်း၊ ဇာတ်သိမ်း နိဗ္ဗုတာ။

## ၆။ မင်္ဂလဗုဒ္ဓဝင် စကားပြေ

မင်္ဂလမြတ်စွာဘုရားသည် ဥတ္တရမြို့၌ ဥတ္တရ ဘုရင်မင်းမြတ်နှင့် ဥတ္တရာဒေဝီ မိဖုရားကြီးတို့မှ ဖွားမြင်တော်မူသည်။ ပဋိသန္ဓေနေတော်မူစဉ် ကိုယ်တော်ရောင်သည် အတောင်ရှစ်ဆယ်အတွင်း နေ့ညဉ့်မပြတ် ထိန်လင်း၍နေပါသည်။ အလောင်းတော်သည် ဥတ္တရမဝ ဥယျာဉ်၌ ဖွားတော်မူပါသည်။ အလောင်းတော်မင်းသားသည် ယသဝါပြာသာဒ်, သုစိမာပြာသာဒ်, သိရိမာပြာသာဒ်ဟု ဆိုအပ်သော ရွှေနန်းသုံးဆောင်တို့၌ ယသဝတီမိဖုရားကြီးကို အမှူးထား၍ သုံးသောင်းသော မောင်းမမြွေရံတို့ဖြင့် နှစ်ပေါင်း ကိုးထောင်ပတ်လုံး စံစားတော်မူနေစဉ် ယသဝတီမိဖုရားကြီးမှ သီလဝသားတော်ကို ဖွားမြင်တော်မူပါသည်။

ဘုရားအလောင်းတော် မင်းသားသည် သားတော်ကို ဖွားမြင်၍ မကြာမီ ဘုရားအလောင်းတော်တို့ ထုံးစံ ဓမ္မတာအရ ပဉ္စာရမြင်းကို စီး၍ တောထွက်ကာ ရဟန်းပြုတော်မူပါသည်။ ရဟန်း သုံးကုဋေတို့ဖြင့် ခြံရံကာ ဒုက္ကရစရိယာ ရှစ်လမျှ ကျင့်တော်မူပါသည်။ ဥတ္တရရွာသူ ဥတ္တရာသည် လှူဒါန်းသော နတ်သြဇာ ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍ ဥတ္တရတက္ကတွန်းသည် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ကံ့ကော်ပင်ဗောဓိအောက်၌ ငါးဆယ့်ရှစ်တောင် ကျယ်သော မြက်အခင်းကို ဖြန့်ခင်းကာ သီတင်းသုံးတော်မူလျက် ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။

မင်္ဂလာဘုရား၏ ရောင်ခြည်တော်တို့သည် လောကဓာတ်တစ်သောင်းကို အမြဲမပြတ် ပျံ့နှံ့တည်နေ၏။ သိရိဝမုန တောအတွင်း၌ ရဟန်းသုံးကုဋေကို အမှူးထား၍ ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူပါသည်။ ကုဋေတစ်သိန်းမျှသော နတ် ဗြဟ္မာတို့သည် ကျွတ်တမ်းဝင်ကြကုန်၏။

အရှင်သုဒေဝနှင့် အရှင်ဓမ္မသေန နှစ်ပါးတို့ကား အဂ္ဂသာဝက အစုံတို့ ဖြစ်ကြကုန်၍ အရှင်ပါလိက မထေရ်ကား အလုပ်အကျွေး ရဟန်းတည်း။ သိဝလာထေရီနှင့် အသောကာထေရီ ဘိက္ခုနီ နှစ်ပါးတို့သည် အဂ္ဂသာဝိကာမ ဖြစ်ကြကုန်၏။ နန္ဒဒါယကာနှင့် ဝိသာခဒါယကာနှစ်ဦးတို့သည် အလုပ်ကျွေး ဥပါသကာတို့ ဖြစ်ကြ၍ အနုလာဒါယိ ကာမနှင့် သုတနာဒါယိကာမတို့သည် အလုပ်အကျွေး ဥပါသိကာမတို့တည်း။

မင်္ဂလမြတ်စွာဘုရား၏ အရပ်တော်ကား ရှစ်ဆယ့်ရှစ်တောင် အမြင့်ဆောင်၍ သက်တမ်းမှာကား နှစ်ပေါင်း ကိုးသောင်းတည်း။ ဂေါတမဘုရား အလောင်းတော်သည် **သုရုစိပုဏ္ဏား**ဖြစ်၍ မင်္ဂလဘုရားရှင်အထံတော်ဝယ် ဗျာဒိတ်ခံတော်မူသည်။

## ၆။ မင်္ဂလဗုဒ္ဓဝင် ကဗျာ

၁။ မင်္ဂလဗုဒ္ဓ၊ ဥတ္တရ၊ ထုတ်ပြမြို့မဟာ။

၂။ ဘ,မိနှစ်ဝ၊ ဥတ္တရ၊ ဥတ္တရာဒေဝီသာ။

၃။ ယသဝတီ၊ ဒေဝီချစ်ကြင်၊ ပန်းဥယျာဉ်၊ ဖွားမြင်သီလဝါ။
၄။ ဒွက္ကရစရိယ၊ ရှစ်လမျှ၊ ကာလအတန်ကြာ။
၅။ ဥတ္တရာသူမ၊ ထူးလေစွာ၊ လှူရန့်ဃနာ။
၆။ မြက်ရှစ်ဆုပ်မျှ၊ ဥတ္တရ၊ လှူရဒါန်းရသာ။
၇။ ကိုးသောင်းတမ်းတွင်၊ ကံ့ကော်ပင်မှ၊ ကောင်း ကင်ခရီး၊ ကြွမြန်းပြီးလျှင်၊တောကြီးမည်ရှိ၊ သိရိဝမုန၊ ဆင်းသက်ကြွ၊ ဟောပြ ဓမ္မစကြာ။
၈။ ဓမ္မသေန၊ သုဒေဝ၊ အဂ္ဂသာဝကာ။
၉။ အရှင်ပါလိတ၊ ပြုစုရ၊ ရှေးကဆုတောင်းပါ။
၁၀။ သိဝလာမည်ရ၊ အသောကာ၊ အဂ္ဂသာဝိကာ။
၁၁။ လုပ်ကျွေးခွင့်ရ၊ ဝိသာခ၊ နန္ဒဒါယကာ။
၁၂။ လုပ်ကျွေးမိန်းမ၊ အနုလာ၊ ခေါ်ကြ သုတနာ။
၁၃။ အတောင်တွက်စစ်၊ ရှစ်ဆယ့်ရှစ်၊ ထွန်းသစ် ဘဂဝါ။
၁၄။ အမြင့်ဉာဏ်တော်၊ လွန်ထင်ပေါ်၊ ဖူးမြော်ကြည်ညိုပါ။
၁၅။ ကိုးသောင်းသက်တမ်း၊ လူ့ထိပ်ပန်း၊ ပွင့်ဆန်း လူတို့ရွာ။
၁၆။ **သုရစိပုဏ္ဏား**၊ ထံတော်ပါး၊ ခံငြားဗျာဒိတ်သာ။

## ၇။ သုမနဗုဒ္ဓဝင် စကားပြေ

သုမနဘုရားရှင်သည် မေခလမြို့၌ ဖွားမြင်၍ သုဒတ္တဘုရင်နှင့် သိရိမာမိဖုရားတို့ကား ခမည်းတော် မယ်တော်များတည်း။

စန္ဒပြာသာဒ်၊ သုစန္ဒပြာသာဒ်၊ ဝဍ္ဎသပြာသာဒ်ဟု ဆိုအပ်သော ရွှေနန်းသုံးဆောင်တို့၌ ဝဍ္ဎသိကာဒေဝီကို မိဖုရားကြီးအရာထား၍ ခြောက်သန်း သုံးသိန်းသော မောင်းမခြွေရံတို့ဖြင့် စံစားတော်မူစဉ် နှစ်ပေါင်းကိုးထောင် ပြည့်သောအခါ အနုပမမည်သော သားတော်ကို မိဖုရားကြီးမှ ဖွားမြင်တော်မူပါသည်။

မေခလဥယျာဉ်၌ အဘတူ အမိကွဲဖြစ်သော ညီတော်သရဏမင်းသားနှင့် ဘာဝိတတ္တလုလင်ပျိုတို့ကို အမှူးပြု၍ ကုဋေတစ်သိန်းသော ပရိသတ်တို့အား ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူပါသည်။

သုမနမြတ်စွာဘုရား၏ အဂ္ဂသာဝကတို့ကား အရှင်သရဏနှင့် အရှင်ဘာဝိတတ္တတို့ပင်ဖြစ်ကြ၍ အရှင်ဥဒေနမထေရ်ကား အလုပ်အကျွေး ရဟန်းတော်ပေတည်း။ သောဏာထေရီနှင့် ဥပသောဏာထေရီတို့သည် အဂ္ဂသာဝိကာမအစုံတို့ ဖြစ်ကြကုန်၏။ ဝရုဏဒါယကာနှင့် သရဏဒါယကာတို့သည် အလုပ်အကျွေး ဥပါသကာဘွဲ့ရကြ၍ စာလာ ဒါယိကာမနှင့်, ဥပစာလာ ဒါယိကာမ တို့ကား အလုပ်အကျွေး ဥပါသိကာမတို့ပေတည်း။

သုမနမြတ်စွာဘုရား၏ အရပ်တော်ကား အတောင်ကိုးဆယ် မြင့်၍ သက်တမ်းမှာ အနှစ်ကိုးသောင်း ဖြစ်တော်မူပါသည်။

ဂေါတမ ဘုရားအလောင်းတော်သည် **အတုလနဂါးမင်း** ဖြစ်၍ သုမနဘုရားရှင်ထံတော်မှောက်၌ ဗျာဒိတ် ခံယူတော်မူပါ

သည်။

### ၇။ သုမနဗုဒ္ဓဝင် ကဗျာ

၁။ သုမနဗုဒ္ဓ၊ မေခလ၊ ဌာန နဂရာ။

၂။ ဘ,မိမှတ်ကြ၊ သုဒတ္တ၊ ရှင်မ သိရိမာ။

၃။ ဝဋ္ဋံသိကာ၊ တောင်ညာနန်းမ၊ သားပုတ္တ၊ အနုပမသာ။

၄။ ဆင်စီးတောထွက်၊ ခဲခက်ကျင့်ရ၊ တစ်ဆယ်လ၊ မှတ်ကြ တစ်မျိုးသာ။

၅။ ယနာလှူပြု၊ ဝမ်းမြောက်မှု၊ အနုပမာ–လုကညာ။

၆။ အနုပမ အာဇီဝ၊ လှူရ မြက်ဆုပ်သာ။

၇။ ကံ့ကော်ဗောဓိ၊ အမှီရှိ၊ မှတ်သိအဖြာဖြာ။

၈။ မေခလဥယျာဉ်၊ ဘုရားရှင်၊ ကြွဝင်ဆင်းသက်ပါ။

၉။ ဘာဝိတတ္တ၊ သရဏာ၊ ညီလှ ခြံရံကာ။

၁၀။ ကုဋေကိုးသိန်း၊ တွက်ကိန်းများပြား၊ လူသုံးပါး၊ ဟောကြား ဓမ္မစကြာ။

၁၁။ ဘာဝိတတ္တ၊ သရဏ၊ အဂ္ဂသာဝကာ။

၁၂။ အရှင်ဥဒေန၊ လုပ်ကျွေးရ၊ နိစ္စ မြဲမကွာ။

၁၃။ ဥပသောဏာ့၊ ထေရ်သောဏာ့၊ အဂ္ဂသာဝိကာ။

၁၄။ မောင်ဝရုဏာ၊ သရဏာ၊ ဒါနမကွာ လုပ်ကျွေးရာ။

၁၅။ လုပ်ကျွေးခွင့်ရ၊ ဣတ္ထိယ၊ ဥပစာလာ မစာလာ။

၁၆။ ကိုးဆယ့်တောင်ပေါင်း၊ အရပ်ကောင်း၊ ကိုး သောင်းတန်းမှာ ပွင့်ပေါ်လာ။
၁၇။ နေ့နေ့ညည၊ မမေ့ရ၊ ဦးချရှိခိုးပါ။
၁၈။ **အတုလနဂါး၊** ထံတော်ပါး၊ ခံပြောဗျာဒိတ်သာ။

## ၈။ ရေဝတဗုဒ္ဓဝင် စကားပြေ

ရေဝတ ဘုရားအလောင်းတော်သည် သုဓညဝတီပြည်ကို အစိုးရသော ဝိပုလမင်း၏ ဝိပုလာ ဒေဝီမိဖုရားကြီး ဝမ်းကြာ တိုက်၌ ကိန်းပိုက်သန္ဓေ တည်နေပါသည်။ အလောင်းတော် မင်းသားသည် သုဒဿနပြာသာဒ်, ရတနဂ္ဃိပြာသာဒ်, အာဝေဠ ပြာသာဒ်တို့၌ သုဒဿနာမိဖုရားကြီးကို အမှူးထား၍ မောင်းမ ပေါင်း သုံးသောင်းသုံးထောင်တို့ဖြင့် ခြံရံကာ နှစ်ပေါင်းခြောက် ထောင်ကြာအောင် မင်းစည်းစိမ်ကို ခံစားတော်မူ၏။ ထိုအခါ သုဒဿနာမိဖုရားကြီးမှ ဝရုဏသားတော်ကို ဖွားမြင်၍ နိမိတ် ကြီးလေးပါးတို့ကို မြင်တွေ့လတ်သော် အာဇာနည်မြင်းရထားဖြင့် တောထွက်တော်မူပါသည်။

ဝရုဏာရာမ၌ တန်ခိုးပြာဋိဟာပြတော်မူလျက် ဝရုဏာရာမ၌ ရဟန်းတော် တစ်ကုဋေတို့အား ဓမ္မစကြာတရားတော်ကို ဟော ကြားတော်မူပါသည်။

ရေဝတ မြတ်စွာဘုရား၏ အဂ္ဂသာဝကအစုံတို့ကား အရှင်

ဇရဏာနှင့် အရှင်ဗြဟ္မဒေဝတို့ဖြစ်ကြ၍ အလုပ်အကျွေး ရဟန်းတော်ကား အရှင်သမ္ဘဝဖြစ် ပါသည်။ ဘဒ္ဒါထေရီနှင့် သုဘဒ္ဒါထေရီတို့ကား အဂ္ဂသာဝိကာမ တပည့်မိန်းမမြတ် အစုံတို့ပေတည်း။ အလုပ်အကျွေး ဒါယကာတို့ကား ပဒုမသူဌေးနှင့် ကုဥ္ဇရသူဌေးတို့ ဖြစ်ကြကုန်၏။ သိရိမာနှင့် ယသဝတီ အမျိုးကောင်းသမီးတို့ကား အလုပ်အကျွေး ဒါယိကာမတို့ပေတည်း။

ရေဝတမြတ်စွာဘုရား၏ အမြဲထွက်ပေါ်သော ရောင်ခြည်တော်သည် တစ်ယူဇနာအတွင်း၌ ထိန်လင်းတော်မူ၏။ အရပ်တော်မှာ အတောင်ရှစ်ဆယ်မြင့်၍ လူတို့အသက်တမ်း အနှစ်ခြောက်သောင်းဂယ် ပွင့်ထွန်း ပေါ်ပေါက်တော်မူပါသည်။ ဂေါတမဘုရားအလောင်းတော်သည် **အတိဒေဝပုဏ္ဏားဖြစ်၍** ရေဝတ ဘုရားရှင်၏ အထံတော်၌ ဗျာဒိတ်ခံယူတော်မူသည်။

**၈။ ရေဝတဗုဒ္ဓဝင် ကဗျာ**

၁။ ရေဝတဘုရားရှင်၊ ဗုဒ္ဓဝင်၊ ဖြစ်စဉ်အကျဉ်းမှာ၊
၂။ သုဓညဝတီ၊ တိုင်းမြို့ပြည်၊ အမှီရခဲ့ပါ။
၃။ ဘ,မိမှတ်ကြ၊ ဝိပုလ၊ နန်းမတော်ညာ ဝိပုလာ။
၄။ သုဒဿနာကား၊ မိဖုရား၊ သားတော် ဝရုဏာ။
၅။ ခုနစ်လမျှ၊ ဒုက္ကရ၊ ကျင့်ရလေတော့တာ။
၆။ သာဓုဒေဝီ၊ လဝတ်ရည်၊ လှူသည် နို့ဃနာ။

၇။ ဝရဏာိန္ဒရ၊ အာဇိဝ၊ ကြည်ဆွသဒ္ဒါမြတ်လျှပါ။
၈။ ဗောဓိမည်ခေါ်၊ ပင်ကံ့ကော်၊ ကော်ရော်ဦးညွတ်ရာ။
၉။ ဝရဏာရာမ၊ ဆင်းသက်ကြွ၊ ဟောမြဲမမ္မစကြာ။
၁၀။ ဗြဟ္မဒေဝ၊ ဝရဏ၊ အဂ္ဂသာဝကာ။
၁၁။ လုပ်ကျွေးခွင့်ရ၊ သမ္မဝ၊ နိစ္စမြဲမကွာ။
၁၂။ အဂ္ဂနှစ်ဖြာ၊ သုဘဒ္ဒါ၊ ဘဒ္ဒါထေရီသာ။
၁၃။ ပဒုမ-ကုဥ္စရ၊ လုပ်ကျွေးရ၊ မှတ်ကြဒါယကာ။
၁၄။ လုပ်ကျွေးခွင့်ရ၊ သိရိမာ၊ ယာသဝတီသာ။
၁၅။ အတောင်ရှစ်ဆယ်၊ ကြည်ညိုဖွယ်၊ မြင့်ထယ်အရပ်ပါ။
၁၆။ သက်တမ်းခြောက်သောင်း၊ ပွင့်တံ့ရှောင်း၊ လူပေါင်းမှီခိုရာ။
၁၇။ **အတိဒေဝ**၊ ပုဏ္ဏားလှ၊ ခံရဗျာဒိတ်သာ။

## ၉။ **သောဘိတဗုဒ္ဓဝင် စကားပြေ**

သောဘိတဘုရား အလောင်းတော်သည် သုဓမ္မမြို့ သုဓမ္မမင်းမြတ်၏ သုဓမ္မာဒေဝီမိဖုရားကြီးမှ ဖွားမြင်တော်မူသော သားရတနာဖြစ်ပေသည်။ အလောင်းတော် မင်းသားသည် ကုမုဒပြာသာဒ်, နာဠိယပြာသာဒ်, ပဒုမပြာသာဒ်တို့၌ ခုနစ်သောင်းသော မိဖုရားတို့တွင် မခိလာဒေဝီမိဖုရားကို အမှူး ထား၍ မင်းစည်းစိမ်ကို ခံစားစဉ် မခိလာဒေဝီမှ သီဟကုမာရ သားတော်ကို ဖွားမြင်တော်မူသည်။ ဘုရားအလောင်းတော်တို့ ဓမ္မတာနိမိတ်ကြီးလေးဖြာ

မြင်တွေ့ရသော် စံနန်းတော်ပြာသာဒ်၌ ရဟန်းပြုတော်မူ၍ လေးလပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူသည်။

မခိလာဒေဝီလှူဒါန်းသော နို့ဃနာဆွမ်းကို ဘုဉ်း ပေးတော်မူပြီး စံနန်းတော်နှင့်တကွ ကောင်းကင်ယံပျံတက်၍ တောထွက်တော်မူသည်။ စံနန်းတော်ပြာသာဒ်သည် ကံ့ကော်ပင်ဗောဓိကို အလယ် ဗဟိုပြုလျက် မြေသို့သက်ကာ တည်လေ၏။ အလောင်းတော်မြတ်သည် တစ်ညဉ့်အတွင်းမှာပင် ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

သောဘိတမြတ်စွာဘုရားသည် အဘတူအမိကွဲ ညီတော်များဖြစ်ကြသော အသမမင်းသားနှင့် သုနေတ္တမင်းသားတို့အား သုဓမ္မဥယျာဉ်၌ ဓမ္မစကြာတရားဒေသနာကို ဟောကြားတော်မူသည်။

သောဘိတမြတ်စွာဘုရား၏ အဂ္ဂသာဝကတို့ကား အရှင်အသမနှင့် အရှင်သုနေတ္တတို့ဖြစ်ကြ၍ အလုပ်အကျွေးရဟန်းကား အရှင်အနောမတည်း။ နကုလာထေရီနှင့် သုဇာတာထေရီတို့ကား အဂ္ဂသာဝိကာမတို့ဖြစ်ကြကုန်၏။ ရမ္မသူဌေးနှင့် သုဒတ္တသူဌေးတို့ကား အလုပ်အကျွေး ဒါယကာများ ဖြစ်ကြကုန်၏။ နကုလာနှင့် သုဇာတာထေရီတို့ကား အဂ္ဂသာဝိကာမတို့ ဖြစ်ကြကုန်၏။ ရမ္မသူဌေးနှင့် သုဒတ္တသူဌေးတို့ကား အလုပ်အကျွေး ဒါယကာများ ဖြစ်ကြကုန်၏။ နကုလာနှင့် မိတ္တာ အမျိုးသမီးနှစ်ဦးတို့သည်

အလုပ်ကျွေး ဒါယိကာမတို့ ဖြစ်ကြ ကုန်၏။ ဇယသေနမင်းကား အလုပ်အကျွေး ဒါယကာ ဥပါသကာတည်း။ ကိုယ်တော်မြတ်၏ အရပ်တော်ကား ငါးဆယ့်ရှစ်တောင်မြင့်၍ သက်တမ်းကား ကိုးသောင်း ဖြစ်ပါသည်။

ဂေါတမဘုရားအလောင်းတော်သည် **သုဇာတပုဏ္ဏား** ဖြစ်တော်မူ၍ သောဘိတဘုရားရှင်ထံ ဗျာဒိတ်ခံယူတော်မူသည်။

**၉။ သောဘိတဗုဒ္ဓဝင် ကဗျာ**

၁။ သောဘိတဘုရား၊ ဖြစ်စဉ်များ၊ မှတ်သားကြလေပါ။

၂။ မြို့နှင့်မိဘ၊ သုဓမ္မ၊ တူစွာအမည်သာ။

၃။ မခိလာဒေဝီ၊ မဟေသီမှ၊ သားပုတ္တ၊ သီဟကုမာရာ။

၄။ လေးလကြာမျှ၊ ဒုက္ကရ၊ ကျင့်ရလေတော့တာ။

၅။ မခိလာဒေဝီ၊ သဒ္ဒါကြည်၊ လှူသည်နို့ဃနာ။

၆။ ဗောဓိကံ့ကော်၊ မွေးပျံ့ကျော်၊ ထင်ပေါ်လှပေတာ။

၇။ ညီတော်အသမ၊ သုနေတ္တအား၊ အမူးထား၊ ဟောကြားဓမ္မစကြာ။

၈။ အရှင်အသမ၊ သုနေတ္တ၊ အဂ္ဂသာဝကာ။

၉။ အနောမအရှင်၊ စိတ်ဖြူစင်၊ ပျော်ရွှင်လုပ်ကျွေးပါ။

၁၀။ နှစ်ဖော်အဂ္ဂ၊ နကုလ၊ ထုတ်ပြသုဇာတာထေရီသာ။

၁၁။ ရမ္မ–သုဒတ္တ၊ လုပ်ကျွေးရ၊ မှတ်ကြမျိုးလေးဖြာ။

၁၂။ လုပ်ကျွေးဒါယိကာ၊ နကုလာ၊ မိတ္တာမှတ်လေပါ။
၁၃။ ငါးဆယ့်ရှစ်တောင်၊ အမြင့်ဆောင်၊ ထွတ်ခေါင်မြတ်ဗုဒ္ဓါ။
၁၄။ ကိုးသောင်းသက်တမ်း၊ သုံးလူ့ပန်း၊ ပွင့်ဆန်းဘဂဝါ။
၁၅။ ဗြဟ္မာနတ်လူ၊ ဆည်းကပ်မူ၊ နိဗ္ဗူဝေးမကွာ။
၁၆။ **သုဇာတပုဏ္ဏား**၊ ဦးညွတ်တွား၊ ခံကြွားဗျာဒိတ်သာ။

## ၁၀။ အနောမဒဿီဗုဒ္ဓဝင် စကားပြေ

အမောမဒဿီ ဘုရားအလောင်းတော်သည် စန္ဒဝတီပြည် ယသဝါမင်းနှင့် ယသောဓရာမိဖုရား တို့မှ ဖွားမြင်တော်မူသော သားမြတ်ရတနာဖြစ်ပေသည်။ သန္ဓေတော်နေစဉ် ရောင်ခြည်ဝန်းတို့သည် အတောင်ရှစ်ဆယ်မျှ ထက်ဝန်းကျင်ဒိသာ ထွန်းလင်းကုန်၏။ အနောမဒဿီမင်းသားသည် သိရီပြာသာဒ်, ဥပသိရိပြာသာဒ်, သိရိဝဍ္ဎပြာသာဒ်ဟု ဆိုအပ်သော ရွှေနန်းသုံးဆောင်တို့၌ သိရိမာဒေဝီကို မိဖုရားအရာထားလျက် မောင်းမပေါင်းနှစ်သောင်း သုံးထောင်တို့ဖြင့် စံစားနေရာ အနှစ်တစ်သောင်းကြာသော် သိရိမာဒေဝီမှ ဥပဝါဏ သားရွှေစင်ကို ဖွားမြင်တော်မူပါသည်။ နိမိတ်ကြီးလေးဖြာကို မြင်တွေ့တော်မူ၍ ထမ်းစင်ကိုစီးကာ တောထွက် ရဟန်းပြုတော်မူပါသည်။ ဒုက္ကရစရိယာကို ဆယ်လကြာမျှ ကျင့်တော်မူ၍ အနုပမပုဏ္ဏားရွာသူ သူဌေးသမီး အနောပမာ လှူဒါန်းသော ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူပါသည်။

အနောမမည်သော အာဇီဝကသည် လှူဒါန်းသော မြက်ရိစ်ဆုပ်ကို ထောက်ကြံ့ပင်ဗောဓိ၌ သုံးဆယ့်ရှစ်တောင်ကျယ်မျှ ဖြန့်ခင်းတော်မူကာ ကျင့်ကြံတော်မူသဖြင့် ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။

ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြုတော်မူကြသော ရဟန်းသုံးကုဋေတို့အား သုဘဝတီမြို့အနီး သုဒဿနဉယျာဉ်၌ ဓမ္မစကြာဒေသနာတော်ကို ဟောကြားတော်မူပါသည်။ ကုဋေတစ်ရာမျှ သစ္စာလေးအင် သိမြင်လေကုန်၏။

အဂ္ဂသာဝကအစုံတို့ကား အရှင်နိသဘနှင့် အရှင်အနောမတို့ ဖြစ်ကြ၍ အလုပ်အကျွေး ရဟန်းကား အရှင်ဝရုဏတည်း။ သုန္ဒရီထေရီနှင့် သုမနာထေရီ နှစ်ပါးတို့ကား အဂ္ဂသာဝိကာမတို့ ဖြစ်ကြကုန်၍ အလုပ်အကျွေး ဒါယကာတို့ကား နန္ဒိမုနှင့် သိရိဝမုတို့ ဖြစ်ကြပါသည်။ ဉပ္ပလာနှင့် ပဒုမာ အမျိုးကောင်းသမီးတို့သည် အလုပ်အကျွေး ဒါယိကာမတို့ပေတည်း။ အရပ်တော်မှာ ငါးဆယ့်ရှစ်တောင် မြင့်ပြီးလျှင် အနှစ်တစ်သိန်းတမ်းဝယ်ပွင့်တော်မူပါသည်။ ဓမ္မိကမင်းသည် အလုပ်အကျွေး ဒါယကာ ဉပါသကာတည်း။

ဂေါတမဘုရားအလောင်းတော်သည် **ဘီလူး စစ်ဗိုလ်ချုပ်ကြီး** ဖြစ်၍ အနောမဒဿီဘုရားရှင်ထံ ဗျာဒိတ်ခံယူတော်မူပါသည်။

## ၁၀။ အနောမဒဿီဗုဒ္ဓဝင် ကဗျာ

၁။ အနောမဒဿီ၊ တွင်မည်ဗုဒ္ဓ၊ နဂရ၊ စန္ဒဝတီပါ။

၂။ ယသဝါမင်း၊ တောင်ညာနှင်း၊ ခေါ်လျှင်း ယသောဓရာ။

၃။ အမိအဘ၊ သားပုတ္တ၊ ခေါ်ကြသုန္ဒရာ။

၄။ ကြင်ဖက်သက်လျာ၊ သိရိမာမှ၊ ဖွားလာပုတ္တ၊ အမည်ရ၊ ဥပဝါနသာ။

၅။ ထမ်းစင်စီးလျက်၊ တောထွက်ခါပ၊ ကျင့်ဆယ်လ၊ ဒုက္ကရ စရိယာ။

၆။ အနောပမာ့၊ သူဇာလှ၊ လှူရနို့ဃနာ။

၇။ အနောမမည်၊ အာဇီဝက၊ ရှစ်ဆုပ်မျှ၊ လှူရမြက်ကိုသာ။

၈။ ထောက်ကြံ့ခေါ်တွင်၊ ဗောဓိပင်မှ၊ ဥယျာဉ် သုဒဿန၊ ချာန်ဖြင့်ကြွ၊ ဟောပြ ဓမ္မစကြာ။

၉။ အရှင်နိသဘ၊ အနောမ၊ အဂ္ဂသာဝကာ။

၁၀။ အရှင်ဝရုဏ၊ လုပ်ကျွေးရ၊ နိစ္စမြဲမကွာ။

၁၁။ သုမနာထေရီ၊ သုန္ဒရီ၊ တွင်မည်အဂ္ဂသာဝိကာ။

၁၂။ နန္ဒိဝဍ္ဎ၊ သိရိပြ၊ နိစ္စလုပ်ကျွေးဒါယကာ။

၁၃။ လုပ်ကျွေးခွင့်ရ၊ ဥပ္ပလာ့၊ မှတ်ကြပဒုမာ။

၁၄။ မင်းဓမ္မိက၊ လုပ်ကျွေးရ၊ ထူးလှဒါယကာ။

၁၅။ တောင်ငါးဆယ့်ရှစ်၊ အရပ်ဖြစ်၊ အနှစ်သိန်းတမ်းမှာ။

၁၆။ ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၊ ဖူးမြော်ကြည်ညိုပါ။

၁၇။ **ဘီလူးဖြစ်ခြား၊ ရှင့်ထံပါး၊ မှတ်သားဗျာဒိတ်သာ။**

## ၁၁။ ပဒုမဗုဒ္ဓဝင် စကားပြေ

ပဒုမဘုရားလောင်းတော်သည် စမ္ပကမြို့တော်ဝယ် အသမမင်းနှင့် အသမာမိဖုရားကြီးတို့မှ ဖွားမြင်တော်မူသည်။ အလောင်းတော် မဟာပဒုမ မင်းသားသည် နန္ဒုတ္တရပြာသာဒ်, ဝသုတ္တရပြာသာဒ်, ယသုတ္တရပြာသာဒ်ဟူသော ရွှေနန်းသုံးဆောင်တို့၌ ဥတ္တရာဒေဝီမင်းသမီးကို မိဖုရားကြီးအရာထား၍ သုံးသောင်းသုံးထောင်သော မောင်းမ ခြွေရံတို့ဖြင့် အနှစ်တစ်သောင်းကြာမင်းစည်းစိမ်ကို ခံစားစဉ် ဥတ္တရာဒေဝီမိဖုရားကြီးမှ ရမ္မမည်သော သားရတနာ ဖွားမြင်တော်မူပါသည်။ နိမိတ်ကြီး လေးပါး မြင်တွေ့၍ အာဇာနည်မြင်းရထားဖြင့် တောထွက်တော်မူပါသည်။ ဒုက္ကရစရိယာကို ဆယ်ငါးလကြာမျှ ကျင့်တော်မူရသည်။

ဓညဝတီပြည်သူ သူဌေးသမီး သုဓညဝတီသည် လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍ တိတ္တက အာဇီဝကသည် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ကြောင်လျှာဗောဓိပင်ရင်း၌ ဖြန့်ခင်းသော် သုံးဆယ့်ရှစ်တောင် အလျားရှိသော နေရာတော်မြတ် ဖြစ်ပေါ်လာ၏။ ထိုနေရာ၌ မာရ်ငါးပါးကို အောင်မြင်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။

ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြုတော်မူကြသော ရဟန်း

တစ်ကုဋေတို့ကို ခေ ဝတီမြို့အနီး ဓနဥ္စယဥယျာဉ်၌ ဓမ္မစကြာ ဒေသနာကို ဟောကြားတော်မူပါသည်။ နတ်လူ ကုဋေတစ်ရာမျှ သစ္စာလေးအင် သိမြင်ကြကုန်၏။

ပဒုမမြတ်စွာဘုရား၏ အဂ္ဂသာဝကတို့ကား အရှင်သာလနှင့် အရှင်ဥပသာလတို့ဖြစ်ကြ၍ အရှင် ဝရုဏာကား အလုပ်အကျွေး ရဟန်းတော်တည်း။ ရာမာထေရီနှင့် သုရာမာထေရီတို့ကား အဂ္ဂသာဝိကာမတို့တည်း။ သိယျဒါယကာနှင့် အသမ ဒါယကာ တို့သည်ကား အလုပ်အကျွေးတို့ ဖြစ်ကြ၍ ရုစိဒါယိကာမနှင့် နန္ဒရာမာ ဒါယိကာမတို့သည် အလုပ်အကျွေး ဥပါသိကာမတို့ တည်း။

အရပ်တော်သည် ငါးဆယ့်ရှစ်တောင်ဖြစ်၍ အနှစ်တစ်သိန်း တမ်းတွင် ပွင့်တော်မူပါသည်။ ဂေါတမဘုရားအလောင်းတော် သည် ခြသေ့်မင်းဖြစ်၍ ပဒုမဘုရားရှင်ထံ ဗျာဒိတ်ခံယူတော်မူ သည်။

## ၁၁။ ပဒုမဗုဒ္ဓဝင် ကဗျာ

၁။ ပဒုမဗုဒ္ဓ၊ စမ္ပက၊ ဌာနမြို့ရပ်ရွာ။

၂။ ဘ,မိကြည်ဖြူ၊ အမည်တူ၊ ခေါ်ယူအသမာ။

**မှတ်ချက်**။ ။ ယောကျ်ားဖြစ်လျှင် အကာရန္တ၊ မိန်းမဖြစ်လျှင် အာကာရန္တနှင့် လိင်အလိုက် ခေါ်တတ်ပါစေ။

အမည်ပြ သံပေါက်ကဗျာတိုင်း ထိုနည်းတူစွာ မှတ်သားရာ၏။

၃။ ဥတ္တရာချစ်၊ ကြင်ယာစစ်နှင့်၊ အနှစ်တစ်သောင်းမျှ၊ ပေါင်းဖက်က၊ ရမ္မသားရတနာ၊ ဖွားမြင်လာ။

၄။ ဆယ့်ငါးလကြာမျှ၊ ဒုက္ကရ၊ ပြင်းပြအကျင့်သာ။

၅။ ဧညဝတီ၊ ခေါ်နာမည်၊ လှူသည့်နို့ဃနာ။

၆။ မြက်ရှစ်ဆုပ်မျှ၊ လှူဒါန်းရ၊ တိတ္ထကအာဇီဝကာ။

၇။ ဗောဓိမည်တွင်၊ ကြောင်လျှာပင်မှ၊ ကောင်းကင်ခရီး၊ ရျာန်ယာဉ်စီးလျက်၊ မြို့နီးမနဥ္စယ၊ ဥယျာဉ်ကြွ၊ ဟောပြ ဓမ္မစကြာ။

၈။ ဥပသာလ၊ ရှင်သာလ၊ အဂ္ဂသာဝကာ။

၉။ အလုပ်အကျွေး၊ နာမည်မွေး၊ ပြုပေးဝရုဏာ။

၁၀။ ထေရီရာမာ၊ သုရာမာ၊ အဂ္ဂသာဝိကာ။

၁၁။ လုပ်ကျွေးခွင့်ရ၊ အသမ၊ ဘိယျ ဒါယကာ။

၁၂။ နန္ဒရာမာ၊ ရစိပ၊ သူမနှစ်ဖြာ၊ လုပ်ကျွေးပါ။

၁၃။ တောင်ငါးဆယ့်ရှစ်၊ ရပ်တော်ဖြစ်၊ နှစ်တစ်သိန်းမှာ၊ ပွင့်ပေါ်လာ။

၁၄။ **ခြသေ့** ဖြစ်ပြန်၊ ဗျာဒိတ်ခံ၊ မှတ်ရန်တစ်မျိုးသာ။

## ၁၂။ နာရဒဗုဒ္ဓဝင် စကားပြေ

နာရဒဘုရားအလောင်းတော်သည် ဓညဝတီမြို့တွင် သုဒေဝမင်း၊ အနောမာဒေဝီ မိဖုရားကြီးတို့မှ ဖွားမြင်တော်မူပါသည်။ အလောင်းတော် နာရဒမင်းသားသည် ဝိဇိဒ္ဓပြာသာဒ်, ဝိဇိတာဝပြာသာဒ်, ဝိဇိတာဘိရာမပြာသာဒ်ဟူသော ရွှေနန်းသုံးဆောင်တို့၌ မောင်းမပေါင်း တစ်သိန်းနှစ်သောင်းခြံရံ၍ ဝိဇိတသေနာမင်းသမီးကို မိဖုရားကြီးအရာ၌ထားကာ အနှစ်ကိုးထောင်ကြာမင်းစည်းစိမ်ကို ခံစားစဉ် ဝိဇိတသေနာမိဖုရားကြီးမှ နန္ဒုတ္တရသားတော်ကို ဖွားမြင်တော်မူပါသည်။ နိမိတ်ကြီးလေးပါးထင်လာ၍ ခြေကျင်လျှောက်ကာ မင်္ဂလာဥယျာဉ်တော်သို့ ထွက်တော်မူပါသည်။ ထိုမင်္ဂလာဥယျာဉ်တော်၌ ခုနစ်ရက်ကြာမျှ ဒုက္ကစရိယာကိုကျင့်တော်မူရသည်။

ဝိဇိတသေနာဒေဝီမင်းသမီး လှူဒါန်းသော နို့ဃနာဆွမ်းကိုဘုဉ်းပေးတော်မူပြီး သုဒဿန ဥယျာဉ်စောင့် လှူဒါန်းသောမြက်ရှစ်ဆုပ်ကို ကြောင်လျှာပင်ဗောဓိ၌ ငါးဆယ့်ရှစ်တောင်ကျယ်သော မြက်အခင်းကို ခင်းပြီးလျှင် ထက်ဝယ်ဖွဲ့ခွေ သီတင်းသုံးနေတော်မူ၍ မာရ်ငါးပါးကို အောင်တော်မူပြီးလျှင် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။

ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြုတော်မူကြကုန်သော ရဟန်းတစ်သိန်းတို့နှင့်တကွ နတ်ဗြဟ္မာတို့အား ဓမ္မစကြာတရားတော်ကို

ဟောကြားတော်မူ ပါသည်။ ကုဋေတစ်သိန်း၌ ကျွတ်တမ်းဝင်ကြကုန်၏။

နာရဒဘုရားရှင်၏ အဂ္ဂသာဝကအစုံတို့ကား အရှင်ဘဒ္ဒသာလနှင့် အရှင်ဝိဇိတမိတ္တာတို့ဖြစ်ကြ၍ အရှင်ဝါသေဋ္ဌကား အလုပ်အကျွေး ရဟန်းတော်တည်း။ ဥတ္တရာထေရီနှင့် ဖဂ္ဂုနီထေရီ နှစ်ပါးတို့ကား အဂ္ဂသာဝိကာမ ဖြစ်ကြကုန်၍ အလုပ်အကျွေး ဥပါသကာတို့မှာ ဥဂ္ဂရိန္ဒ ဒါယကာနှင့် ဝသဘ ဒါယကာတို့တည်း။ အလုပ်အကျွေး ဥပါသိကာမတို့ကား ဣန္ဒာဝရီဒါယိကာမနှင့် ဝဏ္ဏီဒါယိကာမတို့ ဖြစ်ကြကုန်၏။

ကိုယ်တော်မြတ်၏ အရပ်တော်ကား ရှစ်ဆယ့် ရှစ်တောင်ရှိ၍ ကိုယ်တော်ရောင်မှာ အမြဲတမ်းပျံ့နှံ့၍ တည်၏။ လူတို့သက်တမ်း နှစ်ပေါင်းကိုးသောင်းတွင် ပွင့်ထွန်း ပေါ်ပေါက်တော်မူပါသည်။

ဂေါတမ ဘုရားအလောင်းတော်သည် ဈာန်အဘိညာဉ်ရ ရသေ့ဖြစ်၍ နာရဒဘုရားကိုယ်တော်မြတ်ထံ ဗျာဒိတ်ခံယူတော်မူ သည်။

## ၁၂။ နာရဒဗုဒ္ဓဝင်ကဗျာ

၁။ နာရဒဗုဒ္ဓ၊ မွေးဌာန၊ ဓညဝတီသာ။

၂။ ဘ,မိနှစ်ဝ၊ သုဒေဝ၊ မှတ်ကြအနောမာ။

၃။ ဝိဇိတသေနှာ၊ ကြင်ယာမှ၊ ဖွားရနန္ဒုတ္တရာ။

၄။ ခြေကျင်ထွက်ကာ၊ ဥယျာဉ်သာ၊ သတ္တာဟ ဒုက္ကရာ။
၅။ ဝိဇိတသေနာ့၊ ဒေဝိမှ၊ လှူရနို့ဃနာ။
၆။ တစ်သိန်းရဟန်း၊ ဗြဟ္မာလွှမ်း၊ မိန့်ခွန်း ဓမ္မစကြာ။
၇။ ကုဋေတစ်သိန်း၊ ရေတွက်ချိန်း၊ ကောင်းကိန်း နိဗ္ဗုတာ။
၈။ ကြောင်လျှာဗောဓိ၊ ဇိတမိတ္တ၊ ဘဒ္ဒသာလာ၊ ထေရ်နှစ်ဖြာ၊ မှတ်ပါအဂ္ဂသာဝကာ။
၉။ အရှင်ဝါသေဋ္ဌ၊ လုပ်ကျွေးရ၊ ထူးစွာ ကုသလာ။
၁၀။ ဥတ္တရာထေရီ၊ ဖဂ္ဂုနီ၊ ဘွဲ့ချီအဂ္ဂသာဝိကာ။
၁၁။ ဥဂ္ဂရိန္ဒ၊ ဝသဘ၊ ကြည်ဆွသဒ္ဓါ၊ လုပ်ကျွေးပါ။
၁၂။ ဣန္ဒာဝရီ၊ ဝဏ္ဏိမည်မွေး၊ သဒ္ဓါရေး၊ လုပ်ကျွေး ဒါယိကာ။
၁၃။ ရုပ်တော်တွက်စစ်၊ ရှစ်ဆယ့်ရှစ်၊ တောင်ဖြစ် မှန်မသွေ။
၁၄။ ကိုးသောင်းသက်တမ်း၊ သုံးလူပန်း၊ ပွင့်ဆန်း ကပ်ကမ္ဘာ။
၁၅။ **ချာန်ရရသေ့**၊ တရားမွေ့၊ ခံလေ့ဗျာဒိတ်သာ။
၁၆။ ရှင်တော်ဘုရား၊ ထံတော်ပါး၊ ညွှတ်တွား ဝန္ဒနာ။

## ၁၃။ ပဒုမုတ္တရဗုဒ္ဓဝင် စကားပြေ

ပဒုမုတ္တရဘုရားလောင်းတော်သည် ဟံသာဝတီပြည် အာနန္ဒမင်း– သုဇာတာဒေဝီ မိဖုရားကြီးတို့မှ ဖွားမြင်တော်မူသည်။ ဖွားမြင်တော်မူသောအခါ ပဒုမ္မာပန်းမိုး ရွာချသဖြင့် ပဒုမုတ္တရမင်းသားဟု အမည်မှည့်ကြကုန်၏။ ပဒုမုတ္တရမင်းသားသည်

နရဝါဟနပြာသာဒ်, ယသဝါဟနပြာသာဒ်, ဝသဝတ္တိပြည်သာဒ် ဟု ဆိုအပ်သော ရွှေနန်းသုံးဆောင်တို့၌ ဝသုဒတ္တာဒေဝီ မင်းသမီးကို မိဖုရားမြှောက်၍ မောင်းမပေါင်း တစ်သိန်းနှစ်သောင်းခြံရံကာ အနှစ်တစ်သောင်းကြာအောင် မင်းစည်းစိမ်ကို ခံစားလျက် ဝသုဒတ္တာဒေဝီမှ ဥတ္တရမည်သော သားရတနာကို ဖွားမြင်တော်မူပါသည်။

နိမိတ်လေးရပ် မြင်တွေ့အပ်သောကြောင့် တောထွက်လိုသော အချိန်အခါ၌ ဝသဝတ္တိပြာသာဒ် သည် ကောင်းကင်သို့ ပျံတက်၍ ထင်းရှူးဗောဓိပင်ကို အလယ်ပြုလျက် မြေသို့ သက်ဆင်းလေ၏။ ဒုက္ကရစရိယာအကျင့်ကို ၇ ရက်ပတ်လုံး ကျင့်သုံး တော်မူရသည်။ ဥဇ္ဇေနိဂုံးသူ သူဌေးသမီး ရူပစာနန္ဒာသည် လှူဒါန်းအပ်သော ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူ၍ သုစိတ္တမည်သော အာဇီဝက သည် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ထင်ရှူးဗောဓိပင်ရင်း၌ သုံးဆယ့်ရှစ်တောင်ကျယ်ပြန့်သော မြက်အခင်းကို ခင်းတော်မူလျက် ထက်ဝယ်ဖွဲ့ခွေနေတော်မူ၏။ အလောင်းတော်သည် မာရ်နတ်ရန်ကို အောင်မြင်တော်မူပြီးလျှင် ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။

မြတ်စွာဘုရားသည် မိထိလာပြည်မှ ဒေဝလမင်းသားနှင့် သုဇာတမင်းသား အမှူးပြုသော ပရိသတ်အပေါင်းတို့အား ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူ၍ သတ္တဝါ ကုဋေတစ်သိန်းတို့

သည် ကျွတ်တမ်းဝင်ကြကုန်၏။

ပဒုမုတ္တရဘုရားရှင်၏ အဂ္ဂသာဝကအစုံတို့ကား အရှင်ဒေဝလနှင့် အရှင်သုဇာတတို့ဖြစ်ကြ၍ အလုပ်အကျွေးရဟန်းတော်ကား အရှင်သုမနတည်း။ အမိ တာထေရီနှင့် အသမာထေရီတို့ကား အဂ္ဂသာဝိကာမတို့ဖြစ်ကြ၍ ဝိတိဏ္ဏဒါယကာနှင့် တိဿဒါယကာတို့သည် အလုပ်အကျွေး ဥပါသကာတို့ ဖြစ်ကြကုန်၏။ ဟဋ္ဌာဒါယိကာမနှင့် ဝိစိတ္တာဒါယိကာမတို့သည် အလုပ်အကျွေးဒါယိကာမတို့တည်း။

မြတ်စွာဘုရား၏ အရပ်တော်မှာ ငါးဆယ့်ရှစ်တောင် အမြင့်ဆောင်၍ သက်တမ်းအနှစ်တစ်သိန်းမှာ ပွင့်တော်မူပါသည်။ ရောင်ခြည်တော်သည် ထက်ဝန်းကျင် တစ်ဆယ့်ရှစ်ယူဇနာ ထွန်းလင်း တောက်ပတော်မူသည်။

ဂေါတမဘုရားအလောင်းတော်သည် ဇဋိလ သူဌေးကြီးဖြစ်၍ ပဒုမုတ္တရဘုရားရှင်ထံ ဗျာဒိတ်ခံယူတော်မူသည်။

## ၁၃။ ပဒုမုတ္တရဗုဒ္ဓဝင် ကဗျာ

၁။ ပဒုမုတ္တရ၊ မြတ်ဗုဒ္ဓ၊ လောကလင်းရောင်ဖြာ။

၂။ ဟံသာဝတီ၊ တိုင်းနေပြည်၊ အမှီရခဲ့ပါ။

၃။ ဘ,မိနှစ်ဝ၊ အာနန္ဒ၊ ထုတ်ပြသုဇာတာ။

၄။ ဝသုဒတ္တာ၊ ကြင်ယာဒေဝီ၊ မဟေသီမှ၊ ဥတ္တရ၊ သားလှ

မွေးဖွားလာ။
၅။ ဝသဝတ္တိ၊ တွင်မည်ပြာသာဒ်၊ ကောင်းကင်ရပ်၊ ပျံလတ် အံ့ဖွယ်ရာ။
၆။ ခုနစ်ရက်မျှ၊ ကျင့်ပြင်းလှ၊ ဒုက္ကရစရိယာ။
၇။ ရစာနန္ဒာ၊ မိတာသေဠီ၊ သဒ္ဒါရှိ၊ လှူဘိနို့ဃနာ။
၈။ အာဇီဝက၊ သုစိတ္တ၊ ကြည်ဆွသဒ္ဒါ၊ မြက်လှူပါ။
၉။ ဗောဓိအထူး၊ သစ်ထင်းရှူး၊ ကြည်နူးဝန္ဒနာ။
၁၀။ ပြည်မိထိလာ၊ ဥယျာဉ်သာ၌၊ သုဇာတဒေဝလ၊ မင်းနှစ်ဝ၊ ဟောပြမွေစကြာ။
၁၁။ အရှင်ဒေဝလ၊ သုဇာတ အဂ္ဂသာဝကာ။
၁၂။ လုပ်ကျွေးခဲ့ရ၊ သုမန၊ နာမအမည်သာ။
၁၃။ ထေရီအမိတာ၊ အသမာ၊ အဂ္ဂသာဝိကာ။
၁၄။ မောင်ဝိတိဏ္ဏာ၊ မောင်တိဿ၊ ဌာနလုပ်ကျွေးရာ။
၁၅။ လုပ်ကျွေးမိန်းမ၊ နှစ်ဦးပြ၊ ဟဋ္ဌ ဝိစိတ္တာ။
၁၆။ တောင်ငါးဆယ့်ရှစ်၊ ရပ်တော်ဖြစ်၊ နှစ်တစ်သိန်းမှာ၊ ပွင့်ပေါ်လာ။
၁၇။ ဇင္ဒိလသူဌေး၊ ဗျာဒိတ်ပေး၊ ပွင့်ရေးတို့ဗုဒ္ဓါ။

## ၁၄။ သုမေဓဗုဒ္ဓဝင် ဒကားပြေ

သုမေဓအလောင်းတော်သည် သုဒဿနမြို့၌ သုဒတ္တမင်း၏

မိဖုရားကြီးဖြစ်သော သုဒတ္တာဒေဝီ၏ ဝမ်း၌ သန္ဓေတည်နေတော်မူ၏။ အလောင်းတော်မင်းသားသည် သုစန္ဒနပြာသာဒ်, သိရိဝဍ္ဎနပြာသာဒ်, ကဥ္စနပြာသာဒ်ဟူသော ပြာသာဒ်သုံးဆောင်တို့တွင် သုမနာဒေဝီကို မိဖုရားမြှောက်စား၍ အပျိုတော်ပေါင်း လေးသောင်းရှစ်ထောင်တို့ဖြင့် လောကီချမ်းသာကို ခံစားနေရာမှ နှစ်ပေါင်းကိုးထောင် ကြာသောအခါ သုမနာဒေဝီမှာ ပုနဗ္ဗသုမိတ္တာမည်သော သားရတနာကို ဖွားမြင်တော်မူပါသည်။ နိမိတ်ကြီးလေးပါးကို အစဉ်အတိုင်း တွေ့မြင်ရ၍ ဆင်ယာဉ်ဖြင့် တောထွက်တော်မူပါသည်။

ဒုက္ကရစရိယာကို ရှစ်ရက်မျှ ကျင့်သုံးတော်မူရသည်။ နကုလနိဂုံးသူ နကုလသူဌေးသမီးသည် လှူဒါန်းသော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် သိရိဝဍ္ဎနမည်သော အာဇီဝကသည် ဆက်ကပ်သော မြက်ရှစ်ဆုပ်ကို ယူကာ မအူကြီး ဗောဓိပင်ရင်း၌ အတောင်ရှစ်ဆယ်ရှိသော မြက်အခင်းကို ခင်း၍ သီတင်းသုံးတော်မူ၏။ ထိုည ညဥ့်သုံးယံ လွန်မြောက်လျှင် ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။

သုမေဓဘုရားရှင်သည် ညီတော် သရဏမင်းသားနှင့် သဗ္ဗကာမမင်းသားတို့ကိုလည်းကောင်း၊ ရဟန်းတော်ပေါင်း ကုဋေတစ်ရာတို့ကိုလည်းကောင်း သုဒဿနဥယျာဉ်၌ ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူပါသည်။

သုမေဓမြတ်စွာဘုရား၏ အဂ္ဂသာဝကနှစ်ပါးတို့ကား အရှင်သရဏနှင့် အရှင်သဗ္ဗကာမတို့ ဖြစ်ကြ၍ အလုပ်အကျွေးရဟန်းတော်ကား အရှင်သာဂရ ဖြစ်ပါသည်။ ရာမာထေရီနှင့် သုရာမာထေရီ နှစ်ပါးတို့ကား အဂ္ဂသာဝိကာမတို့ပေတည်း။ ဥရုဝေလဒါယကာနှင့် ယသဝ ဒါယကာတို့ကား အလုပ်အကျွေးဒါယကာတို့ ဖြစ်ကြ၍ ယသောဓရာနှင့် သိရိမာဒါယိကာမတို့သည် အလုပ်အကျွေး ဥပါသိကာမတို့ ဖြစ်ကြကုန်၏။

သုမေဓဘုရားရှင်၏ အရပ်တော်ကား ရှစ်ဆယ့် ရှစ်တောင်မြင့်၍ ရောင်ခြည်တော်ကား အမြဲတမ်း တစ်ယူဇနာ လင်းတော်မူ၏။ အနှစ်ကိုးသောင်းသက်တမ်းတွင် ပွင့်တော်မူပါသတည်း။

ဂေါတမဘုရား အလောင်းတော်သည် **ဥတ္တရလုလင်ဖြစ်၍** သုမေဓဘုရားရှင်ထံ ဗျာဒိတ်ခံယူတော်မူပါသည်။

**၁၄။ သုမေဓဗုဒ္ဓဝင်ကဗျာ**

၁။ သုမေဓဗုဒ္ဓဝင်၊ ဖြစ်တော်စဉ်၊ ကြည်ရွှင်မှတ်သားပါ။
၂။ သုဒဿန၊ နဂရ၊ ဌာန သာသာယာ။
၃။ ဘ,မိနှစ်ဝ၊ သုဒဿ၊ အမိ သုဒတ္တာ။
၄။ သုမနာဒေဝီ၊ မဟေသီမြတ်၊ ဖွားမြင်လတ်၊ ပုနဗ္ဗသုမိတ္တာ။
၅။ ဆင်ဖြင့် တောထွက်၊ ကြာရှစ်ရက်၊ ကျင့်ခက် ဒုက္ကရာ။
၆။ နိ့ဃနာလျှဘိ၊ သဒ္ဒါရှိ၊ သေဠမိတာ နကုလာ။

၇။ သိရိဝဍ္ဍနေ၊ အာဇီဝ၊ လျှရမြက်ကိုသာ။

၈။ မအူဗောဓိ၊ အမိရှိ၊ မုနိဘဂဝါ။

၉။ သဗ္ဗကာမ၊ သရဏ၊ အဂ္ဂသာဝကာ။

၁၀။ ရှင်သာဂရ၊ လုပ်ကျွေးရ၊ ဗုဒ္ဓဥပဋ္ဌာကာ။

၁၁။ အဂ္ဂတလိ၊ ဘွဲ့ထူးချီ၊ ထေရီရာမာ သုရာမာ။

၁၂။ ဥရုဝေလ၊ လုပ်ကျွေးရ၊ ယသဒါယကာ။

၁၃။ ယသောဓရာ၊ သိရိမာ၊ နှစ်ဖြာလုပ်ကျွေးပါ။

၁၄။ ရှစ်ဆယ့်ရှစ်တောင်၊ အမြင့်ဆောင်၊ ဘုန်း ခေါင် မြတ်ဗုဒ္ဓါ။

၁၅။ ကိုးသောင်းတမ်းဝယ်၊ ပွင့်ဆန်းကြွယ်၊ လူ့နယ်လင်းရောင် ဖြာ။

၁၆။ ဥတ္တရယောကျာ်း၊ လောင်းတော်အား၊ မြွက်ကြား ဗျာဒိတ်သာ။

## ၁၅။ သုဇာတဗုဒ္ဓဝင် စကားပြေ

သုဇာတဘုရားအလောင်းတော်သည် သုမင်္ဂလပြည်၌ ဥဂ္ဂတမင်း၏ ပဘာဝတီမိဖုရားကြီး၏ ဝမ်း၌ သန္ဓေယူတော်မူ၏။ မင်းသား၏အမည်ကား သုဇာတ ဖြစ်ပါသည်။

သုဇာတမင်းသားသည် သိရိပြာသာဒ်, ဥပသိရိ ပြာသာဒ်, သိရိနန္ဒပြာသာဒ်ဟူသော ရွှေနန်းသုံးဆောင်တို့၌ သိရိနန္ဒာမိဖုရားကြီးကို အမှူးထား၍ မောင်းမပေါင်း နှစ်သောင်းသုံးထောင်

ခြံရံကာ မင်းစည်းစိမ်ကို ခံစားစဉ် သိရိနန္ဒာမိဖုရားကြီးမှ ဥပသေနသားတော်ကို ဖွားမြင်တော်မူပါသည်။

နိမိတ်လေးပါးကို အစဉ်အားဖြင့် မြင်တော်မူသောကြောင့် မြင်းတော်စီး၍ တောထွက်တော်မူပါသည်။ ဒုက္ကရစရိယာ အကျင့်မြတ်ကို ဆယ်လ ကျင့်သုံးတော်မူရသည်။ သိရိနန္ဒာ သူဌေးသမီး လှူဒါန်းသော နို့ဃနာကို ဘုဉ်းပေးတော်မူကာ သုနန္ဒအာဇီဝက သည် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ကြခတ်ဝါးဖောမိပင်ရင်း၌ အကျယ် သုံးဆယ့်သုံးတောင်မျှ ဖြန့်ခင်း၍ ထိုင်နေတော်မူစဉ် ညဉ့်သုံးယံအတွင်းမှာပင် ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

သုဇာတဘုရားသည် ညီတော် သုဒဿနမင်းသားနှင့် ပုရောဟိတ်ပုဏ္ဏား၏ သားဖြစ်သော သုဒေဝတို့ကို သုမင်္ဂလ ဥယျာဉ်၌ ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူသည်။ လူအပေါင်း ကုဋေရှစ်ဆယ်မျှ သစ္စာဉာဏ်အလင်း ရကြကုန်၏။

သုဇာတမြတ်စွာဘုရား၏ အဂ္ဂသာဝက နှစ်ပါးတို့ကား အရှင်သုဒဿနနှင့် အရှင်သုဒေဝတို့ ဖြစ်ကြ၍ အလုပ်အကျွေး ရဟန်းတော်ကား အရှင်နာရဒ ဖြစ်ပါသည်။ နာဂါထေရီနှင့် နာဂသမာလာထေရီ နှစ်ပါးတို့ကား အဂ္ဂသာဝိကာမတို့ ဖြစ်ကြ ကုန်၏။ သုဒတ္တဒါယကာနှင့် စိတ္တဒါယကာတို့သည် အလုပ် အကျွေး ဥပါသကာတို့ ဖြစ်ကြကုန်၍ သုဘဒ္ဒါ ဒါယိကာမနှင့် ပဒုမာ ဒါယိကာမတို့ကား အလုပ်အကျွေး ဥပါသိကာမတို့တည်း။

မြတ်စွာဘုရား၏ အရပ်တော်မှာ အတောင်ငါးဆယ် မြင့်တော်မူ၍ ရောင်ခြည်တော်မူကား ထက်ဝန်းကျင် အရပ်မျက်နှာတို့၌ စကြဝဠာမဆံ့ ပျံ့နှံ့တော်မူ၏။ နှစ်ပေါင်းကိုးသောင်း သက်တမ်းတွင် ပွင့်ထွန်း ပေါ်ပေါက်တော်မူသည်။

ဂေါတမဘုရားအလောင်းတော်သည် **စကြာမင်းဖြစ်၍** သုဇာတဘုရားထံတော်ပါးဝယ် ဗျာဒိတ်ခံယူတော်မူသည်။

## ၁၅။ သုဇာတဗုဒ္ဓဝင် ကဗျာ

၁။ သုဇာတဘုရား၊ နေပြည်ကား၊ မှတ်သား သုမင်္ဂလာ။

၂။ ဘ,မိနှစ်ဝ၊ ဥဂ္ဂတ၊ ပဘာဝတီသာ။

၃။ သိရီနန္ဒာ၊ နန်းတောင်ညာမှ၊ ဖွားလာပုတ္တ၊ အမည်ရ၊ ဥပသေနပါ။

၄။ ဆယ်လတာမျှ၊ ဒုက္ကရ၊ ကျင့်ရလေတော့တာ။

၅။ သိရီနန္ဒာ၊ လှကညာ၊ ဃနာလှူဒါန်းပါ။

၆။ အာဇီဝက၊ သုနန္ဒ၊ လှူရမြက်ကိုသာ။

၇။ ဗောဓိပင်ကား၊ ကြခတ်ဝါး၊ မှတ်သားကြလေပါ။

၈။ ညီ သုဒဿန၊ သုဒေဝ ပုဏ္ဏား၊ အမှူထား၊ ဟောကြား ဓမ္မစကြာ။

၉။ သုဒဿန၊ သုဒေဝ၊ အဂ္ဂသာဝကာ။

၁၀။ လုပ်ကျွေးခွင့်ရ၊ နာရဒ၊ ထေရဘွဲ့မည်ပါ။

၁၁။ နာဂသမာ၊ နာဂါမည်ရ၊ ထေရီပြ၊ အဂ္ဂသာဝိကာ။
၁၂။ လုပ်ကျွေးခွင့်ရ၊ သုဒတ္တ၊ စိတ္တဒါယကာ။
၁၃။ သုဘဒ္ဒါပဒုမာ၊ ထိုမိန်းမ၊ ကောင်းစွာ လုပ်ကျွေးပါ။
၁၄။ အတောင်ငါးဆယ်၊ ရုပ်တော်ဝယ်၊ မှတ်ဖွယ် တစ်မျိုးလာ။
၁၅။ ကိုးသောင်း သက်တမ်း၊ လူ့ထိပ်ပန်း၊ ဘုံခန်း ထိန်ထိန်သာ။
၁၆။ **စကြာမင်းဘဝ၊ ဗျာဒိတ်ရ၊ ဂေါတမလောင်း ဗုဒ္ဓါ။**

## ၁၆။ ပိယဒဿီဗုဒ္ဓဝင် စကားပြေ

ပိယဒဿီ ဘုရားအလောင်းတော်သည် သုဓညဝတီမြို့၌ သုဒတ္တမင်း၏ စန္ဒာဒေဝီ မိဖုရားကြီးဝမ်း၌ သန္ဓေတည်နေတော်မူ၍ ဖွားမြင်တော်မူသောအခါ ပိယဒဿီမင်းသားဟု အမည်တွင်ပါသည်။ ပိယဒဿီမင်းသားသည် သုနိမ္မလပြာသာဒ်, ဝိမလပြာသာဒ်, သိရိဂုဟာပြာသာဒ်ဟူသော ရွှေနန်းသုံးဆောင်တို့၌ ဝိမလာဒေဝီကို မိဖုရားအရာထား၍ မောင်းမပေါင်း သုံးသောင်းသုံးထောင်တို့ ခြံရံကာ မင်းစည်းစိမ်ကို ခံစားစဉ် နှစ်ပေါင်းကိုးထောင်အကြာ၌ ဝိမလာဒေဝီမှ ကဉ္စနာဝေဠုမည်သော သားတော်ကို ဖွားမြင်တော်မူပါသည်။ နိမိတ်လေးပါး မြင်တွေ့ရ၍ မြင်းယာဉ်ဖြင့် တောထွက်တော်မူသည်။ ဒုက္ကရစရိယာ အကျင့်မြတ်ကို ခြောက်လပတ်လုံး ကျင့်သုံးတော်မူရသည်။ စရဏရွာသူ ဝသဘာမည်သော ပုဏ္ဏားသမီးသည် လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို

ဘုဉ်းပေးတော်မူပြီးလျှင် သုဇာတအာဇိဝကလှူဒါန်းသော မြက်ရှစ်ဆုပ်ကို ရေခတက်ဗောဓိပင်ရင်း၌ အကျယ် ၅၃ တောင်မျှ ဖြန့်ခင်းကာ ထက်ဝယ်ဖွဲ့ခွေနေတော်မူစဉ် ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။

ပိယဒဿီမြတ်စွာဘုရားသည် ကိုယ်တော်နှင့်အတူ ရဟန်းပြုကြကုန်သော တစ်ကုဋေသော ရဟန်းတို့ကို ဥသဘဝနဉယျာဉ်၌ ဓမ္မစကြာသုတ္တန်ကို ထုတ်ပြန် ဟောမြွက်တော်မူသည်။ ရဟန်းတော်အားလုံးတို့သည် တိမ်သလာကင်း၍ သစ္စာဉာဏ်အလင်း ရကြကုန်၏။

ပိယဒဿီမြတ်စွာဘုရား၏ အဂ္ဂသာဝကအစုံတို့ကား အရှင်ပါလိတနှင့် အရှင်သဗ္ဗဒဿီတို့ ဖြစ်ကြ၍ အရှင်သောဘိတကား အလုပ်အကျွေး ရဟန်းတော်ပေတည်း။ သုဇာတာထေရီနှင့် ဓမ္မဒိန္နာထေရီတို့ကား အဂ္ဂသာဝိကာမတို့ ဖြစ်ကြကုန်၏။ သန္ဓကဒါယကာနှင့် ဓမ္မကဒါယကာတို့ကား အလုပ်အကျွေး ဥပါသကာတို့ဖြစ်ကြ၍-ဝိသာခါနှင့် ဓမ္မဒိန္နာ ဒါယိကာမတို့ကား အလုပ်အကျွေး ဥပါသိကာမတို့ပေတည်း။

ပိယဒဿီမြတ်စွာဘုရားသည် အတောင်ရှစ်ဆယ် မြင့်တော်မူ၍ သက်တမ်း နှစ်ပေါင်း ကိုးသောင်းတမ်းတွင် ပွင့်တော်မူပါသည်။

ဂေါတမဘုရားလောင်းတော်သည် ကဿပပုဏ္ဏားဖြစ်၍ ဗျာဒိတ်ခံယူတော်မူပါသည်။

## ၁၆။ ပိယဒဿီဗုဒ္ဓဝင် ကဗျာ

၁။ ပိယဒဿီ၊ ဂုဏ်ကိုးညီ၊ ဖွဲ့စီ ကျကဗျာ။

၂။ မြို့တော်သာစွာ၊ သုဓည၊ မှပ ကြဲစေဖို့ရာ။

၃။ ဘ,မိ နှစ်ဝ၊ သုဒတ္တ၊ စန္ဒဒေဝိသာ။

၄။ ဝိမလာမိဖုရား၊ သားတော်ကား၊ မှတ်သား ကဥ္စနဝေဠာ၊

၅။ ဒုက္ကရစရိ၊ ခြောက်လရှိ၊ မှုနိ ဘဂဝါ။

၆။ ဝသဘာမည်ရ၊ ပုဏ္ဏေးမ၊ ဒါနပြုရှာ နို့ဃနာ။

၇။ အာဇီဝက၊ သုဇာတ၊ လှူရ မြက်ကိုသာ။

၈။ ရေခတက်ဗောဓိ၊ အမည်ရှိ၊ ရွှမ်းအိသဒ္ဒါ ဝန္ဒနာ။

၉။ ဥသဘမည်တွင်၊ တောဥယျာဉ်၌၊ ရှင်ပင်ကြွလှမ်း၊ ရဟန်း
တစ်ကုဋေ၊ ကျွန်တမ်းချွေ၊ ဟောပေ ဓမ္မစကြာ။

၁၀။ ရှင်ပင်ဗုဒ္ဓ၊ တူတကွ၊ ပြုကြရဟန်းပါ။

၁၁။ သဗ္ဗဒဿီ၊ တလိ ပါလိတ: ထေရ်နှစ်ဝ၊ အဂ္ဂသာဝကာ။

၁၂။ လုပ်ကျွေးခွင့်ရ၊ သောဘိတ၊ နိစ္စ ရှိသေစွာ။

၁၃။ ဓမ္မဒိန္နာ၊ သုဇာတာ၊ အဂ္ဂသာဝိကာ။

၁၄။ မောင်သန္ဒက၊ ဓမ္မက၊ ဗုဒ္ဓ လုပ်ကျွေးပါ။

၁၅။ ဓမ္မဒိန္နာ၊ ဝိသာခါ၊ ကောင်းစွာလုပ်ကျွေးပါ။

၁၆။ အတောင်ရှစ်ဆယ်၊ အရပ်သွယ်၊ ဝင့်ထယ် ဘဂဝါ။

၁၇။ ကိုးသောင်းတမ်းတွင်၊ ဘုရားရှင်၊ ဖူးမြင် လှုသုံးဖြာ။

၁၈။ ကဿပပုဏ္ဏားး၊ မြတ်ဘုရား၊ မြွက်ကြား ဗျာဒိတ်သာ။

၁၉။ အကျဉ်းဗုဒ္ဓဝင်၊ ချဲ့ကာထွင်၊ မြော်မြင် သိလေပါ။

## ၁၇။ အတ္ထဒဿီဗုဒ္ဓဝင် စကားပြေ

အတ္ထဒဿီ ဘုရားအလောင်းတော်သည် သောဘဏပြည်၌ သာဂရမင်း၏ သုဒဿနာ မိဖုရားကြီးဝမ်း၌ သန္ဓေတည်တော်မူ၏။ ဖွားမြင်တော်မူသောအခါ အတ္ထဒဿီ မင်းသားဟု အမည်တွင်၏။ အတ္ထဒဿီမင်းသားသည် အပျိုစင် သုံးသောင်းသုံးထောင် ခြံရံလျက် ဝိသာခါဒေဝီကို မိဖုရားအရာ၌ထား၍ အမရဂိရိပြာသာဒ်, သုဂိရိပြာသာဒ်, ဂီရိဝါဟနပြာသာဒ်ဟူသော ရွှေနန်းသုံးဆောင်ထက်၌ အနှစ်တစ်သောင်းကြာ မင်းစည်းစိမ်ကို ခံစားစဉ် ဝိသာခါမိဖုရားမှ သေလမည်သော သားရတနာကို ဖွားမြင်တော်မူသည်။

သုဒဿနမည်သော မင်္ဂလာမြင်းတော်ကို စီးလျက် တောထွက်တော်မူသည်။ အလောင်းတော်နောက်မှ လိုက်ပါလာကြသော လူအပေါင်း ကိုးကုဋေတို့သည် ရဟန်းပြုကြကုန်၏။ အလောင်းတော်မြတ်သည် ဒုက္ကရစရိယာအကျင့်ကို ဆယ့်ငါးလမျှ ကျင့်ကြံတော်မူရ၏။ သုစိန္ဓရာနဂါးမင်းသည် လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူလျက် ဓမ္မရုစိနဂါးမင်း လှူဒါန်းသော သမန်းမြက်ရှစ်ဆုပ်ကို စကားဝါပင် ဗောဓိ၌ အကျယ် ငါးဆယ့်သုံးတောင် ဖြန့်ခင်း၍ သီတင်းသုံးတော်မူကာ ဘုရားအဖြစ်သို့

ရောက်တော်မူပါသည်။

အတ္ထဒဿီ မြတ်စွာဘုရားသည် ကိုယ်တော် မြတ်နှင့်အတူ ရဟန်းပြုတော်မူကြသော ရဟန်း ကိုးကုဋေကို အနောမဥယျာဉ်၌ ဓမ္မစကြာတရား ဒေသနာကို ဟောကြားတော်မူသောအခါ အားလုံးသော ရဟန်းတော်တို့သည် ကျွတ်တမ်းဝင်ကြကုန် ၏။

အတ္ထဒဿီမြတ်စွာဘုရား၏ အဂ္ဂသာဝက နှစ်ပါးတို့ကား အရှင်သန္တနှင့် အရှင်ဥပသန္တတို့ ဖြစ်ကြ၍ အရှင်အဘယ မထေရ်ကား အလုပ် အကျွေးရဟန်း ဖြစ်ပေသည်။ ဓမ္မာထေရီနှင့် သုဓမ္မာ ထေရီနှစ်ပါးတို့ကား အဂ္ဂသာဝိကာမ ဖြစ်ကြကုန် ၏။ နကုလဒါယကာနှင့် နိသဘဒါယကာတို့ကား အလုပ်အကျွေး ဥပါသကာတို့ ဖြစ်ကြ၍ မကိလာ နှင့် သုနန္ဒာဒါယိကာမတို့ကား အလုပ်အကျွေး ဥပါသကာမတို့ ဖြစ်ကြကုန်၏။

မြတ်စွာဘုရား၏ ရောင်ခြည်တော်သည် အမြဲတမ်း ထက်ဝန်းကျင် တစ်ယူဇနာ ပျံ့နှံ့၏။ အရပ်တော်ကား အတောင်ရှစ်ဆယ် မြင့်တော်မူ၍ သက်တမ်း အနှစ်တစ်သိန်းတွင် ပွင့်ထွန်း ပေါ်ပေါက်တော်မူပါသည်။

ဂေါတမဘုရားအလောင်းတော်သည် **သုသိမ ရသေ့** ဖြစ်၍ အတ္ထဒဿီဘုရားရှင်ထံ ဗျာဒိတ်ခံယူ တော်မူပါသည်။

## ၁၇။ အတ္ထဒဿီဗုဒ္ဓဝင် ကဗျာ

၁။ အတ္ထဒဿီ၊ ကိုးဂုဏ်ညီ၊ ရောင်ခြည် ဝင်းဝင်းဝါ။

၂။ ဝေါဘာဏမည်၊ လူတို့ပြည်၊ သာစည် ပေါ်ကြွယ်ပါ။

၃။ ဘ,မိနှစ်ဝ၊ သာဒရ၊ နာမ သုဒဿနာ။

၄။ တောင်ညာနန်းမ၊ ဝိသာခါ၊ သေလ သားရတနာ။

၅။ သုဒဿနာ၊ မြင်းစီးခါ၊ ဝနာထွက်ကြွပါ။

၆။ များစွာလူထု၊ ရဟန်းပြု၊ အေးမှုကိုယ်စီရှာ။

၇။ ဒုက္ကရစရိ၊ ရှစ်လရှိ၊ မုနိကျင့်ခဲ့တာ။

၈။ သုစိန္ဓရာ၊ နဂါးမ၊ လှူရနို့ဃနာ။

၉။ ဗောဓိစံကားဝါ၊ ရပ်ဌာနာမှ၊ ကြွလာဗုဒ္ဓ၊ အနောမဟု၊ နာမမည်တွင်၊ မင်းဥယျာဉ်ဝယ်၊ နေစဉ်ခဏ ဟောဖော်ပြ၊ ဓမ္မစကြာဒေသနာ။

၁၀။ ဥပသန္တ၊ ရှင်သန္တ၊ အဂ္ဂသာဝကာ။

၁၁။ အဘယထေရ်၊ လုပ်ကျွေးပေ၊ ပရမေ ဘဂဝါ။

၁၂။ ထေရီဓမ္မာ၊ သုဓမ္မာ၊ အဂ္ဂသာဝိကာ။

၁၃။ မောင်နကုလ၊ နိသဘ၊ နိစ္စလုပ်ကျွေးပါ။

၁၄။ မယ်မကိလာ၊ သုနန္ဒာ၊ ကောင်းစွာလုပ်ကျွေးပါ။

၁၅။ အတောင်ရှစ်ဆယ်၊ အမြင့်ဝယ်၊ ဝင့်ထယ် အရပ်ပါ။

၁၆။ တစ်သိန်းတမ်းဝယ်၊ ရန့်ကြွယ်၊ အံ့ဖွယ် ပွင့်ထွန်းလာ။

၁၇။ ရသေ့နာမ၊ သုသိမ၊ ခံရဗျာဒိတ်သာ။

**၁၈။ ဓမ္မဒဿီဗုဒ္ဓဝင် စကားပြေ**

ဓမ္မဒဿီ ဘုရားရှင်သည် သရဏမြို့၌ သရဏမင်းကြီးနှင့် သုနန္ဒာဒေဝီတို့မှ ဖွားမြင်တော်မူသည်။ မင်းသား၏ အမည်ကား ဓမ္မဒဿီ ဖြစ်ပါသည်။ ဓမ္မဒဿီမင်းသားသည် အရဇပြာသာဒ်, ဝိရဇပြာသာဒ်, သုဒဿနပြာသာဒ်တို့၌ အပျိုတော် တစ်သိန်းနှစ်သောင်းတို့အလယ်တွင် ဝိစိကောဠီ မင်းသမီးကို မိဖုရားကြီးအရာထား၍ ပျော်စံစားစဉ် ယင်းမိဖုရားကြီးမှ ပုညဝဍ္ဎနမည်သောသားတော်ကို ဖွားမြင်တော်မူသည်။ ဖွားမြင်ပြီးနောက် မကြာမီနိမိတ်ကြီးလေးပါးမြင်တွေ့ရ၍ သုဒဿနပြာသာဒ်ကြီးနှင့်တကွကောင်းကင်ခရီးဖြင့် တောထွက်တော်မူသည်။

အလောင်းတော်ယောကျာ်းမြတ်သည် ရဟန်းပြုပြီးသောအခါရတနာပြာသာဒ်သည် ကောင်းကင်သို့ ပျံတက်ပြီးလျှင် ဗောဓိပင်ကိုအတွင်းပြုလျက် မြေသို့ သက်ဆင်းလေ၏။ ပြာသာဒ်ကြီးအပေါ်၌ပါလာသော လူအပေါင်း ကုဋေတစ်သိန်းတို့သည်လည်း ရဟန်းပြုကြကုန်၏။ အလောင်းတော်သည် ဒုက္ကရစရိယာ အကျင့်မြတ်ကိုခုနစ်ရက်ပတ်လုံး ကျင့်သုံးတော်မူရ၏။ ဝိစိကောဠီမိဖုရားကြီးလှူဒါန်းအပ်သော ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူ၍ သိရိဝဍ္ဎနမှယောခင်းစောင့် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို မဟာဗောဓိဖြစ်သော မျက်နှာပန်းပင်ရင်း၌ ငါးဆယ့်သုံးတောင်ကျယ်သောမြက်အခင်းကို ဖြန့်ခင်းတော်မူကာ သိတင်းသုံး ကျင့်ကြံတော်မူစဉ်

ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။

ဓမ္မဒဿီမြတ်စွာဘုရားသည် ရဟန်းတော် ကုဋေတစ်သိန်းတို့အား မိဂဒါဝုန်တော၌ ဓမ္မစကြာဒေသနာတော်ကို ဟောကြားတော်မူပါသည်။ ဓမ္မဒဿီမြတ်စွာဘုရား၏ အဂ္ဂသာဝကနှစ်ပါးတို့ကား အရှင်ပဒုမနှင့် အရှင်ဖုဿဒေဝတို့ ဖြစ်ကြ၍ အရှင်သုနေတ္တကား အလုပ်အကျွေး ရဟန်းတည်း။ ခေမာထေရီနှင့် သစ္စနာမာထေရီတို့ကား အဂ္ဂသာဝိကာမတို့တည်း။ အလုပ်အကျွေးဥပါသကာ ဒါယကာတို့ကား သုဘဒ္ဒနှင့်ကဋိဿဟတို့ဖြစ်ကြ၍ သာဠိယာနှင့် ကဋိယာ ဒါယိကာမတို့ကား အလုပ်အကျွေးဥပါသိကာမတို့ပေတည်း။ မြတ်စွာဘုရား၏ အရပ်တော်မှာ အတောင်ရှစ်ဆယ် မြင့်တော်မူ၍ အသက်တမ်း နှစ်ပေါင်းတစ်သိန်းမှာ ပွင့်တော်မူပါသည်။

ဂေါတမဘုရားအလောင်းတော်သည် **သိကြားမင်း** ဖြစ်၍ ဓမ္မဒဿီဘုရားရှင် ထံတော်မှောက်၌ ဗျာဒိတ်ခံယူတော်မူပါသည်။

**၁၈။ ဓမ္မဒဿီဗုဒ္ဓဝင် ကဗျာ**

၁။ ဓမ္မဒဿီ၊ ဘွဲ့ထူးချီ၊ သညီထူးလှစွာ။

၂။ မြို့တော်နာမ၊ သရဏ၊ ဌာနမှီစံရာ။

၃။ ဘ,မိနှစ်ဝ၊ သရဏ၊ နာမသုနန္ဒာ။

၄။ ဝိစိကောဋိ၊ မည်ရှိမိဖုရား၊ သားတော်ဖွား၊ မှတ်သား

ပုညဝမှနာ။

၅။ သုဒဿနမည်တွင်၊ ပြာသာဒ်ယာဉ်နှင့်၊ ကောင်းကင်လမ်းမှ၊ တောထွက်ကြွ၊ ဒုက္ကရ ခုနစ်ရက်သာ။

၆။ ဝိစိကောဋ္ဌိ၊ ရှင်မိဖုရား၊ သဒ္ဒါပွား၊ လျှူကြွေး နို့ဃနာ။

၇။ သိရိဝမှန၊ ပေးလှူရ၊ ဒါနမြက်ကိုသာ။

၈။ မျက်နှာပန်းမည်ရှိ၊ ပင်ဗောဓိမှ၊ မိဂဒါဝန်၊ ဓာမြိုင်ကြွ၊ ဟောပြမမွှစကြာ။

၉။ ဖုဿဒေဝ၊ ပဒုမ၊ အဂ္ဂသာဝကာ။

၁၀။ သုနေတ္တာရှင်၊ ပြုံးပျော်ရွှင်၊ နေ့စဉ် လုပ်ကျွေးပါ။

၁၁။ သစ္စနာမာ၊ မယ်ခေမာ၊ မှတ်ပါ အဂ္ဂသာဝိကာ။

၁၂။ ကဋ္ဌိဿဟ၊ သုဘဒ္ဒ၊ နိစ္စလုပ်ကျွေးဒါယကာ။

၁၃။ မယ်သာဋ္ဌိယ၊ ကဋ္ဌိယ၊ နိစ္စလုပ်ကျွေးပါ။

၁၄။ အတောင်ရှစ်ဆယ်၊ ဖြိုးမြင့်ကြွယ်၊ တင့်တယ် ဘဂဝါ။

၁၅။ တစ်သိန်းသက်တမ်း၊ ဇမ္ဗူကျွန်း၊ ပွင့်ထွန်း ပေါ်လွင်ပါ။

၁၆။ လောင်းတော်ဘုရား၊ မိုးသိကြား၊ ထူးခြား ဗျာဒိတ်ပါ။

## ၁၉။ သိဒ္ဓတ္ထ ဗုဒ္ဓဝင် စကားပြေ

သိဒ္ဓတ္ထဘုရားအလောင်းတော်သည် ဝေဘာရပြည် ဥဒေန မင်းနှင့် သုဖဿာဒေဝီတို့မှ ဖွားမြင်တော်မူသည်။ သိဒ္ဓတ္ထဟု အမည်တွင်၏။ သိဒ္ဓတ္ထမင်းသားသည် ကောကာပြာသာဒ်,

သုပ္ပလပြာသာဒ်, ပဒုမပြာသာဒ်ဟူသော ရွှေနန်းသုံးဆောင်ထက်၌ မိဖုရား လေးသောင်းရှစ်ထောင်တို့တွင် သောမနဿာ မင်းသမီးကို မိဖုရားကြီးအရာထား၍ မင်းစည်းစိမ်ကို ခံစားစဉ် ယင်းမိဖုရားကြီးမှ အနုပမ,မည်သော သားတော်ကို ဖွားမြင်တော်မူသည်။ ထို့နောက် မကြာမီ နိမိတ်ကြီးလေးပါး မြင်တွေ့ရ၍ ရွှေထမ်းစင်ဖြင့် တောထွက်တော်မူရသည်။ လူပေါင်း ကုဋေတစ်သိန်းတို့ပါ ရဟန်းပြုကြကုန်၏။ ဒုက္ကစရိယာအကျင့်မြတ်ကို ဆယ်လပတ်လုံးကျင့်သုံး တော်မူရသည်။ သုနေတ္တာပုဏ္ဏားသမီးသည် လှူဒါန်းအပ်သော ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူပြီး၍ ဝရုဏမုယောခင်းစောင့်လှူဒါန်းသော မြက်ရှစ်ဆုပ်ကို မဟာလှေကား ဗောဓိပင်ရင်း၌ အတောင်လေးဆယ် အပြန့်ကျယ်သော မြက်အခင်းကို ခင်းကာ ထက်ဝယ်ဖွဲ့ခွေနေတော်မူစဉ် ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။

သိဒ္ဓတ္ထ ဘုရားမြတ်သည် မိဂဒါဝုန်တော၌ ရဟန်းတော်ကုဋေတစ်သိန်းတို့အား ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူလျှင် သစ္စာလေးတန် အမှန်သိကြကုန်၏။

သိဒ္ဓတ္ထဘုရားရှင်၏ အဂ္ဂသာဝကအစုံတို့ကား အရှင်သမ္ဗလနှင့် အရှင်သုမိတ္တတို့ ဖြစ်ကြ၍ အရှင်ရေဝတကား အလုပ်အကျွေးရဟန်းတော်ပေတည်း။ သိဝလာထေရီနှင့် သုရာမာထေရီနှစ်ပါးတို့ကား အဂ္ဂသာဝိကာမတို့တည်း။ သုပ္ပိယနှင့် သမုဒ္ဒဒါယကာ

တို့ကား အလုပ်အကျွေး ဥပါသကာတို့ ဖြစ်ကြ၍ ရမ္မာနှင့် သုရမ္မာဒါယိကာမတို့ကား အလုပ်အကျွေး ဥပါသိကာမတို့ ဖြစ်ကြကုန်၏

ဘုရားရှင်၏ အရပ်တော်ကား အတောင်ခြောက်ဆယ်မြင့်၍ သက်တမ်း အနှစ်တစ်သိန်းတွင် ထင်ရှားစွာ ပွင့်ထွန်းပေါ်ပေါက် တော်မူပါသည်။

ဂေါတမဘုရားအလောင်းတော်သည် သိဒ္ဓတ္ထဘုရား ထံတော် မှောက်၌ မင်္ဂလရသေ့ဖြစ်၍ ဗျာဒိတ်ခံယူတော်မူသည်။

## ၁၉။ သိဒ္ဓတ္ထဗုဒ္ဓဝင် ကဗျာ

၁။ သိဒ္ဓတ္ထဗုဒ္ဓ၊ သုံးလောက၊ တုပ မရပါ။

၂။ မြို့တော်ဌာန၊ ဝေဘာရ၊ သာစွာပျော်ဖွယ်ရာ။

၃။ ဘ,မိ နှစ်ဝ၊ ဥဒေန၊ နာမသုဖဿာ။

၄။ တောင်ညာနန်းမ၊ ကြင်ယာပြ၊ လှပသော_မနဿာ။

၅။ အနုပမ၊ သား ပုတ္တ၊ ထုတ်ပြ သိစေရာ။

၆။ ထမ်းစင်စီးကာ၊ ဥယျာဉ်သာ၊ ဝနာထွက်ခဲ့ပါ။

၇။ ဒုက္ကရစရိ၊ ဆယ်လရှိ၊ ကျင့်ဘိခက်ခဲစွာ။

၈။ သုနေတ္တာမည်ရ၊ ပုဏ္ဏေးမ၊ လှူရနို့ဃနာ။

၉။ မုယော စောင့်ထ၊ ဝရဏ၊ လှူရမြက်ကိုသာ။

၁၀။ ဗောဓိမည်ရာ၊ မဟာလေှကား၊ ကြွသွား မိဂဒါ၊ တောဝန၊

ဟောပြခမ္မစကြာ။

၁၁။ အရှင်သမ္ဗလ၊ သုမိတ္တ၊ အဂ္ဂသာဝကာ။

၁၂။ အရှင်ရေဝတ၊ လုပ်ကျွေးရ၊ နိစ္စအမြဲသာ။

၁၃။ ဒေါ်ဝသိလာ၊ သုရာမာ၊ အဂ္ဂသာဝိကာ။

၁၄။ လုပ်ကျွေးခွင့်ရ၊ သုပ္ပိယ၊ သမုဒ္ဒဒါယကာ။

၁၅။ လုပ်ကျွေးခွင့်ရ၊ အိမ်ရှင်မ၊ မှတ်ကြရမှာ သုရမ္မာ။

၁၆။ ခြောက်ဆယ် တောင်မှတ်၊ မြင့်အရပ်၊ တင့်အပ်လှပေတာ။

၁၇။ တစ်သိန်းသက်တမ်း၊ ဇမ္ဗူကျွန်း၊ ပွင့်ထွန်း ဘဂဝါ။

၁၈။ **မင်္ဂလရသေ့**၊ တရားမွေ့၊ ခံလေ့ဗျာဒိတ်သာ။

## ၂၀။ တိဿဗုဒ္ဓဝင် စကားပြေ

တိဿဘုရားရှင်သည် ခေမကမြို့၌ ဇနသန္ဓမင်း၊ ပဒုမာဒေဝီ မိဖုရားတို့မှ ဖွားမြင်တော်မူသည်။ တိဿဟု နာမည်တွင်တော်မူသည်။ တိဿမင်းသားသည် ဂုဟာသေလပြာသာဒ်, နာရိသပြာသာဒ်, နိသဘပြာသာဒ်ဟု ဆိုအပ်သော ရွှေနန်း သုံးဆောင်တို့၌ မောင်းမပေါင်း သုံးသောင်းသုံးထောင်တို့၏ အလယ်တွင် သုဘဒ္ဒါမင်းသမီးကို မိဖုရားကြီးအရာ၌ထား၍ စံစားတော်မူရာ နှစ်ပေါင်း ခုနစ်ထောင်ကြာသော် အာနန္ဒ သားရတနာကို ဖွားမြင်တော်မူသည်။

ထို့နောက် မကြာမီ သောဏုတ္တရ,မည်သော မင်္ဂလာမြင်းတော်

ကိုစီး၍ တောထွက်တော်မူသည်။ ရဟန်းအပေါင်း တစ်ကုဋေ ခြံရံကာ ဒုက္ကရစရိယာ ရှစ်လကြာအောင် ကျင့်တော်မူရ၏။ ဝိရနိဂုံးသူ သူဌေးသမီး လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် ဝိဇိတင်္ဂါမကမည်သော မုယောခင်းစောင့် ယောကျ်ားက လှူဒါန်းသော မြက်ရှစ်ဆုပ်ကို မဟာဗောဓိ ပိတောက်ပင်ရင်း၌ ဖြန့်ခင်း၍ သီတင်းသုံးကျင့်ကြံတော်မူရာ အရုဏ်တက်အချိန်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။

တိဿဘုရားရှင်သည် ဗြဟ္မဒေဝမင်းသားနှင့် ဥဒယမင်းသား တို့အား မင်္ဂလာဥယျာဉ်၌ ဓမ္မစကြာတရားတော်ကို ဟောကြား တော်မူသောအခါ လူ နတ် ဗြဟ္မာ ကုဋေတစ်ရာမျှ သစ္စာလေးအင် သိမြင်ကြကုန်၏။

တိဿဘုရားရှင်၏ အဂ္ဂသာဝကအစုံတို့ကား အရှင်ဗြဟ္မဒေဝ နှင့် အရှင်ဥဒယတို့ ဖြစ်ကြ၍ အလုပ်အကျွေး ရဟန်းတော်မှာ အရှင်သမင်္ဂမ ဖြစ်ပါသည်။ ဖုဿာထေရီနှင့် သုဒတ္တာ ထေရီတို့ ကား အဂ္ဂသာဝိကာမတို့ ဖြစ်ကြကုန်၏။ သမ္ဗလနှင့် သိရိမာ ဒါယကာ နှစ်ဦးတို့သည် အလုပ်အကျွေး ဒါယကာတို့ ဖြစ်ကြ ကုန်၍ ကိသာဂေါတမီနှင့် ဥပသေနာ ဒါယိကာမတို့သည် အလုပ်အကျွေး ဥပါသိကာမတို့ ဖြစ်ကြကုန်၏။

မြတ်စွာဘုရား၏ အရပ်တော်မှာ အတောင်ခြောက်ဆယ် မြင့်တော်မူ၍ သက်တမ်း အနှစ်တစ်သိန်းတွင် ပွင့်တော်မူပါသည်။

ဂေါတမဘုရားအလောင်းတော်သည် တိဿဘုရားရှင် အထံတော်၌ သုဇာတရသေ့ဖြစ်၍ ဗျာဒိတ်ခံယူတော်မူသည်။

## ၂၀။ တိဿဗုဒ္ဓဝင် ကဗျာ

၁။ တိဿဘုရားရှင်၊ ဗုဒ္ဓဝင်၊ ဖြစ်စဉ်မှတ်သားပါ။
၂။ မြို့တော်နန်းမ၊ ခေမက၊ မှတ်ကြစေလိုပါ။
၃။ ဘ;မိ နှစ်တန်၊ ဇနသန်၊ မှတ်ရန် ပဒုမာ။
၄။ သားတော်အာနန္ဒ၊ ကြင်တာက၊ မှတ်ကြ သုဘဒ္ဒါ။
၅။ သောဏုတ္တရ၊ မြင်းစီးကြွ၊ ဝန တောထွက်ပါ။
၆။ ခဲယဉ်းပြုကျင့်၊ ရှစ်လနှင့်၊ တိုးဆင့်သရေဖြာ။
၇။ ဝီရရပ်ရှိ၊ သေဋ္ဌိမိတ်တာ၊ နို့ဃနာ၊ ကောင်းစွာ လှူဒါန်းပါ။
၈။ မှယောစောင့်သူ၊ သဒ္ဒါဖြူ၊ ပေးလှူ မြက်ကိုသာ။
၉။ ပိတောက်မည်တွင်၊ ဗောဓိပင်မှ၊ ကောင်းကင်လမ်းမ၊ ဈာန်ဖြင့်ကြွ၍၊ မင်္ဂလခေါ်တွင်၊ ဥယျာဉ်စောင့်အား၊ ဟောဖော်ကြား၊ တရား ဓမ္မစကြာ။
၁၀။ ဗြဟ္မဒေဝ၊ ဥဒက၊ အဂ္ဂသာဝကာ။
၁၁။ အရှင်သမင်္ဂမ၊ လုပ်ကျွေးရ၊ ပြည့်ဝဆုတောင်းသာ။
၁၂။ အဂ္ဂသာဝိ၊ ဆုပန်ရှိ၊ မည်ဘိဖုဿာ၊ သုဒတ္တာ။
၁၃။ လုပ်ကျွေးခွင့်ရ၊ သမ္ဗလ၊ စံပြသိရိမာ။
၁၄။ ကိသာဂေါတမီ၊ တလီမှတ်ကြ၊လုပ်ကျွေးရ၊ ဥပသေနာပါ။

၁၅။ အတောင်ခြောက်ဆယ်၊ အရပ်ထယ်၊ ပွင့်ကြွယ်သိန်းတမ်းမှာ။

၁၆။ သုဇာတရသေ့၊ တရားမွေ့၊ ခံလေ့ဗျာဒိတ်သာ။

## ၂၁။ ဖုဿဗုဒ္ဓဝင် စကားပြေ

ဖုဿဘုရားရှင်သည် ကာသိကတိုင်း ဇယသေနမင်း သိရီမာမိဖုရားကြီးတို့မှ ဖွားမြင်တော်မူသည်။ အမည်တော်ကား ဖုဿတည်း။ ဖုဿမင်းသားသည် ဝရပက္ခပြာသာဒ်, ဟံသပက္ခပြာသာဒ်, သုဝဏ္ဏဘာရပြာသာဒ်ဟု ဆိုအပ်သော ရွှေနန်းသုံးဆောင်တို့၌ အပျိုတော်ပေါင်း သုံးသောင်း ခြံရံကာ ကိသာဂေါတမီမင်းသမီးကို မိဖုရားကြီးအရာထား၍ ပျော်စံမြန်းစဉ် နှစ်ပေါင်းကိုးထောင်အကြာတွင် သားတော် အနုပမာကို ဖွားမြင်တော်မူပါသည်။ ထို့နောက် မကြာမီ နိမိတ်ကြီးလေးပါး မြင်တွေ့၍ မင်္ဂလာဆင်တော်ဖြင့် တောထွက်တော်မူရာ လူပေါင်း တစ်ကုဋေတို့သည်လည်း ရဟန်းပြုကြကုန်၏။ ခြောက်လမျှ ဒုက္ကရစရိယာကျင့်ကြံပြီး သော် သိရိဝဍ္ဍနသတို့သမီးသည် လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍ သိရိဝဍ္ဍနရသေ့မြတ် ဆက်ကပ်သော မြက်ရှစ်ဆုပ်ကို ရှစ်ရှားပင် မဟာဗောဓိပင်ရင်း၌ ဖြန့်ခင်းကာထိုင်တော်မူလျက် ညဉ့်သုံးယံလွန်မြောက်လျှင် ဘုရားအဖြစ်သို့ရောက်တော်မူသည်။

ဖုဿဘုရားရှင်သည် ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြု တော်မူကြသော ရဟန်းတစ်ကုဋေတို့အား မိဂဒါဝုန်တောကြီး၌ ဓမ္မစကြာဒေသနာတော်ကို ဟောကြားတော်မူရာ နတ်ဗြဟ္မာ ကုဋေတစ်သိန်းတို့သည် နိဗ္ဗာန်ကို မျက်မှောက်ပြုကြရကုန်၏။

ဖုဿဘုရားရှင်၏ အဂ္ဂသာဝကအစုံတို့ကား အရှင်သုရက္ခိတ နှင့် အရှင်ဓမ္မသေနတို့ ဖြစ်ကြ၍ အရှင်သတိယထေရ်ကား အလုပ်အကျွေး ရဟန်းတည်း။ စာလာထေရီနှင့် ဥပစာလာထေရီ နှစ်ပါးတို့ကား အဂ္ဂသာဝိကာမတို့ ဖြစ်ကြကုန်၏။ ဓနဉ္စယ နှင့် ဝိသာခ ဒါယကာနှစ်ယောက်တို့ကား အလုပ် အကျွေးဖြစ်ကြ၍ ပဒုမာနှင့် နာဂါဒါယိကာမ နှစ်ယောက်တို့ကား အလုပ်အကျွေး ဥပါသိကာမတို့ပေတည်း။

ဖုဿဘုရားရှင်၏ အရပ်တော်သည် ငါးဆယ့်ရှစ်တောင် မြင့်တော်မူ၍ လူတို့၏ အနှစ်ကိုးသောင်းသက်တမ်းတွင် ပွင့်ထွန်း ပေါ်ပေါက်တော်မူသည်။

ဂေါတမဘုရားအလောင်းတော်သည် **ဝိဇိတာဝီ** မင်းဖြစ်၍ ဖုဿဘုရားရှင် ထံတော်မှောက်၌ ဗျာဒိတ်ခံယူတော်မူသည်။

## ၂၁။ ဖုဿဗုဒ္ဓဝင် ကဗျာ

၁။ ဖုဿရှင်ပင်၊ ဗုဒ္ဓဝင်၊ မြော်မြင်သိဖို့ရာ။

၂။ ကာသိတိုင်းပြည်၊ ပြန့်ပြောသည်၊ နာမည်မွေးလုပါ။

၃။ ဇယသေနခေါ်၊ ခမည်းတော်၊ မယ်တော် သိရီမာ။
၄။ ကိသာဂေါတမိ၊ လှဂုဏ်ရည်နှင့်၊ ရှင်ကြည် ပေါင်းလာ၊ ကိုးထောင်ကြာသော်၊ ရတနာမျက်ရှု၊ သားရွှေဉ၊ အနုပမာသာ။
၅။ ဆင်ယာဉ်စီးကာ၊ တောဝနာဝယ်၊ နောက်ပါတစ်စု၊ ရဟန်းပြု၊ သာဓုခေါ်စရာ။
၆။ ခြောက်လတာမျှ၊ ကျင့်ဆောင်ရ၊ ဒုက္ကရစရိယာ။
၇။ ယနာလှူဘိ၊ သဒ္ဒါရှိ၊ သိရိဝမုနာ၊ လှကညာ။
၈။ သိရိဝမုန၊ ရသေ့က၊ လှူရမြက်ကိုသာ။
၉။ ဗောဓိရှစ်ရှား၊ မြဲမှတ်သားလော့၊ ကြွသွား မိဂဒါ၊ နတ်ဗြဟ္မာနှင့်၊ ပြုလာရဟန်း၊ လုံးစုံမှန်း၊ မိန့်ခွန်းဓမ္မစကြာ။
၁၀။ ဓမ္မသေန၊ တဝမည်ရှိ၊ သုရက္ခိ၊ မှတ်ဘိ အဂ္ဂသာဝကာ။
၁၁။ သတိယထေရ်၊ လုပ်ကျွေးပေ၊ ပြည့်စေ ဆုတောင်းပါ။
၁၂။ ဘွဲ့ထူးအဂ္ဂ၊ အမည်ရ၊ ဥပစာလာ၊ ဒေါ်စာလာ။
၁၃။ ဓနဥ္စယ၊ ဝိသာခ၊ ဌာနလုပ်ကျွေးပါ။ (ကျား)
၁၄။ လုပ်ကျွေးကွင့်ရ၊ အမည်ပြ၊ မှတ်ကြနာဂါ၊ ပဒုမာ။(မ)
၁၅။ ငါးဆယ့်ရှစ်တောင်ပေါင်း၊ အရပ်ကောင်း၊ ကိုးသောင်းသက်တမ်းမှာ၊ ပွင့်ပေါ်လာ။
၁၆။ ဝိဇိတာဝီမင်း၊ ဗျာဒိတ်နှင်း၊ ပုံ့သင်းဂုဏ် တေဇာ။

## ၂၂။ ဝိပဿီဗုဒ္ဓဝင် စကားပြေ

ဝိပဿီဘုရားရှင်သည် ဗန္ဓုမတီနေပြည်တော် ဗန္ဓုမမင်းနှင့် ဗန္ဓုမတီမိဖုရားကြီးတို့မှ ဖွားမြင်တော်မူသည်။ ဝိပဿီဟု အမည်မှည့်ကြကုန်၏။ ဝိပဿီ မင်းသားသည် နန္ဒပြာသာဒ်, သုနန္ဒပြာသာဒ်, သိရိမာပြာသာဒ်ဟု ဆိုအပ်သော ရွှေနန်းသုံးဆောင်တို့၌ အပျိုတော်ပေါင်း တစ်သိန်းရှစ်သောင်းခြံရံကာ သုဒဿနာဒေဝီကို မိဖုရားကြီးအရာ၌ထား၍ ပျော်စံမြန်းတော်မူရာ အနှစ်ရှစ်သောင်းကြာလျှင် သုဒဿနာဒေဝီမိဖုရားကြီးမှ သမဝတ္တက္ခန္ဓကဟူသော သားရတနာကို ဖွားမြင်တော်မူသည်။ ထိုစဉ်အခိုက်မှာပင် နိမိတ်ကြီးလေးပါး မြင်တွေ့၍ အာဇာနည်မြင်းရထားဖြင့် တောထွက်တော်မူသည်။ လူပေါင်း ရှစ်သောင်းလေးထောင်တို့သည် မင်းသားနှင့်အတူ ရဟန်းပြုကြကုန်၏။

ဒုက္ကရစရိယာအကျင့်မြတ်ကို ဆယ့်ငါးလပတ်လုံး ကျင့်သုံးတော်မူကာ သုဒဿနာသူဌေးသမီးသည် လှူဒါန်းအပ်သော ဃနာနို့ဆွမ်းကို ဘုဉ်းပေး၍ သုဇာတမုယောခင်းစောင့် လှူဒါန်းသော မြက်ရှစ်ဆုပ်ကို မဟာဗောဓိဖြစ်သော သခွတ်ပင်ရင်း၌ ငါးဆယ့်သုံးတောင်အကျယ် ဖြန့်ခင်းလျက် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူစဉ် ညဉ့်သုံးယံလွန်မြောက်သော် ဘုရားအဖြစ်သို့ရောက်တော်မူပါသည်။

ဝိပဿီဘုရားရှင်သည် အဘာတူ အမိကွဲဖြစ်သော ခဏ္ဍ

မင်းသားနှင့် ပုရောဟိတ်ပုဏ္ဏားတို့၏ သားဖြစ်သော တိဿတို့အား မိဂဒါဝုန်တော၌ ဓမ္မစကြာဒေသနာတော်ကို ဟောကြားတော်မူစဉ် လူနတ်များစွာ ကျွတ်တမ်းဝင်ကြလေကုန်၏။

ဝိပဿီဘုရား၏ အဂ္ဂသာဝကအစုံတို့ကား အရှင်ခဏ္ဍနှင့် အရှင်တိဿတို့ပင် ဖြစ်ကြ၍ အရှင်အသောကကား အလုပ်အကျွေး ရဟန်းတည်း။ စန္ဒာထေရီနှင့် စန္ဒမိတ္တာထေရီ နှစ်ပါးတို့ကား အဂ္ဂသာဝိကာမ တပည့်မိန်းမမြတ်တို့ ဖြစ်ကြကုန်၏။ ပုနဗ္ဗသုမိတ္တနှင့် နာဂဒါယကာတို့ကား အလုပ်အကျွေး ဥပါသကာတို့ဖြစ်ကြကုန်၍ သိရိမာနှင့် ဥတ္တရာ ဒါယိကာမတို့ကား အလုပ်အကျွေး ဥပါသိကာမတို့ပေတည်း။

ဝိပဿီ မြတ်စွာဘုရား၏ အရပ်တော်ကား အတောင်ရှစ်ဆယ် မြင့်လျက် ရောင်ခြည်တော်ခြောက်ပါးသည်ကား ခုနစ်ယူဇနာ အတွင်း အမြဲလင်းတော်မူ၏။ သက်တမ်းကား ရှစ်သောင်းတည်း။

ဂေါတမ ဘုရားအလောင်းတော်သည် **အတုလနဂါးမင်း** ဖြစ်၍ ဝိပဿီဘုရား ထံတော်မှောက်၌ ဗျာဒိတ်ခံယူတော်မူ၏။

## ၂၂။ ဝိပဿီဗုဒ္ဓဝင် ကဗျာ

၁။ ဝိပဿီရှင်၊ ဘုံသုံးခွင်၊ ပေါ်ထင်ကျော်စောပါ။

၂။ ဗန္ဓုမတီ၊ တိုင်းနေပြည်၊ အမှီရခဲ့ပါ။

၃။ ဗန္ဓုမှာ ပိတု၊ မယ်တော်ရှု၊ ဗန္ဓုမတီပါ။

၄။ သမဝတ္တက္ခန္ဓက၊ သားပုတ္တ၊ နာမ အမည်သာ။
၅။ ခဲယဉ်းကျင့်ရ၊ ဆယ့်ငါးလ၊ ဗုဒ္ဓပွင့်ပေါ်လာ။
၆။ နို့ဃနာဆွမ်း၊ ကပ်လှူဒါန်း၊ ရှင်လန်း သုဒဿနာ။
၇။ မှယောစောင့်ရ၊ သုဇာတ၊ လှူရမြက်ကိုသာ။
၈။ ဗောဓိမည်တွင်၊ သခွတ်ပင်၊ ဘုန်းရှင်မှီစရာ။
၉။ အဂ္ဂနှစ်ပါး၊ သိစေသား၊ ဟောကြား ဓမ္မစကြာ။
၁၀။ အရှင်ခဏ္ဍာ၊ အရှင်တိဿ၊ အဂ္ဂသာဝကာ။
၁၁။ အသောကထေရ်၊ လုပ်ကျွေးပေ၊ သိစေကြဖို့ရာ။
၁၂။ စန္ဒမိတ္တာ၊ ဒေါစန္ဒာ၊ အဂ္ဂသာဝိကာ။
၁၃။ ပုနဗ္ဗသုမိတ္တ၊ မောင်နာဂ၊ နိစ္စလုပ်ကျွေးပါ။
၁၄။ ဥပဠ္ဍက၊ လုပ်ကျွေးရ၊ လှသိရိမာ၊ ဥတ္တရာ။
၁၅။ ရှစ်ဆယ်တောင်ဆပေါင်း၊ အရပ်ကောင်း၊ တစ်သောင်းတမ်းမှာ၊
ပွင့်ပေါ်လာ။
၁၆။ **အတုလနဂါး**၊ ရှင့်ထံပါး၊ ခံပြားဗျာဒိတ်သာ။

## ၂၃။ သိခီဗုဒ္ဓဝင် စကားပြေ

သိခီဘုရားရှင်သည် အရုဏဝတီမြို့၊ အရုဏမင်း ပဘာဝတီ မိဖုရားကြီးတို့မှ ဖွားမြင်တော်မူသည်။ သိခီအမည်တွင်၏။ သိခီမင်းသားသည် သုစန္ဒက သိရီပြာသာဒ်၊ ဝိရိသပြာသာဒ်၊ နာရိဝသပြာသာဒ်တို့၌ သဗ္ဗကာမ မင်းသမီးကို မိဖုရားကြီးအရာ၌

ထား၍ အပျိုစင်ပေါင်း ရှစ်သောင်းလေးထောင် ခြံရံကာ မင်းစည်းစိမ်ကို ခံစားစဉ် အနှစ်ခုနစ်ထောင် ကြာသောအခါ မဟာဒေဝီမိဖုရားကြီးမှ အတုလမည်သော သားရတနာကို ဖွားမြင်တော်မူသည်။ ထို့နောက် မကြာမြင့်မီ နိမိတ်ကြီးလေးပါး မြင်တွေ့ရသော် ဆင်ယာဉ်စီးကာ တောထွက်တော်မူ၏။ အလောင်းတော်မင်းသားနှင့်အတူ လူပေါင်းသုံးသန်း ခုနစ်သိန်းတို့သည်လည်း ရဟန်းပြုကြကုန်၏။ ဒုက္ကရစရိယာအကျင့်မြတ်ကို ရှစ်လပတ်လုံး ကျင့်သုံးတော်မူ၍ သုဒဿနနိဂုံးသူ ပိယဒဿီ သူဌေးသမီးသည် လှူဒါန်းသော ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူပြီးလျှင် အနောမဒဿီ ရသေ့မ လှူဒါန်းသော မြက်ရှစ်ဆုပ်ကို သရက်ဖြူဗောဓိပင်ရင်း၌ နှစ်ဆယ့်လေးတောင်ကျယ်သော မြက်အခင်းကို ခင်းပြီးလျှင် ထက်ဝယ်ဖွဲ့ခွေနေတော်မူ၍ ညဉ့်သုံးယံလွန်မြောက်သောအခါ ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။

သိဒ္ဓိဘုရားရှင်သည် ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြုတော်မူကြသော ရဟန်းတော် သုံးသန်းခုနစ်သိန်းတို့အား မိဂဒါဝုန်ဥယျာဉ်၌ ဓမ္မစကြာသုတ္တန်ကို ထုတ်ပြန်ဟောကြားတော်မူသည်။ လူ နတ် ဗြဟ္မာ ကုဋေတစ်သိန်းတို့သည် ကျွတ်တမ်းဝင်ကြလေကုန်၏။

သိဒ္ဓိမြတ်စွာဘုရား၏ အဂ္ဂသာဝကနှစ်ပါးတို့ကား အရှင်အဘိဘူနှင့် အရှင်သမ္ဗဝတို့ ဖြစ်ကြ၍ အလုပ်အကျွေး ရဟန်း

တော်ကား အရှင်ခေမက်ရတည်း။ သခိလာထေရီနှင့် ပဒုမာထေရီနှစ်ပါးတို့ကား အဂ္ဂသာဝိကာမတို့ ဖြစ်ကြကုန်၏။ သိရိဝမှနှင့် စန္ဒ ဒါယကာနှစ်ဦးတို့ကား အလုပ်အကျွေး ဥပါသကာတို့ဖြစ်ကြ၍ စိတ္တာနှင့် သုဂုတ္တာ ဒါယိကာမတို့ကား အလုပ်အကျွေး ဥပါသိကာမတို့ ဖြစ်ကြကုန်၏။

သိခီမြတ်စွာဘုရား၏ အရပ်တော်ကား အတောင်ခုနစ်ဆယ် မြင့်၍ ရောင်ခြည်တော်မှာ သုံးယူဇနာတိုင်တိုင် အမြဲလင်းတော်မူ၏။ နှစ်ပေါင်း ခုနစ်သောင်း သက်တမ်းတွင် ပွင့်ထွန်းပေါ်ပေါက်တော်မူပါသတည်း။

ဂေါတမ ဘုရားအလောင်းတော်သည် အရိန္ဒမမင်းဖြစ်၍ သိခီဘုရားရှင်ထံ၌ ဗျာဒိတ်ခံယူတော်မူသည်။

## ၂၃။ သိခီဗုဒ္ဓဝင် ကဗျာ

၁။ သိခီဗုဒ္ဓဝင်၊ ဖြစ်တော်စဉ်၊ မြော်မြင်သိဖို့ရာ။
၂။ အရုဏာဝတီ၊ မြို့ကိုမှီ၊ သညီမွေးလှစွာ။
၃။ အရုဏာဝန္တ၊ မင်းရာဇာ၊ ပဘာဝတီသာ။
၄။ သဗ္ဗကာမ၊ ကြင်ရာပြ၊ အတုလသားပုတ္တာ။
၅။ ဒုက္ကရစရိ၊ ရှစ်လရှိ၊ ကျင့်ဘိခဲယဉ်းစွာ။
၆။ ဃနာဆွမ်းလှူ၊ နိဂုံးသူ၊ ကြည်ဖြူ သုဒဿနာ။
၇။ အနောမဒတ်၊ ရသေ့မြတ်၊ လှူအပ် မြက်ဆုပ်သာ။

၈။ ဗောဓိတစ်ဆူ၊ သရက်ဖြူမှ၊ ညီမူအာကာ၊ ဈာန်ဖြင့်လာ၍၊
မိဂါဓိန်ဥယျာဉ်၊ ဆင်းသက် ဝင်လျက်၊ တူယှဉ်ဖြစ်ငြား၊
ရဟန်းများ၊ ဟောကြား ဓမ္မစကြာ။
၉။ အဘိဘူ-သမ္ဘဝ၊ ထေရ်နှစ်ဝ၊ အဂ္ဂသာဝကာ။
၁၀။ ခေမက်ရ၊ လုပ်ကျွေးရ၊ ရှေးကဆုတောင်းပါ။
၁၁။ သိခိလာပဒုမာ့၊ ထေရီပ၊ အဂ္ဂသာဝိကာ။
၁၂။ သိရိဝမ္မ၊ မောင်စန္ဒ၊ နိစ္စလုပ်ကျွေးပါ။
၁၃။ လုပ်ကျွေးခွင့်ရ၊ သုဂုတ္တာ့၊ စိတ္တဒါယိကာ။
၁၄။ အတောင် ခုနစ်ဆယ်၊ ဖြိုးမြင့်ကွယ်၊ တင့်တယ်အရပ်သာ။
၁၅။ သက်တမ်း နှစ်ပေါင်း၊ ခုနစ်သောင်း၊ ပွင့် ကြောင်းသိစေရာ။
၁၆။ **အရိန္ဒမမင်း**၊ အကျင့်ပြင်း၊ ဆောင်နှင်းဗျာဒိတ်ပါ။

## ၂၄။ ဝေဿဘူဗုဒ္ဓဝင် စကားပြေ

ဝေဿဘူဘုရားသည် အနောမမြို့ သုပ္ပတိတမင်းနှင့် ယဿဝတီမိဖုရားတို့မှ ဖွားမြင်တော်မူသည်။ အမည်တော်ကား ဝေဿဘူတည်း။ ဝေဿဘူမင်းသားသည် ရုစိပြာသာဒ်, သုရုစိ ပြာသာဒ်, ရတိဝဍ္ဍနပြာသာဒ်ဟု ဆိုအပ်သော ရွှေနန်းသုံးဆောင်တို့၌ အနှစ်ခြောက်သောင်းကြာအောင် အပျိုစင် သုံးသောင်းတို့၏ အလယ်တွင် သုစိတ္တာဒေဝီကို မိဖုရားအရာထား၍ မင်းချမ်းသာကို စံစားစဉ် သုပ္ပဗုဒ္ဓသားရတနာကို ဖွားမြင်တော်မူသည်။ ထို့နောက်

မကြာမီ နိမိတ်ကြီးလေးပါး မြင်ပြန်သောကြောင့် ရွှေထမ်းစင်ဖြင့် တောထွက် တော်မူသည်။ လူပေါင်း သုံးသောင်းခုနစ်ထောင် တို့သည်လည်း ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြု ကြကုန်၏။ ဒုက္ကရစရိယာ အကျင့်မြတ်ကို ခြောက်လကြာမျှ ကျင့်သုံးတော်မူ ရ၏။

သုစိတ္တနိဂုံးသူ သိရိဝမှနာ နဂါးမသည် လျှာဒါန်းအပ်သော နို့ယနာဆွမ်းကို ဘုဉ်းပေးတော်မူ၍ နရိန္ဒနဂါးမင်းသည် လျှာဒါန်း အပ်သော မြက်ရှစ်ဆုပ်ကို အင်ကြင်း ဗောဓိပင်ရင်း၌ အတောင် လေးဆယ် အကျယ်မျှ ခင်းတော်မူလျက် သဗ္ဗညုတဉာဏ်ကို မရလျှင် ငါမထဟု အဓိဋ္ဌာန်ပြု၍ ကျင့်ကြံတော်မူ၏။ အလောင်း တော်သည် မာရ်ငါးပါးကို အောင်မြင်တော်မူခါ သဗ္ဗညုဘုရား အဖြစ်သို့ ရောက်တော်မူပါသည်။

ဝေဿဘူ ဘုရားရှင်သည် ညီငယ် သောဏမင်းသားနှင့် ဥတ္တရမင်းသားတို့ကို အရုဏာဥယျာဉ်၌ ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူသောအခါ ကုဋေရှစ်သောင်းသော လူနတ် အပေါင်းတို့သည် သစ္စာဉာဏ်အလင်းရကြကုန်၏။

ဝေဿဘူဘုရားရှင်၏ အဂ္ဂသာဝကအစုံတို့ကား အရှင် သောဏနှင့် အရှင်ဥတ္တရတို့ပင် ဖြစ်ကြ၍ အရှင်ဥပသန္တကား အလုပ်ကျွေး ရဟန်းတော်ပေတည်း။ ရာမာထေရီနှင့် သမလာ ထေရီ နှစ်ပါးတို့ကား အဂ္ဂသာဝိကာမတို့ ဖြစ်ကြကုန်၏။

သောတ္ထိတနှင့် ရမ္မ ဒါယကာတို့ကား အလုပ်အကျွေး ဥပါသကာတို့ဖြစ်ကြ၍ ဂေါတမီနှင့် သိရိမာဒါယိကာမတို့သည် အလုပ်အကျွေး ဥပါသိကာမအစုံတို့ ဖြစ်ကြကုန်၏။ မြတ်စွာဘုရား၏ အရပ်တော်သည် အတောင်ခြောက်ဆယ်မြင့်၍ သက်တော်တမ်းမှာကား အနှစ်ခြောက်သောင်း ဖြစ်ပါသည်။

ဂေါတမဘုရားအလောင်းတော်သည် **သုဒဿနမင်း** ဖြစ်တော်မူ၍ ဝေဿဘူဘုရားရှင် ထံတော်မှောက်၌ ဗျာဒိတ်ခံယူတော်မူပါသည်။

**၂၄။ ဝေဿဘူဗုဒ္ဓဝင် ကဗျာ**

၁။ ဝေဿဘူမြတ်ဘုရား၊ လူသုံးပါး၊ ထင်ရှား ပွင့်ပေါ်လာ။

၂။ အနောမမည်၊ မင်းနေပြည်၊ သာစည် ပေါ်ကြွယ်ပါ။

၃။ သုပ္ပတိတ၊ ဘုရားဘ၊ ယသဝတီ မယ်တော်ပါ။

၄။ သုပ္ပဗုဒ္ဓ၊ သားပုတ္တ၊ နန်းမတောင်ညာ၊ သုစိတ္တာ။

၅။ ခြောက်လတာမျှ၊ ဒုက္ကရ၊ ကျင့်ရလေတော့တာ။

၆။ ဃနာလှူဘိ၊ သဒ္ဒါရှိ၊ သိရိဝမုနာ။

၇။ မင်္ဂလာဥယျာဉ်၊ တောအဝင်၊ ထမ်းစင် စီးခဲ့ပါ။

၈။ နရိန္ဒနဂါး၊ မြက်လှူငြား၊ အများသိစေရာ။

၉။ အင်ကြင်းရကျွေ၊ ပင်လုံးဝေ၊ မှတ်လေ ဗောဓိသာ။

၁၀။ အရုဏာမည်တွင်၊ ပန်းဥယျာဉ်ဝယ်၊ ညီခင် မင်းသား၊

ထိုနှစ်ပါး၊ ဟောကြားမမှုစကြာ။

၁၁။ အရှင်သောဏ၊ ဉတ္တရ၊ အဂ္ဂသာဝကာ၊ ညီရင်းသာ။

၁၂။ ဉပသန္တ၊ ရိုတုပ်ကွ၊ နိစ္စလုပ်ကျွေးပါ။

၁၃။ ထေရီရာမာ၊ သမလာ၊ အဂ္ဂသာဝိကာ။

၁၄။ သောတ္ထိ, ရမ္မာ၊ ဒါယကာ၊ ဌာနလုပ်ကျွေးရာ။

၁၅။ လုပ်ကျွေးကြသည်၊ ဂေါတမိ၊ တလိ သိရိမာ။

၁၆။ သက်တမ်း ခြောက်သောင်း၊ အရပ်ကောင်း၊ တောင်ပေါင်း ခြောက်ဆယ်သာ။

၁၇။ သုဒဿန၊ မင်းရာဇာ၊ ခံရ ဗျာဒိတ်သာ။
အဖြစ်တော်စဉ်၊ ဗုဒ္ဓဝင်၊ နှုတ်တွင် ဆောင်ထားပါ။
ရွတ်ဖတ်ကြည်ညို၊ သဒ္ဓါပို၊ တောင်းဆို ဆုပတ္ထနာ။

## ၂၅။ ကကုသန္ဓ ဗုဒ္ဓဝင် စကားပြေ

ကကုသန္ဓဘုရားရှင်သည် ခေမဝတီမြို့၌ ခေမက်ရမင်းအား ဆုံးမတတ်သော ပုရောဟိတ်အမတ်ကြီး အဂ္ဂိဒတ္တနှင့် ဝိသာခါ ပုဏ္ဏားမတို့မှ ဖွားမြင်တော်မူ သည်။ ဘုရားအလောင်းတော်သည် အပျိုစင်သုံးသောင်းတို့ဖြင့် ခြံရံကာ ရောစိနီကညာခင်ကို အကြီး အမှူးတင်ထား၍ ကာမပြာသာဒ်, ကမာဝဏ္ဏပြာသာဒ်, ကာမသုဒ္ဓိ ပြာသာဒ်တို့၌ လူ့စည်းစိမ်ကို ခံစား၍နေစဉ် ရောစိနီဝမ်းမှ ဉတ္တရသားရတနာကို ဖွားမြင်တော်မူသည်။

ထိုနေ့မှာပင် နိမိတ်ကြီးများကို ထင်မြင်၍ အာဇာနည်မြင်းကသောရထားဖြင့် တောထွက်တော်မူ၏။ လူပေါင်းလေးသောင်းတို့သည်လည်း ရဟန်းပြုကြကုန်၏။ အလောင်းတော်မြတ်သည် ဒုက္ကရစရိယာအကျင့်ကို ရှစ်လပတ်လုံး ကျင့်သုံးတော်မူရ၏။ သုစန္ဒရနိဂုံးသူ ဝဇိရိန္ဒပုဏ္ဏားသမီးသည် လှူဒါန်းအပ်သော ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူ၍ သုဘဒ္ဒမုယောခင်းစောင့် လှူဒါန်းသော မြက်ရှစ်ဆုပ်ကို ကုက္ကိုပင်မဟာဗောဓိ၌ သုံးဆယ့်လေးတောင်ရှိသော မြက်အခင်းကို ဖြန့်ခင်းကာ သီတင်းသုံး ကျင့်ကြံတော်မူစဉ် ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။

ကကုသန်ဘုရားရှင်သည် မကိလမြို့အနီး မိဂဒါဝုန်တော၌ ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြုတော်မူကြသော ရဟန်းတော်ပေါင်း လေးသောင်းတို့အား ဓမ္မစကြာဒေသနာတော်ကို ဟောကြားတော်မူရာ ကုဋေလေးသောင်းသော နတ်လူအပေါင်း တို့သည် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်ကြကုန်၏။

ကကုသန်မြတ်စွာဘုရား၏ အဂ္ဂသာဝကအစုံတို့ကား အရှင်ဝိဓုရနှင့် အရှင်သဉ္ဇီဝတို့ ဖြစ်ကြ၍ အလုပ်အကျွေးရဟန်းတော်ကား အရှင်ဗုဒ္ဓိဇမည်၏။ သာမာထေရီနှင့် စမ္ပာထေရီနှစ်ပါးတို့ကား အဂ္ဂသာဝိကာမတို့ ဖြစ်ကြကုန်၏။ အစ္စုတနှင့် သုမန ဒါယကာနှစ်ယောက်တို့ကား အလုပ်အကျွေး ဥပါသကာတို့ ဖြစ်ကြ၍ နန္ဒာနှင့် သုနန္ဒာဒါယိကာမတို့ကား အလုပ်အကျွေး ဥပါသကာမ

တို့တည်း။

ကကုသန်မြတ်စွာဘုရား၏ ရောင်ခြည်တော်သည် ဆယ်ယူဇနာအတွင်း အမြဲထိန်လင်းတော်မူ၏။ အရပ်တော်ကား အတောင်လေးဆယ်မြင့်၍ အနှစ်လေးသောင်း အသက်တမ်းတွင် ပွင့်တော်မူပါသည်။

ဂေါတမဘုရား အလောင်းတော်သည် **ခေမမင်း** ဖြစ်၍ ကကုသန်မြတ်စွာဘုရား၏ ထံတော်မှောက်၌ ဗျာဒိတ်ခံယူတော်မူပါသည်။

## ၂၅။ ကကုသန် ဗုဒ္ဓဝင် ကဗျာ

၁။ ကကုသန္ဓ၊ မြတ်ဗုဒ္ဓ၊ ထွန်းပ လူတို့ရွာ။

၂။ ခေမဝတီ၊ နန်းမြို့မှီ၊ ကုံးသိ ဤကဗျာ။

၃။ ပုဏ္ဏားမျိုးနွယ်၊ သန္ဓေတွယ်၊ လောင်းကြွယ် မြတ်ဗုဒ္ဓါ။

၄။ ခေမကာရမင်းမြတ်၊ ဆုံးမတတ်၊ အမတ်ချုပ်ကြီးပါ။

၅။ အဂ္ဂိဒတ္တ၊ ဖနီးလှ၊ နာမဝိသာခါ။

၆။ ရင်သွေးပုတ္တ၊ ဥတ္တရ၊ ထုတ်ပြ သိစေရာ။

၇။ ရှစ်လတာမျှ၊ ကျင့်ပြင်းလှ၊ ဒုက္ကရစရိယာ။

၈။ ဝဇီရိန္ဒ၊ ပုဏ္ဏေးမ၊ လှူရန့်ဃနာ။

၉။ မုယောစောင့်ရ၊ သုဘဒ္ဒ၊ လှူရ မြက်ကိုသာ။

၁၀။ ဖောမိက္ကုက္ကို၊ သိစေလို၊ မှီခိုဘဂဝါ။

၁၁။ ဗောဓိပင်မှ၊ ဈာန်ဖြင့် ကြွလျက်၊ မိဂဒါဝုန်၊ တောရဂုံဝယ်၊
လုံးစုံသူပြု၊ မြတ်ဘိက္ခု၊ ပေါမှု ဓမ္မစကြာ။
၁၂။ အရှင်ဝိဓုရ၊ သဋ္ဌိဝ၊ အဂ္ဂသာဝကာ။
၁၃။ ဗုဒ္ဓိဇအရှင်၊ ဆုပန်ဆင်၊ နေ့စဉ်လုပ်ကျွေးပါ။
၁၄။ ထေရီသာမှာ၊ စမ္မာပြ၊ အဂ္ဂသာဝိကာ။
(ကာရန်ငဲ့ကွက်၊ အောက်မြစ်စွက၊ မှတ်ချက် အထူးပါ။
အမည်နာမ၊ ကာရန္တ၊ အာ-အ ထိုနှစ်ဖြာ။
လိင်၏အလိုက်၊ ခေါ်ဆိုထိုက်၊ စူးစိုက်ဉာဏ်သွင်းပါ။)
၁၅။ မောင်သုမန၊ အစ္စုတ၊ ကျန လုပ်ကျွေးပါ။
၁၆။ လုပ်ကျွေးကြည်သာ၊ ဒါယိကာ၊ နန္ဒာ သုနန္ဒာ။
၁၇။ သက်တမ်းလေးသောင်း၊ အရပ်ကောင်း၊ တောင်ပေါင်း
လေးဆယ်သာ။
၁၈။ ခေမမင်းမြတ်၊ ဆုပန်လတ်၊ ဗျာဒိတ်ခံရပါ။

## ၂၆။ ကောဏာဂမနဗုဒ္ဓဝင် စကားပြေ

ကောဏာဂမနမြတ်စွာဘုရားသည် သောဘဝတီမြို့ ယည ဒတ္တပုဏ္ဏား-ဥတ္တရာပုဏ္ဏေးမတို့မှ ဖွားမြင်တော်မူသည်။ အလောင်းတော်၏ အမည်ကို ကောဏာဂမနဟု မှည့်ခေါ်ကြကုန်၏။ ကောဏာဂမန ပုဏ္ဏားလုလင်သည် တုသိတပြာသာဒ်, သန္တုသိတပြာသာဒ်, သန္တုဋ္ဌပြာသာဒ်တို့၌ ရုစိဂတ္တပုဏ္ဏေးမတို့ ကြင်ယာတော်

မြှောက်၍ ကညာပျိုပေါင်း တစ်သောင်းခြောက်ထောင်တို့ဖြင့် ပျော်ရွှင်စွာ စံစားစဉ် ရုစိဂတ္တာမယားဖနိုးမှ သားကြီး သတ္ထဝါဟ ကို ဖွားမြင်တော်မူသည်။

ထို့နောက် မကြာမီ နိမိတ်ကြီးလေးပါး မြင်တွေ့၍ ဆင်ယာဉ်ဖြင့် တောထွက်တော်မူသည်။ ယောကျ်ားပေါင်း သုံးသောင်းတို့သည် အလောင်းတော်နှင့်အတူ ရဟန်းပြုကြကုန်၏။ ဒုက္ကရစရိယာ အကျင့်မြတ်ကို ခြောက်လပတ်လုံး ကျင့်သုံးတော်မူရသည်။

အဂ္ဂိသေနပုဏ္ဏား၏ သမီးသည် ဆက်ကပ်သော နို့ဃနာကို ဘုဉ်းပေးတော်မူ၍ ဇမ္ဗာတိန္ဒုကမည်သော မုယောခင်းစောင့်သမား ဆက်ကပ်သော မြက်ရှစ်ဆုပ်ကို မဟာဗောဓိဖြစ်သော ရေသဖန်း ပင်ရင်း၌ အတောင်နှစ်ဆယ် အပြန့်ကျယ်သော မြက်အခင်းကို ခင်း၍ သီတင်းသုံး ကျင့်ကြံတော်မူစဉ် ညဥ့်သုံးယံလွန်မြောက်လျှင် ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။

ကောဏာဂုံမြတ်စွာဘုရားသည် ကိုယ်တော်နှင့်အတူ ရဟန်းပြုတော်မူကြသော ရဟန်းတော် သုံးသောင်းတို့အား သုဒဿနမြို့အနီး မိဂဒါဝုန်တောကြီး၌ ဓမ္မစကြာဒေသနာတော်ကို ဟောကြားတော်မူရာ လူ နတ် ဗြဟ္မာ ကုဋေသုံးသောင်းမျှ ကျွတ်တမ်းဝင်ကြကုန်၏။

ကောဏာဂုံ မြတ်စွာဘုရား၏ အဂ္ဂသာဝက အစုံတို့ကား

အရှင်ဘိယျောသနှင့် အရှင်ဥတ္တရတို့ဖြစ်ကြ၍ အရှင်သောတ္ထိဇကား အမြဲတမ်း အလုပ်အကျွေး ရဟန်းတော်တည်း။ သမုဒ္ဒါထေရီ နှင့် ဥတ္တရာထေရီနှစ်ပါးတို့ကား အဂ္ဂသာဝိကာမတို့ ဖြစ်ကြကုန် ၏။ ဥဂ္ဂဒါယကာနှင့် သောမဒေဝ ဒါယကာနှစ်ယောက်တို့ကား အလုပ်အကျွေး ဥပါသကာတို့ ဖြစ်ကြကုန်၏။ သီဝလာနှင့် သာမာ ဒါယိကာမတို့ကား အလုပ်အကျွေး ဥပါသိကာမတို့ ပေတည်း။ မြတ်စွာဘုရား၏ အရပ်တော်ကား အတောင်သုံးဆယ် မြင့်တော်မူ၍ သက်တမ်း နှစ်ပေါင်း သုံးသောင်းဝယ် ထင်ရှားစွာ ပွင့်ထွန်း ပေါ်ပေါက်တော်မူပါသည်။

ဂေါတမဘုရားအလောင်းသည် **ပဗ္ဗတမင်း** ဖြစ်၍ ကောဏာဂုံ ဘုရားရှင်ထံတော်မှောက်၌ ဗျာဒိတ်ခံယူတော်မူပါသည်။

## ၂၆။ ကောဏာဂမနဗုဒ္ဓဝင် ကဗျာ

၁။ ကောဏာဂမန၊ မြတ်ဗုဒ္ဓ၊ ထုတ်ပြကျမ်းဂန်မှာ။
၂။ သောဘဝတီ၊ မြို့ကိုမှီ၊ သညီမွေးပျံ့စွာ။
၃။ နွယ်တော်ပုဏ္ဏား၊ လွန်ထူးခြား၊ မှတ်သား သိစေရာ။
၄။ ဘ,မိ နှစ်ဝ၊ ယညတ္တ၊ အလှဥတ္တရာ။
၅။ ကြင်ဖော်မည်ရှိ၊ ပုဏ္ဏေးမိ၊ ရုစိဂတ္တာပါ။
၆။ သတ္တဝါဟ၊ သားအလှ၊ ဖွားထမင်္ဂလာ။
၇။ ခြောက်လတာမျှ၊ ကျင့်ကြံရ၊ ဒုက္ကရစရိယာ။

၈။ ဃနာသလ္လဘိ၊ ပုဏ္ဏေးမိ၊ အဂ္ဂိသေနာသာ။

၉။ မုယောစောင့်လာ၊ ဇဋ္ဋာတိန္ဒုက၊ မြက်လျှရ၊ မှတ်ကြ၊ စွဲမြဲစွာ။

၁၀။ ဗောဓိမည်ဆန်း၊ ရေသဖန်း၊ မြတ်ဘုန်းမှီစရာ။

၁၁။ ဗောဓိမည်တွင်၊ သဖန်းပင်မှ၊ ဈာန်ယာဉ်စီး ကာ မိဂဒါသို့၊ ကြွလာညီမှု၊ သယမ္ဘူနှင့်၊ အတူပြုကြား၊ ရဟန်းများ၊ ပေါ်ဘကြား ဓမ္မစကြာ။

၁၂။ အရှင်ဥတ္တရ၊ ဘိယျောသ၊ အဂ္ဂသာဝကာ။

၁၃။ အရှင်သောတ္ထိဇ၊ လုပ်ကျွေးရ၊ ဖေးမ ကြင်ကြင်နာ။

၁၄။ အဂ္ဂသာဝိ၊ ရာထူးရှိ၊ မှတ်သိသမုဒ္ဒါ ဥတ္တရာ။

၁၅။ လုပ်ကျွေးခွင့်ရ၊ ထူးလေးစွာ၊ ဥဂ္ဂဒါယကာ။

၁၆။ သက်တမ်းသုံးသောင်း၊ အရပ်ကောင်း၊ တောင်ပေါင်း သုံးဆယ်သာ။

၇။ ပဗ္ဗတမင်း၊ **ကျော်သံပြင်း၊ ဆောင်နှင်း ဗျာဒိတ်သာ။**

## ၂၇။ ကဿပဗုဒ္ဓဝင် စကားပြေ

ကဿပမြတ်စွာဘုရားသည် ဗာရာဏသီပြည်၌ ဗြဟ္မဒတ္တ ပုဏ္ဏားနှင့် ဓနဝတီပုဏ္ဏေးမတို့မှ ဖွားမြင်တော်မူသည်။ အလောင်းတော်၏ အမည်ကို အနွယ်အားဖြင့် ကဿပကုမာရဟု မှည့်ခေါ်ကြကုန်၏။

ကဿပ သတို့သားသည် ဟံသဝါပြာသာဒ်, ယသဝါပြာသာဒ်, သိရိနန္ဒပြာသာဒ်တို့၌ သုနန္ဒာ သတို့သမီးကို အကြီးအမှူးထား၍ အပျိုစင်ပေါင်း လေးသောင်းရှစ်ထောင် ခြံရံကာ လောကီစည်းစိမ်ကို ခံစား၍နေရာ နှစ်ပေါင်း နှစ်ထောင်ကြာလျှင် သုနန္ဒာဇနီးသည်မှ သားတော် ဝိဇိတသေနကို ဖွားမြင်တော်မူသည်။

နိမိတ်ကြီးလေးဖြာ မြင်တွေ့၍ တောထွက်လိုသောအခါ ရတနာပြာသာဒ်ကြီးသည် စက်ဘီးကဲ့သို့ လည်ပြီးလျှင် ကောင်းကင်သို့ပျံတက်ကာ ပညောင်ပင် မဟာဗောဓိကို အလယ်ထား၍ တည်နေတော်မူ၏။ ဒုက္ကရစရိယာ အကျင့်မြတ်ကို ခုနစ်ရက်ပတ်လုံး ကျင့်သုံးတော်မူ၍ သုနန္ဒာပုဏ္ဏေးမ လှူသော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူကာ သောမမည်သော မုယောခင်းစောင့် လှူဒါန်းသော မြက်ရှစ်ဆုပ်ကို ပညောင်ပင် မဟာဗောဓိအောက်၌ အလျားအနံ တစ်ဆယ့်ငါးတောင်ရှိသော မြက်ခင်းကို ခင်းတော်မူ၍ ထက်ဝယ်ဖွဲ့ခွေနေတော်မူစဉ် ညဥ့်သုံးယံ လွန်မြောက်သောအခါ ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။

ကဿပမြတ်စွာဘုရားသည် ကိုယ်တော်နှင့်အတူ ရဟန်းပြုတော်မူကြသော ရဟန်းတော် တစ်ကုဋေတို့အား ဗာရာဏသီပြည်-အနီး မိဂဒါဝုန်တော၌ ဓမ္မစကြာသုတ္တန်ကို ထုတ်ပြန်ဟောကြားတော်မူလျှင် နတ် ဗြဟ္မာ ကုဋေနှစ်သောင်းတို့သည် ကျွတ်တမ်းဝင်ကုန်ကြ၏။

ကဿပမြတ်စွာဘုရား၏ အဂ္ဂသာဝကအစုံတို့ကား အရှင်တိဿနှင့် အရှင်ဘာရဒွါဇတို့ ဖြစ်ကြ၍ ရှင်သဗ္ဗမိတ္တကား အလုပ်အကျွေး ရဟန်းတော်ပေတည်း။ အနုဠာထေရီနှင့် ဥရုဝေလာထေရီနှစ်ပါးတို့ကား အဂ္ဂသာဝိကာမတို့ ဖြစ်ကြကုန်၏။ သုမင်္ဂလနှင့် ဃဋိကာရဒါယကာ နှစ်ယောက်တို့ကား အလုပ်အကျွေး ဥပါသကာတို့ ဖြစ်ကြ၍ ဝိဇိတသေနာနှင့် ဘဒ္ဒါဒါယိကာမတို့သည်ကား အလုပ်အကျွေး ဥပါသိကာမတို့ပေတည်း။

မြတ်စွာဘုရား၏ အရပ်တော်သည် အတောင်နှစ်ဆယ်မြင့်တော်မူ၍ အသက်တမ်းနှစ်ပေါင်း နှစ်သောင်းဝယ် ပွင့်ထွန်းပေါ်ပေါက်တော်မူပါသည်။

ဂေါတမဘုရား အလောင်းတော်သည် **ဇောတိပါလလုလင်** ဖြစ်၍ ကဿပမြတ်စွာဘုရား အထံတော်၌ ဗျာဒိတ်ခံယူတော်မူသည်။

## ၂၇။ ကဿပဗုဒ္ဓဝင် ကဗျာ

၁။ ကဿပရှင်တော်၊ ပွင့်ထွန်းပေါ်၊ ကော်ရော် ရှိခိုးပါ။
၂။ ဗာရာဏသီ၊ သာယာစည်၊ တိုင်းပြည် နဂရာ။
၃။ နွယ်တော်ပုဏ္ဏား၊ လွန်ထူးခြား၊ မှတ်သားကြလေပါ။
၄။ ဗြဟ္မဒတ်,ဘ၊ မယ်တော်က၊ ဓနဝတီသာ။

၅။ ဝိဇိတသေန၊ သားပုတ္တ၊ နန်းမကြင်ယာ သုနန္ဒာ။

၆။ ဟေမဝိပညောင်၊ အလင်းဆောင်၊ ထွန်းပြောင် ဇောဗုဒ္ဓါ။

၇။ ခုနစ်ရက်မျှ၊ ဒုက္ကရ၊ ကျင့်ရလေတော့တာ။

၈။ ဃနာဖြူဖွေး၊ ဆွမ်းလှူပေး၊ ပုဏ္ဏေးသုနန္ဒာ။

၉။ မိဂဒါဝုန်၊ တောရဂုံဝယ်၊ လုံးစုံတူပြု၊ ရဟန်းထု၊ ဟောမူ ဓမ္မစကြာ။

၁၀။ ဘာရဒွါဇ၊ ရှင်တိဿ၊ အဂ္ဂသာဝကာ။

၁၁။ သဗ္ဗမိတ္တ၊ လုပ်ကျွေးရ၊ ရှေးကဆုတောင်းပါ။

၁၂။ ဥရုဝေလ၊ အနုဠှာ၊ အဂ္ဂသာဝိကာ။

၁၃။ ဃဋိကာရ၊ သုမင်္ဂလ၊ နိစ္စလုပ်ကျွေး ဒါယကာ။

၁၄။ ဝိဇိတသေနာ၊ မယ်ဘဒ္ဒါ၊ ကောင်းစွာလုပ် ကျွေး ဒါယိကာ။

၁၅။ သက်တမ်းနှစ်သောင်း၊ အရပ်ကောင်း၊ တောင်ပေါင်း နှစ်ဆယ်သာ။

၁၆။ **ဇောတိပါလ**၊ ပုဏ္ဏားလှ၊ ခံရဗျာဒိတ်သာ။

## ၂၈။ ဂေါတမဗုဒ္ဓဝင် စကားပြေ

ဂေါတမဘုရားရှင်သည် သက္ကတိုင်း ကပိလဝတ်ပြည် သုဒ္ဓေါဒနမင်းနှင့် မဟာမာယာမိဖုရားကြီးတို့မှ ဖွားမြင်တော်မူသည်။ သိဒ္ဓတ္ထဟု အမည်မှည့်ကြကုန်၏။ သိဒ္ဓတ္ထမင်းသားသည် ရမ္မပြာသာဒ်, သုရမ္မပြာသာဒ်, သုဘပြာသာဒ်ဟု ဆိုအပ်သော

ရွှေနန်းသုံးဆောင်တို့၌ ယသောဓရာဗိမ္ဗာဒေဝီ အမှူးပြုသော အပျိုတော်ပေါင်း လေးသောင်းတို့ဖြင့် ခြံရံကာ စံစားတော်မူစဉ် ယသောဓရာမိဖုရားမှ သားတော် ရာဟုလာကို ဖွားမြင်တော်မူသည်။ အလောင်းတော်မင်းသားသည် သက်တော် နှစ်ဆယ့်ရှစ်နှစ်တွင် နိမိတ်ကြီးလေးပါး မြင်တွေ့၍ ဖွားဖက်တော် မောင်ဆန်နှင့် အတူ ကဏ္ဍကမြင်းတော်ကို စီး၍ တောထွက်တော်မူသည်။

အနောမာမြစ်ကမ်းတစ်ဖက်၌ ရဟန်းပြုတော်မူသည်။ ပယ်ဖြတ်ပြီးသော ဆံတော်ကို အဓိဋ္ဌာန်၍ ကောင်းကင်သို့ ပစ်လိုက်သော် ဆံတော်သည် တစ်ယူဇနာမြင့်အောင် တက်၍ ကောင်းကင်၌ တည်နေပါသည်။ သိကြားမင်းသည် တစ်ယူဇနာရှိသော ရတနာပန်းတောင်းဖြင့် ပင့်ယူ၍ တာဝတိံသာနတ်ပြည်၌ ၊သုံးယူဇနာ ဉာဏ်တော်ရှိသော စူဠာမဏိစေတီတော်ကို တည်ထားကိုးကွယ်ပါသည်။ မိတ် ဆွေဖြစ်သော ဃဋိကာရဗြဟ္မာကြီးသည် ပရိက္ခရာရှစ်ပါးအစုံကို ကပ်လှူသည်။ ဃဋိကာရဗြဟ္မာကြီးသည် ဝတ်လဲတော်အစုံကို ဗြဟ္မာ့ဘုံသို့ ပင့်ဆောင်ပြီးလျှင် (၁၂)ယူဇနာရှိသော ဒုဿစေတီတော်ကို တည်ထားကိုးကွယ်ပါသည်။

အလောင်းတော်မြတ်သည် ဥရုဝေလတော၌ ဒုက္ကရစရိယ အကျင့်ကို ခြောက်နှစ်ကြာမျှ ကျင့်သုံးတော်မူရသည်။ ဂေါတမဘုရားအလောင်းတော်သည် ဇောတိပါလပုဏ္ဏားလုလင်ဖြစ်စဉ်က ကဿပဘုရားရှင်အား "ဤ ဦးပြည်းရဟန်းသည် သဗ္ဗညုတ

ဉာဏ်တော်ရှင် ဘယ်မှာဖြစ်နိုင်ပါအံ့နည်း။ သဗ္ဗညုတ ဉာဏ်တော်မှာ လွန်စွာရခဲ၏”ဟု ဝစီကံဖြင့် ပြစ်မှားမိသောကြောင့် ဒုက္ကရစရိယာကို ခြောက်နှစ်ကြာမျှ ကျင့်တော်မူရခြင်း ဖြစ်ပါသည်။

ဥရုဝေလတောအနီး သေနာနိဂုံးသူ သုဇာတာ သူဌေးသမီးသည် လှူဒါန်းအပ်သော ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူ၍ သောတ္ထိယမြက်ရိတ်သမားသည် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို မဟာဗောဓိပင်ရင်း၌ ဖြန့်ခင်းတော်မူလျှင် တစ်ဆယ့်လေးတောင်ရှိသော ပလ္လင်တော်ကြီး ဖြစ်ပေါ်လာ၏။ ထိုပလ္လင်တော်ထက်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူစဉ် မာရ်နတ်၏ ရန်အမျိုးမျိုးကို အောင်မြင်တော်မူကာ ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။

ဂေါတမမြတ်စွာဘုရားသည် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့ညချမ်းဝယ် မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာဒေသနာကို ဟောကြားတော်မူသည်။ ဂေါတမ မြတ်စွာဘုရား၏ အဂ္ဂသာဝကအစုံတို့ကား အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ ဖြစ်ကြ၍ အလုပ်အကျွေး ရဟန်းတော်ကား အရှင်အာနန္ဒာတည်း။ ခေမာထေရီနှင့် ဥပ္ပလဝဏ္ဏာထေရီတို့ကား အဂ္ဂသာဝိကာမ အစုံတို့ ဖြစ်ကြကုန်၏။ မြတ်စွာဘုရား၏ အရပ်တော်သည် ဆယ့်ရှစ်တောင်မြင့်၍ လူတို့၏ အသက်တမ်း တစ်ရာတွင် ပွင့်ထွန်းပေါ်ပေါက်တော်မူပါသည်။

## ၂၈။ ဂေါတမဗုဒ္ဓဝင် ကဗျာ

၁။ ရှင်တော်ဂေါတမ၊ သုံးလောက၊ ထွန်းပညာဏ်ရောင်ဝါ။
၂။ ကပိလဝတ်၊ မြို့လုံးကျွတ်၊ ညီညွတ်ပျော်ရွှင်လာ။
၃။ သုဒ္ဓေါဒန၊ ဘုရား ဘ၊ ချောလှမယ်မာယာ။
၄။ လိမ္မနီဥယျာဉ်၊ ဖွားသန့်စင်၊ ခေါ်တွင် သိဒ္ဓတ္ထာ။
၅။ ယသောဓရာ၊ ဗိမ္ဗာဒေဝီ၊ မဟေသီ၊ ကျမ်းညီ သိစေရာ။
၆။ ရင်သွေးမျက်ဖျော်၊ ဖေ့သားတော်၊ မှည့်ခေါ် ရာဟုလာ။
၇။ ပညောင်ဗောဓိ၊ မိုးရာရှိ၊ မုနိစံပျော်ရာ။
၈။ ဝစီအပြစ်၊ ကျင့်ခြောက်နှစ်၊ တွက်စစ်ဒုက္ကရစရိယာ။
၉။ နို့ဃနာဆွမ်း၊ ကပ်လှူဒါန်း၊ ရွှင်လန်း သုဇာတာ။
၁၀။ မြက်ရှစ်ဆုပ်မျှ၊ သောတ္ထိယ၊ ဒါနမင်္ဂလာ။
၁၁။ သားမျိုးစုံစွာ၊ မိဂဒါဝုယ်၊ ငါးဖြာဝဂ္ဂီ၊ စုံအညီနှင့်၊ ဒေဝီဒေဝါ၊
မိုးဗြဟ္မာအား၊ ကြင်နာ သနား၊ မြတ်တရား၊ ဟောကြား
ဓမ္မစကြာ။
၁၂။ သာရိပုတ္တ၊ မောဂ္ဂလာန်၊ မှတ်ရန်အဂ္ဂသာ။
၁၃။ ဝါနှစ်ဆယ်မှ၊ လုပ်ကျွေးရ၊ ညီလှအာနန္ဒာ။
၁၄။ ခေမာဥပ္ပလဝဏ်၊ ဤနှစ်တန်၊ မှတ်ရန် အဂ္ဂသာဝိကာ။
၁၅။ တရာတမ်းဝယ်၊ တို့ဘုန်းကြွယ်၊ သက်ရှည် ငယ်လှပါ။
နှစ်ကျိပ်ရှစ်ဆူ၊ သယမ္ဘူထွတ်ဘုန်း၊ ချုပ်ပျောက်ဆုံး အားလုံး
မမြဲပါ။

ခန္ဓာနာမ်ရုပ်၊ ဖြစ်ပျက်ချုပ်၊ အဟုတ်ရှုပွားပါ။
သတိသံဝေ၊ ယှဉ်တတ်စေ၊ စိတ်နေဖြူစင်ပါ။
ဗုဒ္ဓုပ္ပါဒ၊ နဝမ၊ ကြုံရခုအခါ။
အခွင့်သာဆဲ၊ ကျင့်ကြံခဲ့၊ ပြုမြဲ ဒါ,သိဘာ။
ဤသို့ပြုမှ၊ နိဗ္ဗာန၊ ရောက်ရမြန်မကြာ။
ကျင့်လေကြံလေ၊ ရောက်ပါစေ၊ ဆုချွေ ပတ္ထနာ။

**ဘုရားဖြစ်ကြောင်း ဆုတောင်းပြည့်စုံရာ အင်္ဂါရှစ်ပါး**

၁။ လူဇာတ်စင်စစ်ဖြစ်ရခြင်း။
၂။ ယောကျ်ားစင်စစ်ဖြစ်ရခြင်း။
၃။ ထိုဘဝမှာပင် အရဟတ္တဖိုလ် ရနိုင်လောက်သော ကုသိုလ် ပါရမီထူးနှင့် ပြည့်စုံသူဖြစ်ခြင်း။
၄။ ကမ္မဝါဒီရသေ့ (သို့မဟုတ်) သာသနာတွင်း ရဟန်းဖြစ်ခြင်း။
၅။ သက်တော်ထင်ရှား မြတ်စွာဘုရားကို ဖူးတွေ့ရခြင်း။
၆။ ဈာန်သမာပတ် ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသူဖြစ်ခြင်း။
၇။ ကိုယ့်အသက်ကို မငဲ့ကွက်ဘဲ အလွန်အကျူး ပါရမီကုသိုလ် တို့ကို ပြုစုပွားများ အားထုတ်ခြင်း။
၈။ ဘုရားအဖြစ်ကို တောင့်တအားကြီးသော ကုသိုလ်ဆန္ဒရှိသူ ဖြစ်ခြင်းအားဖြင့် ဤရှစ်ပါးတို့တည်း။

(မဟာဗုဒ္ဓဝင် ပထမတွဲ(ဒုတိယပိုင်း) နှာ ၅၅၉-မှ)

## ဘုရားလောင်းအင်္ဂါရှစ်ပါး ကဗျာ

ဘုရားလောင်းအား၊ ရှစ်ပါးအင်္ဂါ၊ ရတုဗျာဒိတ်၊ ရွှေတံဆိပ်ကို၊ ခတ်နှိပ်မြဲစွာ၊ ဖော်ပြမှာအံ့၊ လူသားအစစ်၊ ယောကျ်ားဖြစ်စေ၊ တိဟိတ်နေသား၊ ဘုရား ကိုတွေ့၊ ရသေ့ရဟန်း၊ တစ်ခန်းဘိဉာဉ်၊ ရှစ်အင် သမာပတ်၊ ပြည့်စုံလတ်သား၊ ဘုရားဖြစ်လို၊ ဆုကို လည်းတောင်း၊ ကောင်းသောဆန္ဒ၊ ကြီးမားလှလျှင်၊ ရကြောင်းမြင် ၏၊ ဗုဒ္ဓဝင်ပါဠိ၊ ရွှေကျမ်းရှိသည်၊ ရဘိခဲစွာ တံဆိပ်လျာ။

(ပေါ်ရာဏကဗျာ)

## ဘုရားအလောင်းအလျာ သုံးမျိုး

၁။ ပညာဓိကဘုရားလောင်း–ပညာတရားသာလျှင် လွန်ကဲခြင်း ရှိသော အလောင်းတော်။

၂။ သဒ္ဓါဓိကဘုရားလောင်း–သဒ္ဓါတရားသာလျှင် လွန်ကဲခြင်း ရှိသော အလောင်းတော်။

၃။ ဝီရိယာဓိကဘုရားလောင်း–ဝီရိယတရားသာလျှင် လွန်ကဲ ခြင်းရှိသော အလောင်းတော်။

ပညာဓိကာနံ ဟိ သဒ္ဓါ မန္ဒာ ဟောတိ၊ ပညာ တိက္ခာ။
သဒ္ဓါဓိကာနံ ပညာ မဇ္ဈိမာ ဟောတိ၊ သဒ္ဓါ ဗလဝါ။
ဝီရိယာဓိကာနံ သဒ္ဓါ ပညာ မန္ဒာ၊ ဝီရိယံ ဗလဝံ။

(သုတ္တနိပါတအဋ္ဌကထာ ခဂ္ဂဝိသာဏ ပဌမသုတ်အဖွင့်)

**အထူးမှတ်ရန်ကား** - ပညာဓိက ဘုရားအလောင်းတို့မှာ သဒ္ဓါနှင့်၍ ပညာထက်သည်။ သဒ္ဓါဓိ ဘုရားလောင်းတို့မှာ ပညာ အလယ်အလတ်ဖြစ်၍ သဒ္ဓါအားကြီးသည်။ ဝီရိယာဓိကဘုရား လောင်းတို့မှာ သဒ္ဓါ, ပညာ နှစ်ပါးနှင့်၍ ဝီရိယအားကြီးသည်။

(မဟာဗုဒ္ဓဝင် ပထမအုပ်-ပထမပိုင်း)

**ဘုရားအလောင်းတော် သုံးမျိုး**

၁။ ဥဃ္ဃဋိတညူ ဘုရားအလောင်းတော်သည် မြတ်စွာဘုရားထံမှ လေးပါဒရှိသော ဂါထာကို ကြားနာရစဉ် တတိယပါဒ မပြီးဆုံးမီ (ဂါထာမပြီးဆုံးမီပင်) အရဟတ္တဖိုလ်သို့ ရောက်နိုင်သူဖြစ်၏။ ဤဥဃ္ဃဋိတညူဘုရား အလောင်းကိုပင် ပညာဓိကဘုရားလောင်း ဟူ၍ ခေါ်သည်။ ဤဘုရား အလောင်းသည် ပညာဉာဏ်အထက်ဆုံး ဖြစ်တော်မူ၏။

၂။ ဝိပဉ္စိတညူ ဘုရားအလောင်းတော်သည် မြတ်စွာဘုရားထံမှ လေးပါဒရှိသော ဂါထာကို ကြားနာရစဉ် စတုတ္ထပါဒ မပြီးဆုံးမီ (ဂါထာမဆုံးမီပင်) အရဟတ္တဖိုလ်သို့ ရောက် နိုင်သူဖြစ်၏။ ဤဝိပဉ္စိတညူ ဘုရားအလောင်းကိုပင် သဒ္ဓါဓိကဘုရားလောင်းဟူ၍ ခေါ်သည်။ ဤဘုရား အလောင်းသည် ပညာဉာဏ် အလယ်အလတ် ရှိတော်မူ၏။

၃။ နေယျဘုရားအလောင်းတော်သည် မြတ်စွာဘုရားထံမှ

လေးပါဒရှိသော တရားဂါထာကို ကြားနာ၍ ထိုဂါထာဆုံး လျှင်ပင် အရဟတ္တဖိုလ်သို့ ရောက်နိုင်သူ ဖြစ်၏။ ဤဘုရား လောင်းသည် ပညာဉာဏ်နှံ့တော်မူ၏။

မဟာဗုဒ္ဓဝင် ပထမတွဲ(ဒုတိယအပိုင်း နှာ-၂၆၆)မှ အကျဉ်းချုံး၍ တင်ပြခြင်းဖြစ်ပါသည်။ အကျယ်ကို သိလိုမူ ထိုကျမ်း၌ ရှာဖွေကြည့်ရှုလေ။

## ဂေါတမမြတ်စွာဘုရား အလောင်းတော်၏ ဗျာဒိတ်ခံရာဘဝ အကျဉ်းပြဆောင်ပုဒ်

ခြသေ့်တစ်ပါး၊ နဂါးနှစ်ဦး၊ ဘီလူးတစ်ခါ၊ ဣန္ဒာတဖြစ်၊ လူဇာစ်ဆယ့်ကိုး၊ မင်းမျိုးအဋ္ဌ၊ ဗြာဟ္မဏသတ်၊ စက္ကဝတ်ဒွေး၊ သဌေးကေ၊ မာဏဝသုံး၊ နှလုံးသိမ်မွေ့၊ ရသေ့ပဥ္စ၊ သမဏနော၊ အရောရောဖြင့်၊ ရှင်စောမြတ်စွာ၊ တို့ဆရာလျှင်၊ ကမ္ဘာသိန်းနေ၊ အသင်္ချေလေးထပ်၊ ဆယ့်နှစ်ကပ်တွင်၊ သဗ္ဗညုတ၊ ဗုဒ္ဓတံဆိပ်၊ ငါးမာရ်နှိပ်သား၊ နှစ်ကျိပ်လေးပါး၊ ရှင်တော်များ၌၊ ဝပ်တွားကျိုးနွံ၊ ဗျာဒိတ်ခံ၍၊ သယမ္ဘူစစ်၊ ကိုယ်တော်ဖြစ်သည်၊ သုံးခေတ်မကိုင်း သျှောင်ပန်းတည်း။

(သုမေဓာဝတီဗုဒ္ဓဝင် နှာ-၁၇၃)

## ဂေါတမမြတ်စွာဘုရားအလောင်းတော်

## ကျင့်စဉ် အကျဉ်းချုပ်

ရသေ့ပဉ္စ၊ နဝဘိက္ခု၊ လူ့အဖြစ်ငါး၊ နှစ်နဂါးတည့်၊ သိကြား ယက္ခ၊ သီဟရာဇာ၊ တစ်စီသာ၊ သချ်ာဇောဝိသ။

မဟာဗုဒ္ဓဝင် ပထမတွဲ(ဒုတိယပိုင်း နှာ-၅၄၃။)

## ဝေမတ္တတရား ရှစ်ပါး

၁။ အာယုဝေမတ္တ–အသက်တမ်းမတူမှု။

၂။ ပမာဏဝေမတ္တ–အရပ်တော် အနိမ့်အမြင့် မတူမှု။

၃။ ကုလဝေမတ္တ–အမျိုးအနွယ်တော်မတူမှု။

၄။ ပဓာနဝေမတ္တ–ဒုက္ကရစရိယာကျင့်ရပုံမတူမှု။

၅။ ရသ္မိဝေမတ္တ–ရောင်ခြည်တော်ထွက်ပုံမတူမှု။

၆။ ယာနဝေမတ္တ–တောထွက်သောအခါ စီးနင်းသောယာဉ် မတူမှု။

၇။ ဗောဓိဝေမတ္တ–ပွင့်ရာဗောဓိပင်၏ မတူမှု။

၈။ ပလ္လင်္ကဝေမတ္တ–ပလ္လင်တော်ပမာဏ မတူမှုအားဖြင့် ဤ ရှစ်ပါးတို့တည်း။

အကျယ်သိလိုမှု–မဟာဗုဒ္ဓဝင် ပထမတွဲ (ဒုတိယပိုင်း)

(နှာ-၅၁၉-၌ ရှု။)

ဝေမတ္တတရားရှစ်ပါး

အသချေ်ယျ၊ ကပ်ဝိသဒ္ဓ၊ ဓမ္မပါရမီ၊ ပေါင်းစည်းညီ၍၊ ပွင့်ဆိတိုင်လစ်၊ ဘုရားဖြစ်က၊ အလုစ်ပြည့်စုံ၊ ကျေးဇူးပုံသား၊ သုံးဘုံသနင်း၊ တရားမင်းတို့၊ ပြားခြင်းဟူသည်၊ အင်ရှစ်မည်တွင်၊ ရင်းတည်စဖော်၊ အမျိုးတော်ကာ၊ မြတ်ကျော်အစစ်၊ ကေရာဇ်နှင့်၊ နွယ်မြစ်သန်လှ၊ ဗြာဟ္မဏာဟု၊ တွင်ထမည်ရိုး၊ ပုဏ္ဏားမျိုး၌၊ ကျော်ဟိုးလူ့ရွာ၊ မြတ်ရာရာလျှင်၊ ရံခါဖြစ်မြဲ၊ ထူးကြကွဲ၏။

(ကုလဝေမတ္တ)

မစဲမည်၊ အလျှံတပြောင်၊ ကိုယ်တော်ရောင်ကား၊ အတောင်အတာ၊ ယူဇနာထိ၊ မျှသာထွန်းသည်၊ တူရည်မရှိ၊ ထူးကြဘိ၏။

(ရသ္မိဝေမတ္တ)

ထိုပြီသက်တော်၊ နေခြင်းသော်လည်း၊ မှတ်ရော်ထင်ထင်၊ သည်မျှလျှင်ဟု၊ မြပင်ခဲ့ဘူး၊ ယွင်းကြထူး၏။

(အာယုဝေမတ္တ)

မဖြူမသွယ်၊ မငယ်မကွ၊ မလှမဆူ၊ ကိုယ်တော်မူလည်း၊ မတူကြပြား၊ နိမ်မြင့်ပြား၏။

(ပမာဏဝေမတ္တ)

ထသွားစွန့်ခွာ၊ တောထွက်ခါ၌၊ ယာဉ်သာမြင်းဆင်၊ ရထားလျင်နှင့်၊ ထမ်းစင်သံလျင်း၊ စံခြင်းအသီး၊ ယာဉ်ထူးစီး၏။

(ယာနဝေမတ္တ)

ကျင့်ကြီးခဲလှ၊ ဒုက္ကရစရိယာ၊ ရက်သာ လ နှစ်၊ အထူးဖြစ်၏။

(ပဓာနဝေမတ္တ)

သနစ်ဆန်းကြွယ်၊ လျှပ်စစ်နွယ်သို့၊ အံ့ဖွယ်ဖြိုးမောက်၊ မြေကပေါက်သား၊ အစောက်မိုးမျှော်၊ ပလ္လင်ကျော်လည်း၊ ရပ်တော်လျောက်ပင်၊ ညီညွတ်စွာဘိ၊ နိမ့်မြင့်ရှိ၏။

(ပလ္လင်္ကဝေမတ္တ)

ဗောဓိမည်ပင်၊ ပွင့်ကြောင်းထင်သား၊ သစ်ပင်များမင်း၊ ထူးသောခြင်းနှင့်၊ မယှဉ်းညီတုံ၊ ရှစ်ပါးစုံ၏။

(ဗောဓိဝေမတ္တ)

မူရင်း။ ။ ဓမ္မရာသီပျို့ ပိုဒ်ရေ ၂၆ မဟာဗုဒ္ဓဝင်

ပထမတွဲ (ဒုတိယပိုင်း နှာ-၅၉၅ ရှ-)

## ဗျာဒိတ်ခံစဉ် ဖြစ်ပေါ်လာသော နိမိတ်ကြီး ၃၂ ပါး

၁။ အချမ်းအအေးကင်း၏။

၂။ အပူငြိမ်း၏။

၃။ တစ်သောင်းသော စကြဝဠာ၌ အသံမရှိ ဆိတ်၏။ နှောင့်ယှက်ခြင်းကင်း၏။

၄။ ပြင်းစွာသောလေတို့သည် မလာကုန်။

၅။ အလျဉ်ထန်စွာစီးသော မြစ်ကြီးတို့သည် မစီးကုန်။

၆။ ကြည်းပန်း ရေပန်းဟူသမျှတို့သည် အလုံးစုံပွင့်ကုန်၏။
၇။ နွယ်ပင်သစ်ပင်(ပင်စောက်)တို့သည် အသီးသီးကုန်၏။
၈။ ကောင်းကင်ရတနာ၊ မြေပြင်ရတနာတို့သည် ကောင်းစွာ ထွန်းတောက်ပကုန်၏။
၉။ လူ၌ဖြစ်သော တူရိယာ၊ နတ်၌ဖြစ်သော တူရိယာတို့သည် အလိုလိုမြည်ကုန်၏။
၁၀။ ကောင်းကင်မှ ဆန်းကြယ်သော ပန်းမိုးတို့သည် ရွာကုန်၏။
၁၁။ မဟာသမုဒ္ဒရာသည် ဝဲလည်၏။
၁၂။ တစ်သောင်းသော စကြဝဠာတိုက် တုန်လှုပ်၏။
၁၃။ တစ်သောင်းသော စကြဝဠာတိုက်၌ ငရဲမီးတောက်တို့သည် ငြိမ်းအေးကုန်၏။
၁၄။ နေသည် ကင်းသော အညစ်အကြေးရှိ၏။ (အညစ်အကြေး ကင်း၏။)
၁၅။ ကြယ်တို့သည် နေ့အခါ၌ ထင်ကုန်၏။
၁၆။ မိုးမရွာဘဲ ရေသည် မြေမှထွက်၏။
၁၇။ ကြယ်ပေါင်းနှင့် နက္ခတ် နှစ်ဆယ့်ခုနစ်လုံးတို့သည် အလွန် ထွန်းပတောင့်တယ်ကြကုန်၏။
၁၈။ ဝိသာခါနက္ခတ်သည် လပြည့်ဝန်း(စန်း)နှင့် ယှဉ်၏။
၁၉။ တွင်း၌နေသော မြွေ, မြွေပါ၊ ချောက်၌နေသော မြေခွေး,ဝံ, သစ်အစရှိသော သတ္တဝါတို့သည် မိမိတို့နေရာမှထွက်ကုန်၏။

၂၀။ သတ္တဝါတို့ မမွေ့လျော်ခြင်းပျောက်၍ မွေ့လျော်ခြင်း ရှိကြကုန်၏။

၂၁။ အနာတို့သည် ငြိမ်းကုန်၏။

၂၂။ မွတ်သိပ်ဆာလောင်ခြင်း ကင်းကုန်၏။

၂၃။ ရာဂ ဒေါသ မောဟ ပျောက်ကင်း၏။

၂၄။ ဘေးကင်း၏။

၂၅။ မြူထခြင်းမရှိ။

၂၆။ မကောင်းသောအနံ့တို့သည် ပျောက်ကုန်၏။

၂၇။ နတ်၌ဖြစ်သော ရနံ့တို့သည် လှိုင်ကုန်၏။

၂၈။ (အရူပဗြဟ္မာတို့ကိုထား၍) ခပ်သိမ်းသော နတ်ဗြဟ္မာတို့ သည် ထင်ကုန်၏။

၂၉။ တစ်သောင်းသော လောကဓာတ်၌ ငရဲတို့သည် ထင်ကုန် ၏။

၃၀။ တံတိုင်း တိုက်နံရံ တံခါးရွက် ကျောက်တောင်တို့ဖြင့် ပိတ်ပင်ဆီးတားခြင်း မရှိကုန်။

၃၁။ စုတေခြင်း မရှိကုန်။

၃၂။ ပဋိသန္ဓေနေခြင်း မရှိကုန်။

(မုံရွေးဇေတဝန်ကျောင်းတော်၏ ရာဇောဝါဒကျမ်းမှ)

မှတ်ချက်။ ။ အကျယ်သိလိုပါက မဟာဗုဒ္ဓဝင် ပထမတွဲ (ပထမပိုင်း- )၌ ကြည့်လေ။

## ဗုဒ္ဓမမ္မတာ သုံးဆယ်

၁။ ပစ္ဆိမဘာဝိက ဘုရားအလောင်းတော်များက သတိသမ္ပဇဉ် ရှိသည်ဖြစ်၍ မယ်တော်ဝမ်းသို့ သက်ရောက်ရခြင်း။

၂။ မယ်တော်ဝမ်း၌ တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေတော်မူ၍ အပ ပြင်ဘက်သို့ ရှေးရှုမျက်နှာတော်မူလျက် ကြည့်ရှုတော်မူ နိုင်ခြင်း။

၃။ ဘုရားလောင်း၏ မယ်တော်များမှာ မတ်တတ်ရပ်လျက် ဘုရားအလောင်းတော်ကို မီးရှူးသန့်စင် ဖွားမြင်ရခြင်း။

၄။ တောအရပ်၌သာ မယ်တော်ဝမ်းမှ ဖွားမြင်တော်မူရခြင်း။

၅။ ရွှေပြားတို့၌တည်သော ခြေရှိသည်ဖြစ်၍ မြောက်အရပ်သို့ ရှေးရှုမျက်နှာတော်မူလျက် ခုနစ်ဖဝါးလှမ်းကာ ကြွသွား တော်မူ၍ အရပ်လေးမျက်နှာကို ကြည့်တော်မူပြီး (အဂ္ဂေါဟ မသ္မိ လောကဿ) "လောကမှာ ငါအမြတ်ဆုံး" စသည် ဖြင့် (သီဟနာဒ)ခြင်္သေ့မင်း၏ ဟောက်သံနှင့်တူသော ဟောက်သံကို ဟောက်တော်မူခြင်း။

၆။ သူနာ, သူအို, သူသေ, ရဟန်းတည်းဟူသော လေးပါးသော နိမိတ်ကြီးများကို မြင်တော်မူပြီး၍ သားတော်တစ်ပါး ဖွားမြင်ပြီးကာမျှ ဖြစ်ခဲ့သော် မြတ်သော တောထွက်တော်မူ ခြင်း။

၇။ (အရဟတ္တဓဇ) အရဟတ္တဖိုလ်၏ အလံတံခွန်ဖြစ်သော

သပိတ်သက်န်းကို ယူတော်မူလျက် ရဟန်းပြုတော်မူ၍ အယုတ်ဆုံး ၇ ရက် (ဒုက္ကရစရိယာ) လူသာမန်တို့ပြုခြင်းငှာ ခဲယဉ်းလှသော ကမ္မဋ္ဌာန်းအကျင့်ကို ကျင့် တော်မူရခြင်း။

၈။ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်သို့ ရောက်တော်မူမည့် နေ့၌ နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူရခြင်း။

၉။ မြက်အခင်းဖြစ်၍ ဖြစ်သော ပလ္လင်၌ နေတော်မူ၍ သဗ္ဗညုတ ဉာဏ်ကို ရတော်မူခြင်း။

၁၀။ အာနာပါနသတိကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူခြင်း။

၁၁။ မာရ်မင်း၊ မာရ်မင်း၏ စစ်သည်ရဲမက်ဗိုလ်ပါ အပေါင်းကို ပျက်ဆီးခြင်း။

၁၂။ ဗောဓိပလ္လင်၌သာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခု ဉာဏ်၊ အာသဝက္ခယဉာဏ် တည်းဟူသော သုံးပါးသော ဝိဇ္ဇာကို အစပြု၍ အသာဓာရဏဉာဏ်စသော ဂုဏ်တော် များကို ရတော်မူခြင်း။

၁၃။ (သတ္တ–သတ္တာဟ) ၄၉ ရက်ကို ဗောဓိပင်၏ အနီး၌သာ လွန်စေတော်မူခြင်း။

၁၄။ တရားဟောတော်မူခြင်းငှာ မဟာဗြဟ္မာမင်း၏ တောင်းပန် ခြင်း။

၁၅။ (ဣသိပတန)ဘုရား, ပစ္စေကဗုဒ္ဓါတို့၏ သက်ရာ တက်ရာ (မိဂဒါ) သားတို့အား ဘေးမဲ့ပေးရာ မိဂဒါဝုန်တော၌

(ဓမ္မစက္က) ဓမ္မစကြာတရားကို ဟောတော်မူခြင်း။

၁၆။ တပို့တွဲလပြည့်နေ့၌ အင်္ဂါလေးပါးနှင့် ပြည့်စုံသော ပရိသတ် အစည်းအဝေး၌ ပါတိမောက် ပြတော်မူခြင်း။

၁၇။ ဇေတဝန်ကျောင်းတော်၌ အမြဲနေတော်မူခြင်း။

၁၈။ သာဝတ္ထိမြို့တံခါးအနီး၌ ရေမီးအစုံအစုံရှိသော တန်ခိုး ပြတော်မူခြင်း။

၁၉။ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်ကို ဟော တော်မူခြင်း။

၂၀။ သီတင်းကျွတ် လပြည့်နေ့ တာဝတိံသာနတ်ပြည်မှ သင်္ကာ သနဂိုရ်ပြည်သို့ သက်ဆင်းတော်မူခြင်း။

၂၁။ အမြဲမပြတ် ဖလသမာပတ် ဝင်စားတော်မူခြင်း။

၂၂။ နံနက်တစ်ကြိမ် နေ့လယ်တစ်ကြိမ် ဤသို့ နှစ်ကြိမ်တိုင်တိုင် ဝေနေယျသတ္တဝါအပေါင်းကို ကြည့်ရှုတော်မူခြင်း။

၂၃။ ဝတ္ထုပေါ်လာခဲ့သော် သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း။

၂၄။ အကြောင်းဖြစ်ပေါ်လာခြင်းကြောင့် ဇာတ်တော်ကို ဟော တော်မူခြင်း။

၂၅။ ဆွေတော်မျိုးတော်တို့၏ အစည်းအဝေး၌ ဗုဒ္ဓဝံသကို ဟောတော်မူခြင်း။

၂၆။ အာဂန္တုက ရဟန်းတို့နှင့် အစေ့အစပ် စကားကို ပြုတော် မူခြင်း။

၂၇။ ဒါယကာတို့က ပင့်ဖိတ်အပ်သည်ဖြစ်၍ ဝါဆိုပြီး ဝါကျွတ်ပြီးသော် ပင့်ဖိတ်သော ဒါယကာကို ခွင့်မပန်ဘဲ ကြွတော်မမူခြင်း။

၂၈။ နေ့တိုင်းနေ့တိုင်း ပုရေဘတ္တကိစ္စ၊ ပစ္ဆာဘတ္တကိစ္စ၊ ပဌမယာမကိစ္စ၊ မဇ္ဈိမယာမကိစ္စ၊ ပစ္ဆိမယာမကိစ္စ ဤကိစ္စကြီးငါးပါးကို ပြုတော်မူခြင်း။

၂၉။ ပရိနိဗ္ဗာန်စံတော်မူမည့်နေ့၌ အသားအရသာကို ဘုဉ်းပေးတော်မူခြင်း။

၃၀။ ပရိနိဗ္ဗာန်စံတော်မူမည့်နေ့၌ နှစ်သန်းလေးသိန်းသော သမာပတ်တို့ကို ဝင်စားတော်မူပြီး ပရိနိဗ္ဗာန်စံတော်မူခြင်း။

ဤအမျှ သုံးဆယ်သော ကိစ္စများသည် ဂင်္ဂါသဲစုမက ပွင့်တော်မူကြကုန်သော အလုံးစုံသော မြတ်စွာဘုရားတို့၏ သဘောထံတွာ ဓမ္မတာပေတည်းဟု ဗုဒ္ဓဝံသအဋ္ဌကထာ သမတိံသ ဓမ္မတာအခန်း၌ ဆို၏။

မှတ်ချက်။ ။ ဗုဒ္ဓဓမ္မလောကစာစောင်၌ ပါရှိသော ပခုက္ကူ ဆရာတော် ဦးနန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏ အဘိဓမ္မာချေပချက်ဆောင်းပါးမှ ကူးယူဖော်ပြ အပ်ပါသည်။

## သာသနာ တွေ့ခဲကြောင်း

လေးသင်္ချေနှင့်၊ သိန်းနေကပ္ပ၊ ဤမျှကမ္ဘာ၊ ရှိသည်တာတွင်၊ လေးဖြာသင်္ချေ၊ မပွင့်လေတည့်၊ ခေါ်ထွေမလွဲ၊ တစ်သိန်းထဲတွင်၊ ရေမြဲကိုးသောင်း၊ ကိုးထောင်လောင်း၍၊ ပေါင်းလေကမ္ဘာ၊ မပွင့်ပါသည်၊ နှစ်ဖြာစွန်းကယ်၊ ကပ်တစ်ဆယ်သာ၊ ပွင့်လေပါခဲ့၊ လေးဖြာစွမ်းကယ်၊ ခြောက်ဆယ်အန္တရ၊ ကပ်ကာလဝယ်၊ ငါးဆယ်ကိုးကပ်၊ မပွင့်လတ်တည့်၊ ငါ ကပ်၌သာ၊ သုံးရွာလူ့ဘ၊ နိဗ္ဗာန်ကြွသည်၊ တွေ့ကြရမည့်ရေး၊ ကြောက်ဖွယ်ဘေး။

ဤကား ဘုရားသာသနာတွေ့ခဲကြောင်း စကားရပ် မှတ်ဖွယ်တည်း။

## အသင်္ချေယျကပ် ၄ ပါး

မီး,ရေ,လေ,စ၊ ပျက်သည်မှလျှင်၊ စဲထတုံမူ၊ ယူလေပထမ၊ သံဝဋ္ဋတည်း၊ ထိုမှစဉ်လာ၊ မိုးကြီးရွာ၍၊ စကြဝဠာကုဋေ၊ ရေပြည့်လေမူ၊ ယူလေဒုတိယ၊ ဌာယီကြလိမ့်၊ စန္ဒသူရိယာ၊ ရောင်ဝါနေလ၊ ပေါ်လာကမူ၊ တတိယကပ်၊ ဝိဝဋ္ဋမှတ်လော့၊ တည်လတ်ကမ္ဘာ၊ ပျက်ခါကာလ၊ ဌာယီကြလိမ့်၊ လေးဝကမ္ဘာ၊ ရှည်ကြာကာလ၊ တူမျှသည်သာ၊ မှတ်လေပါလော့၊ လေးဖြာစွန်းကပ်၊ ခြောက်ဆယ်အန္တရ၊

ရေတွက်ရလိမ့်၊ ပုံပြသည်မှာ၊ သာသပါဟု၊ ကျမ်းလာစကား၊
ထုတ်ဖော်ထား သည်၊ နှုတ်ဖျားမကွေ၊ စွဲမှတ်လေ။
ဤကား အသင်္ချေယျကပ်လေးပါ စကားရပ် မှတ်ဖွယ်တည်း။

## ကမ္ဘာသက် ရှည်ကြောင်း

အလျားနေရာ၊ ယူဇနာတည်း၊ အနံမှာလည်း၊ ၎င်းနည်းတူ၊ အစောက်မူလည်း၊ ယူလေလည်းကောင်း၊ မုံညင်းပေါင်းကို၊ သိန်းသောင်းနှစ်ကြာ၊ ရောက်သောခါမှ၊ မုန်စွာမလစ်၊ ထုတ်၍ပစ်မူ၊ စင်စစ်ရွေ့ရွေ့၊ မုံညင်းစေ့သာ၊ ကုန်လေရာ၏၊ ကမ္ဘာတစ်ခု၊ မကုန်လုတည်း၊ သုံးလူ့ဆရာ၊ ပမာညွှန်ပြ၊ မိန့်ဆုံးမသည်၊ ကြောက်ကြလေဝေး၊ သံသာဘေး။

ဤကား ကမ္ဘာသက်ရှည်ကြောင်း စကားရပ် မှတ်ဖွယ်တည်း။

ဤမျှလောက်ကြာသော ကမ္ဘာတို့တွင် ဘယ်ကမ္ဘာကစ၍ ဤသတ္တဝါ ဤခန္ဓာဖြစ်သည်ဟု အစမထင်သောကြောင့် ကမ္ဘာအဆက်ဆက် အိုရ, နာရ,သေရမည်ကို ကြောက်ရလေဆိုလိုသည်။

(စရိယပိဋကအဋ္ဌကထာ)

## ကမ္ဘာသုံးပါး ပျက်ကြောင်း

လောဘ,ဒေါသ၊ မောဟသုံးထွေ၊ အားကြီးချေ၍၊
လောင်လေကမ္ဘာ၊ ပျက်သည်မှာကား၊ မီးမှာလောဘ၊

ဒေါသကားရေ၊ လေမှာ မောဟာ၊ ဟိတ်သုံးဝကြောင့်၊ ပျက်ထသောခါ၊ မီးမှာ သုံးဘုံ၊ ရေခြောက်ဘုံတည့်၊ ကိုးဘုံလေမှာ၊ ကျမ်းဝယ်လာသည်၊ သံသရာဘေး၊ မျှော်ရှုတွေး။

ဤကား ကိုယ်တွင်းမီးသုံးပါးကြောင့် ကမ္ဘာသုံးပါးပျက်ကြောင်း စကားရပ် မှတ်ဖွယ်တည်း။ (သုတ်ပါထေယျ အဋ္ဌကထာ စသော အစောင်စောင် ကျမ်းလာ။)

**မှတ်ချက်။** ။ သာသနာတွေ့ခဲကြောင်း စသည်ကို သုံးပုံကူးတို့ ကျမ်းမှ သုတလိုလား အမျိုးကောင်းသားများ အတွက် ထုတ်နုတ်တင်ပြပါသည်။

(နှာ-၇၂၊ ၇၃၊ ၇၄)

## စွန့်ခြင်းကြီးငါးပါး

ပုတ္တ,ဒါရ,ဇီဝ,အင်္ဂါ၊ မဟာဓနေ၊ ငါးစာဂကို၊ စွန့်ထကြည်ဖြူ၊ ပေးကမ်းလှူမှ၊ သုံးလူဆရာ၊ ဖြစ်နိုင်ရာသည်၊ မဂ္ဂါမြဲထွေ ကြံစွန့်လေ။

(သုံးပုံကူးတို့-၆၄)

## ပရိက္ခရာရှစ်ပါး

သင်္ကန်း၊ ကာဗိုင်၊ ကရိုင်,ပဲကွပ်၊ သပိတ်, အပ်ဟု၊ ရှစ်ရပ်ပရိက္ခရာ၊ လှူရပါက၊ နောင်လာဘဝ၊ သံသာရဌ်၊

ဗုဒ္ဓရှင်တော်၊ ပေါ်ခေါ်က၊ ရှစ်ဖော်ပရိက္ခရာ၊ ထိုခါခဏ၊
ပေါ်လှာရသည်၊ လူကြလေမင်း ခေတ် အတွင်း။

ဤကား ရဟန်းတို့ သုံးဆောင်ရာ ပရိက္ခရာရှစ်ပါး စကားရပ် မှတ်ဖွယ်တည်း။

ဒါရစိမထေရ်သည် အနှစ် နှစ်သောင်းပတ်လုံး ရဟန်းတရားကို ကျင့်ပါလျက် သပိတ်တစ်လုံး, သင်္ကန်းတစ်ထည် မလှူခဲ့ဖူးသောကြောင့် ပျဉ်ခြမ်းနှင့် ပရိနိဗ္ဗာန်ပြုရကြောင်းကို ကျမ်းဂန်လာသည်။ သတိရှိကြစေ။

(သုံးပုံကူးတို့-၆၄)

## ပရိက္ခရာရှစ်ပါး ဆယ့်နှစ်ပါး

၁။ အိပ်ရာခင်းသံကောက်၊ ဆောင်လေမြောက်၊ ရောက်လိမ့်ကိုးအင်္ဂါ။

၂။ နိဒိုင်းစမွခန်း၊ ဆောင်ဖွယ်လမ်း၊ ဆယ်တန်းစေ့လေပါ။

၃။ တောင်ဝှေးဆိကြည်၊ ဆယ်တော့မည်၊ ဆောင်သည်ရဟန်းမှာ။

၄။ ထီးနှင့်ဖိနပ်၊ ဆယ့်နှစ်ရပ်၊ ဆောင်အပ်လေသည်သာ။

၅။ ပရိက္ခရာရှစ်ပါး၊ ဆယ့်နှစ်ပါး၊ ဆောင်ငြားလေတံ့ပါ။

၆။ သန္တုဋ္ဌိ-သန္တောသ၊ မည်ကုန်ရ၊ သုတ္တကျမ်းအလာ။

(သုတ်သီလက္ခန်အဋ္ဌကထာ၌ လာသည် ဟူလို)

ဤကား ပရိက္ခရာ ၈ ပါး ၁၂ ပါး စကားရပ် မှတ်ဖွယ်တည်း။
(သုံးပုံဟင်းလေး-၄၁)

## ဓာတ်တော်နှစ်မျိုး

ဥဏှီသံ စတုရော ဒါဠာ၊ ဒွေ အက္ခကာစ သတ္တမာ။
အသမ္ဘိန္နာ ဝိသေသတော၊ သေသာဘိန္နာဝ ဓာတုယော။
(စွယ်စုံကျော်ထင် = ၆၈၁)

၁။ နဖူးသင်းကျစ်တော်၊
၂။ စွယ်တော်လေးချောင်း၊
၃။ ညှပ်ရိုးတော်နှစ်ချောင်း၊

ဤခုနစ်ပါးသော ဓာတ်တော်တို့သည် အခါခပ်သိမ်း မကွဲမပျက်သော ဓာတ်တော်တို့ မည်ကုန်၏။ ကြွင်းသော ဓာတ်တော်တို့သည် ကွဲပျက်သော သမ္ဘိန္နဓာတ်တော်တို့ မည်ကုန်၏။

## ဓာတ်တော်တည်ရာအရပ်

၁။ နဖူးသင်းကျစ်တော်သည် သီဟိုဠ်ကျွန်း၌ တည်၏။
၂။ လက်ဝဲညှပ်ရိုးတော်သည် ဗြဟ္မာ့ပြည်၌ တည်၏။
၃။ လက်ယာညှပ်ရိုးတော်သည် သီဟိုဠ်ကျွန်း၌ တည်၏။
၄။ လက်ယာ အထက် စွယ်တော်တစ်ချောင်းသည် တာဝတိံ

သာနတ်ပြည်၌ တည်၏။

၅။ လက်ယာ အောက် စွယ်တော်တစ်ချောင်းသည် နဂါးပြည်၌ တည်၏။

၆။ လက်ဝဲအထက်စွယ်တော် တစ်ချောင်းသည် ဂန္ဓာရအရပ်၌ တည်၏။

၇။ လက်ဝဲအောက်စွယ်တော်တစ်ချောင်းသည် ကလိင်္ဂမင်း၏ ပြည်၌တည်၏။

သွားတော်လေးဆယ်နှင့် ဆံတော် အမွေးတော်တို့ကို တစ်ချောင်း တစ်ချောင်းစီ စကြဝဠာ အဆက်ဆက်သို့ နတ်တို့သည် ဆောင်ကုန်၏။

## ဓာတ်တော်ပမာဏ

ဓာတ်တော်တို့သည် မာဂဓကွမ်းစားတို့ဖြင့် တစ်ဆယ့်ခြောက်ကွမ်းစား၊ မြန်မာတို့ ပြည်အားဖြင့် သုံးဆယ့်နှစ်ပြည်၊ စိတ်အားဖြင့် ရှစ်စိတ်၊ တင်းအားဖြင့် နှစ်တင်းရှိသည်ဟု သိအပ်၏။ စွယ်စုံကျော်ထင်အဖြေကျမ်း (၆၇၁)မှ လိုရင်းထုတ်နုတ်၍ တင်ပြသည်။

## ဓာတ်တော်အရွယ်အဆင်း

မဟန္တာဝမုဂ္ဂမာသာ ၀၊ မဇ္ဈိမာ ဘိန္နတဏ္ဍုလာ။

ခုဒ္ဒကာ သာသပမတ္တာ၊ တေပိ ဝဏ္ဏာမိ သာဒရံ။

ဓာတ်တော်အကြီးကား ပဲနောက်ပမာဏ၊ အလတ်ကား ဆန်ကျိုးပမာဏ၊ အငယ်ကား မုန်ညင်းစေ့ပမာဏဟူ၍ ပမာဏ သုံးရပ်ပြသောဂါထာ။

မဟန္တာ သုဝဏ္ဏဝဏ္ဏာ စ၊ မဇ္ဈိမာ မုတ္တကာ ပဘာ။
ခုဒ္ဒကာ မကုလဝဏ္ဏာ စ၊ တေပိ ဝန္ဒာမိ သာဒရံ။

ဓာတ်တော်အကြီးကား ရွှေအဆင်း၊ အလတ်ကား ပုလဲအဆင်း၊ အငယ်ကား ချရားစေ့အဆင်း ဟူ၍ အဆင်းသုံးရပ်ကိုပြသောဂါထာ။

မဟန္တာ ပဥ္စနာဠိစ၊ မဇ္ဈိမာ ပဥ္စနာဠိ စ။
ခုဒ္ဒကာ ဆစနာဠိ စ၊ တေပိ ဝန္ဒာမိ သာဒရံ။

အကြီးကား ငါးကွမ်းစား၊ အလတ်ကား ငါးကွမ်းစား၊ အငယ်ကား ခြောက်ကွမ်းစား ဟူ၍ အနည်းအများကိုပြသော ဂါထာ။

ဤဗုဒ္ဓဝင်ကျမ်းလာကို မှီ၍ သိအပ်သော ပါဠိဂါထာကို ထောက်၍ ပဲနောက်ပမာဏရှိသော ဓာတ်တော်ကား ငါးကွမ်းစား ရှိ၏ဟု သိရာ၏။

(စွယ်စုံကျော်ထင်ကျမ်း–၆၇၅)

## နှစ်ကျိပ်လေးဆူဗုဒ္ဓဝင်
## ရှစ်လုံးဘွဲ့ကဗျာများ

၁။ သုံးလူထွတ်ထား၊ တို့ဘုရားရှင်၊
နှစဥ်ဇာတ်သွား၊ မှတ်သားစေချင်။
လူငယ်အတွက် ဆောင်ကျက်ဖို့ပင်၊
ကဗျာသွား ရေးသားဗုဒ္ဓဝင်။

၂။ ဒီပင်္ကရာဘုရား ထင်ရှားပွင့်လာ၊
သုမေဓာတွေ့ ရသေ့ဝတ်သာ။
ညွှန်မှဝပ်တွား တံတားပမာ၊
ဗျာဒိတ်ပန်း ဆင်မြန်းထိုအခါ။

၃။ ကောဏ္ဍညဘုရား ထင်ရှားပွင့်လာ၊
စကြာမင်းစစ် အဖြစ်နှင့်သာ။
စွန့်ကြဲလှူဒါန်း ရဟန်းပြုကာ၊
ဗျာဒိတ်ပန်း ဆင်မြန်းထိုအခါ။

၄။ မင်္ဂလဘုရား ထင်ရှားပွင့်လာ၊
သူကြွယ်အဖြစ် ထိုခေတ်၌သာ။
စွန့်လှူဒါန်း၍ ရဟန်းပြုကာ၊
ဗျာဒိတ်ပန်း ဆင်မြန်းထိုအခါ။

၅။ သုမနဘုရား ထင်ရှားပွင့်လာ၊
နဂါးမျိုးဇာတ် ဖြစ်လဟ်သည်သာ။

အလှူပေးလျက် အေးကွက်ကိုရှာ၊
ဗျာဒိတ်ပန်း ဆင်မြန်းထိုအခါ။

၆။ ရေဝတဘုရား ထင်ရှားပွင့်လာ၊
ဘုံအားကြဉ်ခြား ပုဏ္ဏားဆရာ။
ကိုယ်ဝတ်စုလျား ဘုရားလှူကာ၊
ဗျာဒိတ်ပန်း ဆင်မြန်းထိုအခါ။

၇။ သောဘိတဘုရား ထင်ရှားပွင့်လာ၊
ပုဏ္ဏားဖြစ်ခိုက် အားစိုက်ပညာ။
ဒါနရဲရင့် စွဲမြင့်သဒ္ဓါ၊
ဗျာဒိတ်ပန်း ဆင်မြန်းထိုအခါ။

၈။ အနောမဒဿီ ရွှင်ကြည်ပွင့်လာ၊
ယက္ခစစ်မှူး ဘီလူးဖြစ်ရှာ။
ဒါနခန်းကို ကြိုးပမ်း၍သာ၊
ဗျာဒိတ်ပန်း ဆင်မြန်းထိုအခါ။

၉။ ပဒုမဘုရား ထင်ရှားပွင့်လာ၊
ခြင်္သေ့မင်းဖြစ် နစ်နစ်နာနာ။
ကြည်ညိုစိတ်ပွား ဘုရား၌သာ၊
ဗျာဒိတ်ပန်း ဆင်မြန်းထိုအခါ။

၁၀။ နာရဒဘုရား ထင်ရှားပွင့်လာ၊
ရသေ့ဘဝ ဈာန်ရ၍သာ။

မြောက်ကျွန်းမှဆွမ်း ဆောင်ထမ်းလှူကာ၊
ဗျာဒိတ်ပန်း ဆင်မြန်း ထိုအခါ။

၁၁။ ပဒုမုတ္တရ ဗုဒ္ဓပွင့်လာ၊
သူဌေးကြီးဟု ဝေးနီးကျော်တာ။
သဒ္ဓါရွှင်လန်း သင်္ကန်းလှူကာ၊
ဗျာဒိတ်ပန်း ဆင်မြန်း ထိုအခါ။

၁၂။ သုမေဓဘုရား ထင်ရှားပွင့်လာ၊
သဌေးဘဝ သွေးကြွစရာ။
စုပုံလှူဒါန်း ရဟန်းပြုကာ၊
ဗျာဒိတ်ပန်း ဆင်မြန်း ထိုအခါ။

၁၃။ သုဇာတဘုရား ထင်ရှားပွင့်လာ၊
စကြာမင်းကြီး ဖြစ်ပြီး၍သာ။
မှူငြိမ်းလှူဒါန်း ရဟန်းပြုကာ၊
ဗျာဒိတ်ပန်း ဆင်မြန်း ထိုအခါ။

၁၄။ ပိယဒဿီဘုရား ထင်ရှားပွင့်လာ၊
သဌေးမျိုးဆက် တိုးတက်သဒ္ဒါ။
ကုသိုလ်ပေါင်းစည်း ကျောင်းကြီးဒကာ၊
ဗျာဒိတ်ပန်း ဆင်မြန်း ထိုအခါ။

၁၅။ အတ္ထဒဿီဘုရား ထင်ရှားပွင့်လာ၊
ရသေ့ဖြစ်ပြီး ဈာန်ဟုန်စီးကာ။

နတ်ပန်းထိုးကို လှူပြီး၍သာ၊
ဗျာဒိတ်ပန်း ဆင်မြန်း ထိုအခါ။

၁၆။ ဓမ္မဒဿီဘုရား ထင်ရှားပွင့်လာ၊
သိကြားမင်းဖြစ် လင်းသစ်ရောင်ဝါ။
စောင်းငြင်းသံဆန်း နတ်ပန်းလှူကာ၊
ဗျာဒိတ်ပန်း ဆင်မြန်း ထိုအခါ။

၁၇။ သိဒ္ဓတ္ထဘုရား ထင်ရှားပွင့်လာ၊
တရား;ပျော်မွေ့ ရသေ့ဆရာ။
ဇမ္ဗူ့သပြေသီး ယူပြီးလှူကာ၊
ဗျာဒိတ်ပန်း ဆင်မြန်းထိုအခါ။

၁၈။ တိဿဘုရား ထင်ရှားပွင့်လာ၊
မင်းဖြစ်ပါလျက် တောထွက်၍သာ။
ရသေ့ရျာန်စွမ်း နတ်ပန်းလှူကာ၊
ဗျာဒိတ်ပန်း ဆင်မြန်း ထိုအခါ။

၁၉။ ဖုဿဘုရား ထင်ရှားပွင့်လာ၊
မင်းမျိုးမင်းဆက် ဆင်းသက်ရာဇာ။
စွန့်လွှတ်ထီးနန်း ရဟန်းပြုကာ၊
ဗျာဒိတ်ပန်း ဆင်မြန်း ထိုအခါ။

၂၀။ ဝိပဿီဘုရား ထင်ရှားပွင့်လာ
နဂါးဇာတ်မျိုး တန်ခိုးဝေဖြာ။

ရွှေရောင်ဝင်းထင် အင်းပျဉ်လျှကာ၊
ဗျာဒိတ်ပန်း ဆင်မြန်း ထိုအခါ။

၂၁။ သိခီဘုရား ထင်ရှားပွင့်လာ၊
အရိန္ဒမ မင်းလုရာဇာ။
အသဒိသ ဒါနပြုကာ၊
ဗျာဒိတ်ပန်း ဆင်မြန်း ထိုအခါ။

၂၂။ ဝေဿဘူဘုရား ထင်ရှားပွင့်လာ၊
သဒ္ဒါဝင်းသစ် မင်းဖြစ်ပြန်ကာ။
ဒါနခန်းဖြင့် ရဟန်းပြုကာ၊
ဗျာဒိတ်ပန်း ဆင်မြန်း ထိုအခါ။

၂၃။ ကကုသန်ဘုရား ထင်ရှားပွင့်လာ၊
ခေမာမင်းမြတ် ဖြစ်လတ်သည်သာ။
နိဗ္ဗာန်ရည်မှန်း ရဟန်းပြုကာ၊
ဗျာဒိတ်ပန်း ဆင်မြန်း ထိုအခါ။

၂၄။ ကောဏာဂုံဘုရား ထင်ရှားပွင့်လာ၊
ပဗ္ဗတမင်း ထက်ခြင်းအာဏာ။
မဂ်ဖိုလ်တက်လှမ်း ရဟန်းပြုကာ၊
ဗျာဒိတ်ပန်း ဆင်မြန်း ထိုအခါ။

၂၅။ ကဿပဘုရား ထင်ရှားပွင့်လာ၊
ဇောတိပါလ နာမဆရာ။

မာနပယ်လှမ်း ရဟန်းပြုကာ၊
ဗျာဒိတ်ပန်း ဆင်မြန်း ထိုအခါ။

၂၆။ နှစ်ကျိပ်လေးဆူ ဖွေးဖြူဉာဏ်ဖြာ၊
ဆူဆူပွင့်သွား ဘုရားထံမှာ။
ဗျာဒိတ်ပန်းခက် လှမ်းလျက်ယူကာ၊
သဒ္ဓါစွဲ ဘာလဲယောကျ်ားငါ။

၂၇။ ဝေသံနှ်မင်းမြတ် ဖြစ်ဇာတ်မှာတွင်၊
ပါရမီပေါင်း ပြည့်ကြောင်းစုံလင်။
နတ်ပြည်နတ်နန်း ကြွလှမ်း၍ပင်၊
တရားမြတ် ပွားလတ်လောင်းတော်ရှင်။

(ကျောက်ဆည်မြို့နယ်–ကတည်းကျောင်း အရှင်ပညာဇောတ၏
မှတ်စုစာအုပ်မှ
တစ်ဆင့် ကူးယူဖော်ပြသည်။)

## နိဂုံးဆုတောင်း

ပုညေန တေန သောဟံ နိပုဏမတိ သတော သမ္ဗရာယေ
စ တိဏ္ဍော၊
ဒုက္ခော ဒိဋ္ဌိဇ္ဇုပဒော အဝိကလဝိရိယော ဘောဂဝါ
သံဝိဘာဂီ။
တိက္ခော သုရော မိတဏ္ဍော သပရဟိတ စရော ဒီဃဇီဝိ
အရောဂေါ၊
ဓညော ဝဏ္ဏော ယသဿီ အတိဗလဝ ဓရော ကိတ္တိမာ
ခန္တုပေတော။

(နမက္ကာရပါဠ်-၂၁-လုံးဘွဲ့ သဒ္ဒရာဂါထာ)


သောအဟံ - ထိုတပည့်တော်သည်၊ တေန ပုညေန-ဤသို့ ယခု ကျမ်းဂန်ပြုရ ကုသလကြောင့်၊ သမ္ဗရာယေ-နောင်ခါကပ်စရ တမလွန်ဘဝ၌၊ နိပုဏမတိ-ဖြာဖြာစုံဘိ သိမ်မွေ့သော ဉာဏ်ပညာ ရှိရသည်လည်းကောင်း၊ သတော-ရတနာသုံးပါး ကုသိုလ်တရား၌ မမေ့စွဲယုံ သတိနှင့် ပြည့်စုံရသည်လည်းကောင်း၊

တိဿော – လောဘမငွေ့ ရတတ်သရွှေဖြင့်သာ ရောင့်ရဲသုံးဆောင်နိုင်သည်လည်းကောင်း၊ ဒဏ္ဍော–စစရာရာ အဖြာဖြာ၌ မျှော်ခါထောက်စာ သိမြင်လိမ္မာရသည်လည်းကောင်း၊ ဒိဋ္ဌိဇ္ဇု ပညော – အယူဖြောင့်မတ် ကြီးမြတ်သောဉာဏ်ပညာ ရှိရသည်လည်းကောင်း၊ အဝိကလဝိရိယော–မချို့စုံဘိ သမ္မာဝါယာမ လုံ့လရှိရသည်လည်းကောင်း၊ ဘောဂဝါ–ရွှေငွေစသား များပြားစွာဘိ စည်းစိမ်ဥစ္စာ ရတနာရှိရသည်လည်းကောင်း၊ သံဝိဘာဂီ–အလှူခံအား ဝေဖန်ခွဲခြမ်း ပေးကမ်းလှူဒါန်းနိုင်ရသည်လည်းကောင်း၊ ဝိဇ္ဈော–မြမြထိန်လင်း စိန်သန့်လျက်ပမာ ထက်မြက်သောဉာဏ်ပညာရှိရသည်လည်းကောင်း၊ သုရော–ခြင်္သေ့မင်းပုံမျှ အလွန်ရဲရင့်ရသည်လည်းကောင်း၊ မိတ္တော–တောင်မြင်းမိုရ်အလား တည်ကြည်ဖြောင့်မတ်သောစိတ်နှလုံးထား ရှိရသည်လည်းကောင်း၊ သပရဟိတစရော–မိမိစီးပွား သူ့စီးပွားကို အခြားမရှိ ကောင်းစွာပိုင်ပိုင် ကျင့်ဆောင်နိုင်ရသည်လည်းကောင်း၊ ဒီဃဇီဝိ– အသက်တမ်းကျော် စွန်း၍မော်အောင် ရှည်သောအသက် ရှိရသည်လည်းကောင်း၊ အရောဂေါ–ကိုးဆယ့်ခြောက်ဖြာ အနာရောဂါမရှိရသည်လည်းကောင်း၊ ဧသော–ဂုဏ်သိန်ကျော်ခ ဘုန်းရှိရသည်လည်းကောင်း၊ ဝဏ္ဏော–အများမြင်သမျှ ရှုမဝအောင် နှပျိုလှပရုပ်အဆင်းရှိရသည်လည်းကောင်း၊ ယသဿီ–ကောင်းမြတ်ဆင့်ပွား များသောအခြံအရံ ရှိရသည်လည်းကောင်း၊

အတိဗလဝဓရော–လွန်ကဲများမြောင် အားစွမ်းကိုဆောင်နိုင်ရသည် လည်းကောင်း၊ ကိတ္တိမာ–သီလစသား ဂုဏ်အများဖြင့် ထင်ရှား ပေါ်ဘိ ကျော်စောသတင်း ရှိရသည်လည်းကောင်း၊ ခန္တုပြေတော– မြေကြီးအလား သည်းခံတရားနှင့် ပြည့်စုံရသည်လည်းကောင်း၊ ဘဝေယျံ–ဖြစ်ရပါလို၏ဘုရား။

**မှတ်ချက်။** ။ နမ့က္ကာရပါဠ်နိဿယသစ်ကျမ်းမှ ဖြစ်ပါသည်။ ဤဆုတောင်းကို အရကျက်မှတ်၍ ကုသိုလ်ကောင်းမှုပြုလုပ်တိုင်း ဆုထူးပန်ဆင် နိုင်ကြပါစေသတည်း။

● ○ ●



## နစ်ကျိုပ်ရစ်ဆူ ဗုဒ္ဓဝင်

## အထောက်အကူပြု ကျမ်းစာအုပ်များစာရင်း


၁။ နမက္ကာရပါဠ် နိဿယသစ်၊

၂။ သောတတ္ထကီကျမ်း၊

၃။ အဘိဓမ္မတ္ထ ဝိဘာဝနိဋီကာကျော်၊

၄။ သုတ်မဟာဝါ အဋ္ဌကထာ၊

၅။ အဋ္ဌသာလိနီ အဋ္ဌကထာ၊

၆။ ဇာတ်အဋ္ဌကထာ၊

၇။ သုတ်မဟာဝါ ဋီကာ၊

၈။ စရိယာပိဋက အဋ္ဌကထာ၊

၉။ အပဒါန် အဋ္ဌကထာ၊

၁၀။ ဗုဒ္ဓဝံသဋီကာ၊

၁၁။ မိနာလင်္ကာရ ဋီကာ၊

၁၂။ ဒီဃနိကာယ် အဋ္ဌကထာ၊

၁၃။ ငင်းဋီကာ၊

၁၄။ ရှေးဟောင်းဘုရားရှိခိုး

၁၅။ တိပိဋက ဝုတ္တန္တ သန္နိပနိ၊

၁၆။ သာသနာ့ရောင်ခြည် အတွဲ ၁, အမှတ် ၁၊

၁၇။ မဟာဗုဒ္ဓဝင်, ပထမတွဲ(ပထမပိုင်း)

၁၈။ မဟာဗုဒ္ဓဝင်, ပထမတွဲ(ဒုတိယပိုင်း)

၁၉။ သုဓမ္မဝတီ ဗုဒ္ဓဝင်၊

၂၀။ ဓမ္မရာသီပျို့၊

၂၁။ ရာဇောဝါဒကျမ်း၊

၂၂။ ဗုဒ္ဓဓမ္မလောကစာစောင်၊

၂၃။ သုံးပုံကူးတို့ကျမ်း၊

၂၄။ သုံးပုံဟင်းလေးကျမ်း၊

၂၅။ စွယ်စုံကျော်ထင်ကျမ်း၊

၂၆။ သုတ္တနိပါတ အဋ္ဌကထာ၊
ခဂ္ဂဝိသာဏ“ပ”သုတ်အဖွင့်၊


အရှင်ဇဝန(ပဲခူး)
နှစ်ကျိပ်ရှစ်ဆူ
ဗုဒ္ဓဝင်အကျဉ်း